# ဓမ္မခန္ဓာ (၃) "အင်မ်ရာမ်၏ မျိုးနွယ်" (အာလိ အင်မ်ရာမ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၉)၊ သုတ်ဒေသနာ အပါး (၂၀၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ ❖<br>၂း၁ | ۞**الم** (အလက်ဖ်၊ လမ်၊ မင်) ❖ |
| ၂။ | **اللهُ لا إِلَـهَ إِلاَّ هُوَ الْحَيُّ الْقَيُّومُ**۞<br>ပရမတ်ဘုရားရှင်–နိစ္စဓူဝဖြစ်တော်မူသော ထိုအရှင် မှအပ အခြားဘုရားဟူ၍ မရှိ၊ |
| ၃။<br>☆ရှေး ကျမ်း များ | **نَزَّلَ عَلَيْكَ الْكِتَابَ بِالْحَقِّ مُصَدِّقاً لِّمَا بَيْنَ يَدَيْهِ وَأَنزَلَ التَّوْرَاةَ وَالإِنجِيلَ**۞<br>အရှင်သည် သင့်အား ရှေး–လက်ရှိတို့အား☆ ဖြောင့်မှန်စေသည့် ကျမ်းတော်ကို ပရမတ္ထသစ္စာဖြင့် ချမှတ်ပေး၍ တိုရာဟ်နှင့်[၁၉၆] ဧဝံဂလိကိုလည်း[၁၉၇] ချမှတ်ပေးတော်မူပြီ၊– |
| ၄။ | **مِن قَبْلُ هُدًى لِّلنَّاسِ وَأَنزَلَ الْفُرْقَانَ إِنَّ الَّذِينَ كَفَرُواْ بِآيَاتِ اللهِ لَهُمْ عَذَابٌ شَدِيدٌ وَاللهُ عَزِيزٌ ذُو انتِقَامٍ**۞<br>၎င်းမှ လူသားတို့အတွက် လမ်းညွှန်နှင့်၊ စံနှုန်းတော်ကိုလည်း ချမှတ်ပေးခဲ့ပြီ၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖုံးကွယ်သော သူများအတွက် ပြင်းထန်သော ဝဋ်ကြွေးသည် မုချ ရှိနေ၏၊ ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် တန်ပြန်စေသောအရှင် ဖြစ်၏။ |
| ၅။ | **إِنَّ اللهَ لاَ يَخْفَى عَلَيْهِ شَيْءٌ فِي الأَرْضِ وَلاَ فِي السَّمَاء**۞<br>ကောန်ပင် မိုးများနှင့် မြေ၌ ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ ထံတော်တွင် ကွယ်ဝှက်နေခြင်း မရှိပေ။ |
| ၆။<br>✡၂း၇၀ | **هُوَ الَّذِي يُصَوِّرُكُمْ فِي الأَرْحَامِ كَيْفَ يَشَاء لاَ إِلَـهَ إِلاَّ هُوَ الْعَزِيزُ الْحَكِيمُ**۞<br>ထိုအရှင်သည် စံချိန်ပြည့်သည်နှင့်အညီ✡ သင်တို့အား ဝမ်းတိုက်တွင်း၌ သဏ္ဍာန်တည်စေ၏၊ ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်သော ထိုအရှင်မှ အပ အခြားဘုရားဟူ၍ မရှိပြီ။ |

---

**(၁၉၆) တိုရာဟ်**– ဟီဗရူး (အီဗရာနီ)စာပေအရ "ထာဝရဘုရား၏ အလိုတော် စိတ်ကြိုက်၊"ဟု အနက်ပေးပေသည်၊ လက်ရှိ သမ္မာကျမ်း စာရှိ ဓမ္မဟောင်းမှ အားလုံး အကြုံးမဝင်ပေ။

**(၁၉၇) အင်ဂျီးလ်** ဆိုသည်မှာ လက်ရှိ ဓမ္မသစ်ကျမ်းအားလုံးကို မဆိုလိုပေ၊ ထိုအနက်မှ ဧဝံဂလိ ကျမ်းများကိုသာ ဆိုလိုပေသည်၊ ထိုဧဝံဂလိ (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်–ခရစ်ဝင်ကျမ်း)များကိုပင် ဧဝံဂလိစစ်စစ်ဟု လက်ခံပေ၊ ထိုကျမ်းများ၌ လူ့လက်ရာ တည်းဖြတ် ဖြည့်စွက်ထားမှုများ ရှိနေသည်ဟု ဆိုပေသည်၊

၇။ هُوَ الَّذِيَ أَنزَلَ عَلَيْكَ الْكِتَابَ مِنْهُ آيَاتٌ مُّحْكَمَاتٌ هُنَّ أُمُّ الْكِتَابِ وَأُخَرُ مُتَشَابِهَاتٌ فَأَمَّا الَّذِينَ في قُلُوبِهِمْ زَيْغٌ فَيَتَّبِعُونَ مَا تَشَابَهَ مِنْهُ ابْتِغَاء الْفِتْنَةِ وَابْتِغَاء تَأْوِيلِهِ وَمَا يَعْلَمُ تَأْوِيلَهُ إِلاَّ اللّهُ وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ آمَنَّا بِهِ كُلٌّ مِّنْ عِندِ رَبِّنَا وَمَا يَذَّكَّرُ إِلاَّ أُوْلُواْ الأَلْبَابِ۞

အရှင်သည် သင့်အား ကျမ်းတော်ကို ချမှတ်ပေးပြီ၊ ယင်း၌ ကျမ်းတော်၏ မိခင်ရင်းမြစ် ဥပဒေ သုတ်တော်များနှင့် ထပ်ဆင့် ပမာဆောင်မှုများ ပါရှိ၏၊ စိတ်နှလုံး၌ ဘက်ဆွဲလိုသူများက မှောက်မှားတိမ်းချော်စေရန်၊ ဘက်ဆွဲ ဖွင့်ဆိုကြလျှက် ပမာဆောင်မှုနောက်သို့ လိုက်ကြကုန်၏၊ ပရမတ်ဘုရားရှင်မှ အပ ထိုပမာဆောင်မှုများကို သိနိုင်သူ မရှိပေ၊ ပညာရှိ စစ်စစ်များက "၎င်းတို့ အားလုံးသည် ကံကြမ္မာရှင်၏ထံမှ ဖြစ်ကြောင်း ကျွန်ုပ်တို့ အလုံးစုံကို ယုံကြည်ပါ၏၊"ဟု ရင့်ကျူးကြ၏၊ ပညာရှင်တို့ မှအပ ဆင်ခြင်သတိ မရှိကြချေ။[၁၉၈]

---

(၁၉၈) ကျမ်းမြတ်ကုရ်အာန်သည် **မုဟ်ကမာတွန် مُّحْكَمَاتٌ** ဟုခေါ်သည့် ပင်မရင်းမြစ် ရှင်းလင်းပြတ်သားသော ဥပဒေ သုတ်တော်များနှင့် **မုတရှာ ဗိဟာတွန် مُتَشَابِهَاتٌ** ဟု ခေါ်သည့် ပမာပေး သုတ်တော်များ ပေါင်းစပ် ဖွဲ့စည်း တင်ပြထားသည်ဟု ဤနေရာ၌ ရှင်းလင်းစွာ ပြောထားပေသည်၊ ဤအကြောင်းကို ကျမ်းတော်၏ ၁၁း၁ တွင် ရှင်းလင်းပြတ်သားသော သုတ္တန်များဖြင့် ဖွဲ့စည်းထားသော ကျမ်းတော် ဟု လည်းကောင်း၊ ၃၉း၂၃ တွင် ဥပမာ အလင်္ကာကျမ်းတော် ဟု လည်းကောင်း ဖေါ်ပြထားပေသည်။ ဤနေရာ၌ အနည်းငယ်ရှင်းပြရန် ရှိသည်မှာ ဆရာတော်တချို့က ဤသုတ်တော်၏ ရှေ့ပိုင်း "မိခင်ရင်းမြစ် ဥပဒေ သုတ်တော်များ" ဆိုသည်ကို ကောက်ယူ၍ နောက်ပိုင်း တင်ပြသော "ထပ်ဆင့် ပမာပေးမှုများ" ဆိုသည်ကို "အဓိပ္ပါယ်များပြားသော၊ ရှင်းလင်းပြတ်သားမှု မရှိသော သုတ်တော်များ"ဟု ဖွင့်ဆိုကြပေသည်။ ဤသို့ ဖွင့်ဆိုမှုမှာ လုံးဝလွဲမှားသော အယူအဆ ဖြစ်ပေသည်။ ဤကုရ်အာန်ကျမ်းတော်တွင် အဓိပ္ပါယ် မပြတ်မသားသော သုတ်တော်ဟူ၍ အလျှဉ်း မပါရှိပေ။ ဥပမာပေးသည် ဆိုခြင်းမှာ ရှင်းလင်းသည်ထက် ရှင်းလင်းစေရန် ထပ်ဆင့် ရှင်းပြခြင်းပင် ဖြစ်ပေသည်။ ဤသုတ်တော်တွင် ဖေါ်ပြသော "ပမာဆောင်မှုများ" ဆိုသည့် စကားရှေ့၌ "ထပ်ဆင့်" ဟု သုံးထားပေသည်။ ၎င်းကို အာရ်ဗီ ဘာသာဖြင့် **အုခရ္ أُخَر** ဟု ဆိုထားပြီး **အုခရ္ أُخَر** ၏ အနက်မှာ "ရှေ့မှ ဖြစ်တည်ပြီးသား၏ အတားအဆီး၊ ဘောင်၊ ကာဆီးထားခြင်း မရှိသော နောက်ဆက်တွဲ"ဟု အဓိပ္ပါယ်ကို ပေးပေသည်။ ထို့ကြောင့် ဤဘဝ (လောကီဘဝ)၏ တဆက်တည်းသော နောင်ဘဝကို ဤစကားလုံး **အာခီရတ်**ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။ တဖန် ဤသုတ်တော်တွင် ပမာဆောင်မှု ဟု သုံးသော **တရှာဗ تَشَابَ** ၏ အနက်မှာ ပုံစံတူသည်၊ သဏ္ဍာန်တူသည် ဟူသော အနက်ကို ဆောင်ပေသည် (၂း၇၀)။ ထို့ကြောင့် "မိခင်ရင်းမြစ် ဥပဒေသုတ်တော်များနှင့် ထပ်ဆင့် ပမာဆောင်မှုများ" ဆိုသည်မှာ "မိခင်ရင်းမြစ် ဥပဒေ သုတ်တော်များနှင့် တဆက်တည်း ဖြစ်သော ပုံစံတူ သုတ်တော်များ"ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ အချို့သော ဆရာတော်များက ကျမ်းတော်၏ ရှေ့နောက် ဆိုလိုချက်ကို တိကျသေရာစွာ မဖတ်ဘဲလျှက်၊ သို့မဟုတ် မိမိဆန္ဒ အလျှောက် ကိုးကားလိုမှုအတွက် ရှင်းပြချက်၏ တစ်စိတ်တစ်ပိုင်းကိုသာ စာဖတ်သူတို့အား တင်ပြကာ အခြား အစိတ်အပိုင်းကို ဖုံးကွယ်ထားပြီး ငွေကာချဲ့ ကျမ်းပြုမှုများ၊ ဂိုဏ်းကန အတွက် အသုံးချမှုများကို ဤသုတ်တော်က "စိတ်နှလုံး၌ ဘက်ဆွဲလိုသူများက (နောက်လိုက်များကို) မှောက်မှား တိမ်းချော်စေရန် ဘက်ဆွဲ ဖွင့်ဆိုကြလျှက် ပမာဆောင်မှု နောက်သို့ လိုက်ကြကုန်၏"ဟု ဆိုထားခြင်း ဖြစ်ပေသည်။ ဥပမာပေးရခြင်း အကြောင်းရင်းကို မသိဘဲလျှက် ဥပမာ၏ နောက်ကိုသာ လိုက်လျှက် ငွေကာချဲ့နေခြင်းများ မပြုကြရန်၊ ပြုသူများကိုလည်း မလိုက်နာကြရန် ဤသုတ်တော်က သွန်သင်ခြင်း ဖြစ်သည်။ "ပရမတ်ဘုရားရှင်မှ အပ ထိုပမာဆောင်မှုများကို သိနိုင်သူ မရှိပေ" ဆိုသည်မှာ ဘာသာတရားကို လေ့လာဆည်းပူးရာ၌ တရားမှန် တရားစစ်ကို လူသားများ သိမြင်စေရန် အတွက် အလွန်တရာ ပြောင်မြောက် လှပသော သွန်သင်ချက်ပင် ဖြစ်ပေသည်။ အလွန်တရာ နက်နဲသိမ်မွေ့သော ဤကျမ်းတော်၏ သွန်သင်ချက်များကို ထားဘိဦး၊ အတွေးအခေါ် ဒဿန ပြောင်မြောက်သော အဆိုအမိန့်များကိုပင် ထပ်ဆင့် ရှင်းပြသော ရှင်းလင်းချက်များ ရှိပါမှ သာမန်လူသားတို့ အဘို့ နားလည်ရ လွယ်ကူပေသည်။ အလားတူပင် ဘာသာရေး အဆိုအမိန့်များမှာလည်း ထပ်ဆင့်ရှင်းပြချက်များ ရှိနေရပေသည်။ ယခုခေတ် အခါ၌ ဘာသာတရားနှင့် ပတ်သက်၍ ရှင်းလင်းဖွင့်ဆိုသော စာအုပ်စာပေများမှာ အသိန်းအသန်း ရှိနေ၍ လူတစ်ဦးအနေဖြင့် ထိုစာအုပ်များကို ဖတ်ရှုလေ့လာရင်း ဘာသာတရား၏ မူရင်းကျမ်းဂန်ဆီသို့ ရောက်နိုင်ရန် (လေ့လာနိုင်ရန်) သက်တမ်း မမှီတော့ပေ။ ကမ္ဘာ့ ထင်ရှားသော ဘာသာကြီးတိုင်းတွင် မူရင်းကျမ်းဂန်မှာ တစ်အုပ်တည်းစီသာ (အဆိုအမိန့် များသောကြောင့် အတွဲများ ခွဲထားနိုင်သည် ဥပမာ ပိဋကတ် ကဲ့သို့) ရှိကြ၍၊ ဘာသာဝင် ကိုယ်စီမှာ မိမိတို့၏ မူရင်းကျမ်းစာကို ဖတ်နိုင်ခြင်း၊ ဖတ်ရှုလေ့လာရကောင်း မှန်းသိခြင်း၊ ဖတ်ရှုလေ့လာကြရန် တိုက်တွန်းနှိုးဆော်ခြင်းများ အလွန် အားနည်းလျှက် အသိန်းအသန်းမကသော ဘာသာရေး ရှင်းတမ်းများမှ လက်လှမ်း မှီရာကိုသာ ဖတ်ရှုကြကာ ထိုဖတ်မိသော စာအုပ်မှ အယူအဆကို ဘုရားရှင်ဟောသော အယူအဆမှန်ဟု နှလုံးပိုက်၍ သက်ဝင် ယုံကြည်နေကြရပေသည်။ ထိုသို့သော ထင်ယောင်ထင်မှား အမှန်တရား သို့မဟုတ် မိမိသိနေသော အမှန်တရား (ပကတိ အမှန်တရား ဖြစ်ချင်မှ ဖြစ်မည်)၌ ကျင်လည်နေရသော လူသားမျိုးဆက်များ၏ ဘဝများကို လွတ်မြောက်စေရန် ပရမတ်ဘုရားရှင်က တိုက်ရိုက် ဉာဏ်စဉ်ပေး သွန်သင်သည့် ကျမ်းစစ်၊ ကျမ်းရင်းများကိုသာ လေ့လာဆည်းပူးကြရန် ကျမ်းတော်က "ပရမတ်ဘုရားရှင်မှ အပ ထိုပမာဆောင်မှုများကို သိနိုင်သူ မရှိပေ" ဟု သွန်သင်ခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ပညာရှိ စစ်စစ်များက ၎င်းတို့အားလုံး (ရှင်းလင်းပြတ်သားသော သုတ်တော်များ၊ ဥပမာပေး သုတ်တော်များ)သည် ကံကြမ္မာရှင် (ပရမတ်ဘုရားရှင်)၏ ထံမှ ဖြစ်ကြောင်း ကျွန်ုပ်တို့ အလုံးစုံကို ယုံကြည်ပါ၏–ဟု ရင့်ကျူးခြင်းက ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ ပညာရှိစစ်စစ်တို့သည်၊ ကျမ်းတော်ပါ ဥပမာပေးမှုများကို နားလည်ရန်အတွက် စကားလုံး တစ်လုံးအား ဘယ်ဆရာတော်ကြီးက

| | |
|---|---|
| ၈။ | **رَبَّنَا لاَ تُزِغْ قُلُوبَنَا بَعْدَ إِذْ هَدَيْتَنَا وَهَبْ لَنَا مِن لَّدُنكَ رَحْمَةً إِنَّكَ أَنتَ الْوَهَّابُ** ۞<br>အို–ကံကြမ္မာရှင် တပည့်တော်တို့အား လမ်းညွှန်ပြီးနောက် တပည့်တော်တို့၏ နှလုံးသားများကို မတိမ်းချော်စေပါနှင့်၊ အရှင့်ထံမှ ကရုဏာတော်အားဖြင့် ချီးမြှင့်တော်မူပါ၊ အရှင်မြတ်သည် ချီးမြှင့်ရက်ရောသော အရှင် ဖြစ်ပါ၏။ |
| ၉။ | **رَبَّنَا إِنَّكَ جَامِعُ النَّاسِ لِيَوْمٍ لاَّ رَيْبَ فِيهِ إِنَّ اللّهَ لاَ يُخْلِفُ الْمِيعَادَ** ۞<br>အို–ကံကြမ္မာရှင်၊ အရှင်သည် လူသားတို့အား စုရုံးစေမည့် နေ့ကို သံသယဖြစ်ဘွယ် မရှိပါ၊ ပရမတ်ဘုရားရှင်သည် ကတိတော်အား ပေါ့လျော့စေမည် မဟုတ်ချေ။ |
| ၁၀။<br>စစ်ပွဲ၏<br>သား<br>ကောင်<br>များ | **إِنَّ الَّذِينَ كَفَرُواْ لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلاَ أَوْلاَدُهُم مِّنَ اللّهِ شَيْئًا وَأُولَـئِكَ هُمْ وَقُودُ النَّارِ** ۞<br>ကေန်ပင် ဖုံးကွယ်သူတို့၏ ဥစ္စာပစ္စည်းများ၊ သားသမီးများသည် ပရမတ်ဘုရားရှင်၏ ထံ၌ တစ်စုံတစ်ရာမျှ ပြည့်စုံလုံလောက်မည် မဟုတ်ပေ။ သူတို့သည် **မီးလောင်စာများ** ဖြစ်ကြ၏။ |
| ၁၁။<br>☆၂း၄၉ | **كَدَأْبِ آلِ فِرْعَوْنَ وَالَّذِينَ مِن قَبْلِهِمْ كَذَّبُواْ بِآيَاتِنَا فَأَخَذَهُمُ اللّهُ بِذُنُوبِهِمْ واللّهُ شَدِيدُ الْعِقَابِ** ۞<br>ဖာရိုးမင်းဆက်နှင့်☆ သူတို့မတိုင်မီလူတို့၏ အလေ့အထကဲ့သို့– သူတို့သည် ငါ၏ သုတ္တန်များကို ငြင်းဆန်ကြ၏၊ သူတို့၏ ပြစ်မှုကြောင့် ပရမတ်ဘုရားရှင်သည် သူတို့အား အရေးယူလိုက်ပြီ၊ ပရမတ်ဘုရားရှင်သည် ပြတ်သားစွာ တုန့်ပြန်စေသော အရှင် ဖြစ်၏။ |
| ၁၂။ | **قُل لِّلَّذِينَ كَفَرُواْ سَتُغْلَبُونَ وَتُحْشَرُونَ إِلَى جَهَنَّمَ وَبِئْسَ الْمِهَادُ** ۞<br>ဖုံးကွယ်သူတို့အား ဟောလော့ "သင်တို့ကို ရှုံးနိမ့်စေ၍ ငရဲဘုံနှင့် သိမ်ဖျင်းနိမ့်ကျသော အခင်းအကျင်း ထဲသို့ စုံပြုံ မောင်းထည့်မည်ပင်၊" |
| ၁၃။<br>☆၂း၇၀ | **قَدْ كَانَ لَكُمْ آيَةٌ فِي فِئَتَيْنِ الْتَقَتَا فِئَةٌ تُقَاتِلُ فِي سَبِيلِ اللّهِ وَأُخْرَى كَافِرَةٌ يَرَوْنَهُم مِّثْلَيْهِمْ رَأْيَ الْعَيْنِ**<br>**وَاللّهُ يُؤَيِّدُ بِنَصْرِهِ مَن يَشَاء إِنَّ فِي ذَلِكَ لَعِبْرَةً لَّأُوْلِي الأَبْصَارِ** ۞<br>ရင်ဆိုင်တိုက်ပွဲဖြစ်သော စစ်တပ်နှစ်ခု၌ သင်တို့အတွက် သက်သေလက္ခဏာ တစ်ရပ် အတိအကျ ရှိခဲ့၏၊ တစ်ဘက်သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ခြင်း ဖြစ်၍ နောက်တစ်ဘက်မှာ **သူတို့ထက်** နှစ်ဆ ပိုများသည်ဟု မျက်ဝါးထင်ထင် မြင်ရသော ဖုံးကွယ်မှောင်ချုမှု ဘက်မှ ဖြစ်၏၊[၁၉၉] ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မီသူအား☆ အရှင်၏ ကူညီစောင်မမှုဖြင့် အားဖြည့်တော်မူ၏၊ ကေန်ပင်– သိမြင်တတ်သူတို့အတွက် ဤ၌ သင်ခန်းစာ တစ်ရပ် ရှိနေ၏။ |
| ၁၄။ | **زُيِّنَ لِلنَّاسِ حُبُّ الشَّهَوَاتِ مِنَ النِّسَاء وَالْبَنِينَ وَالْقَنَاطِيرِ الْمُقَنطَرَةِ مِنَ الذَّهَبِ وَالْفِضَّةِ وَالْخَيْلِ** |

---

ဘယ်သို့ ဖွင့်ဆို၏ဟု ဆိုသည့်နောက်သို့ မလိုက်ဘဲ၊ ထိုဥပမာပေးမှုကို နားလည်ရန် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်စစ်စစ် ကျမ်းတော်ကိုသာ စေ့စပ်သေချာစွာ ဖတ်ခြင်း မျိုးဖြင့် ဆည်းပူးကြပေသည်။ (၃၉း၂၃) တွင်ကြည့်ပါ။

**(၁၉၉)** ဤသုတ်တော်သည် ဘဒရ်စစ်ပွဲအကြောင်းကို ကိုးကားတင်ပြခြင်း ဖြစ်ပေသည်၊ ထိုစစ်ပွဲတွင် မွတ်ဆလင်များက ရန်သူများသည် သူတို့ထက် နှစ်ဆ ဖြစ်သည်ဟု မျက်ဝါးထင်ထင် မြင်တွေ့ရသည်၊ ၎င်းသည် ၈း၄၄ ၌ "အရှင်သည် သင်တို့အား သူတို့ကို ပြသလေပြီ၊ သင်တို့ တွေ့မြင်သော အခါ သင်တို့၏ မျက်လုံး၌ **လျော့နည်းစေ၍** သူတို့မျက်လုံး၌လည်း သင်တို့ကို အနည်းငယ်ဟု ဖြစ်စေ၏၊"ဟု ဆိုသောစကားနှင့် ဆန့်ကျင်ခြင်း မရှိပေ။ ထိုစစ်ပွဲတွင် မွတ်ဆလင် အင်အား ၃၁၃ ယောက်ဖြစ်၍၊ ရန်သူ အင်အား ၁၀၀၀ ခန့် ဖြစ်ပေသည်။ မွတ်ဆလင်တို့၏ အမြင်၌ ရန်သူ အင်အားသည် မိမိတို့ထက်နှစ်ဆဟု မြင်ခြင်းကြောင့် ရန်သူ့အင်အားကို ၆၀၀ ခန့်ဟု ထင်မှတ်စေသည်၊ အမှန် တကယ်ရှိသော အင်အားထက် နည်းပေသည်၊ ထို့ကြောင့် ဤသုတ်တော်ပါ **နှစ်ဆမြင်ခြင်းသည်** ၈း၄၄ ပါ **လျော့နည်းစေသည်** ဆိုခြင်းနှင့် တိုက်ရိုက် ကိုက်ညီပေသည်။ ဤသုတ်တော်ပါ ရန်သူ အင်အားနှစ်ဆ ဆိုသည်ကို ၈း၆၆ ပါ "သင်တို့အနက် သီးခံနိုင်စွမ်းသူ တစ်ရာရှိလျှင် သူတို့သည် နှစ်ရာ အပေါ်၌ အောင်နိုင်စွမ်း၏၊ တစ်ထောင်ရှိလျှင် နှစ်ထောင်ပေါ်၌ အောင်နိုင်စွမ်း၏"ဟူသည့် စကားတော်က နားလည်မှု လွယ်ကူစေရန် ထောက်ပံ့လျက် ရှိပေသည်။

| | |
|---|---|
| | **الْمُسَوَّمَةِ وَالأَنْعَامِ وَالْحَرْثِ ذَلِكَ مَتَاعُ الْحَيَاةِ الدُّنْيَا وَاللّهُ عِندَهُ حُسْنُ الْمَآبِ۞**<br>နှစ်သက်လောက်သည့် အမျိုးသမီးများ၊ သားသမီးများ၊ ငွေကြေး ရွှေ၊ ငွေ ရတနာများ၊ လက်သပ်မွေး မြင်းများ၊ ကျွဲနွားတိရစ္ဆာန် လယ်ယာမြေများက လူသားတို့အား စုံမက်စေ၏၊ ဤသည်တို့သည် လောကီဘဝ၏ အဆောင်များသာ ဖြစ်၏၊ ပရမတ်ဘုရားရှင်– အရှင့်ထံ၌သာ အကောင်းဆုံး ပန်းတိုင်သည် ရှိနေ၏။ |
| ၁၅။<br><br><br><br>☆၂:၂၅ | **قُلْ أَؤُنَبِّئُكُم بِخَيْرٍ مِّن ذَلِكُمْ لِلَّذِينَ اتَّقَوْا عِندَ رَبِّهِمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَأَزْوَاجٌ مُّطَهَّرَةٌ وَرِضْوَانٌ مِّنَ اللّهِ وَاللّهُ بَصِيرٌ بِالْعِبَادِ۞**<br>ဟောလော့ "ဤအရာများထက် ကောင်းမြတ်သည်ကို ကျွန်ုပ် ကြေငြာရမည်လော၊ စည်းစောင့်သောသူများ အတွက် သူတို့၏ ကံကြမ္မာရှင်ထံ၌ အောက်ခင်းတွင် စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံနန်း ရှိနေ၏၊ ထို၌ သူတို့အား စံစားစေ၍ သန့်စင်သော အစုအဖေါ်များနှင့်☆ ပရမတ်ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာ ရှိနေ၏၊ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအား မြင်နေတော်မူသတည်း။" |
| ၁၆။ | **الَّذِينَ يَقُولُونَ رَبَّنَا إِنَّنَا آمَنَّا فَاغْفِرْ لَنَا ذُنُوبَنَا وَقِنَا عَذَابَ النَّارِ۞**<br>"အို ကံ–ကမ္မာရှင် တပည့်တော်တို့ ယုံကြည်ပါ၏၊ တပည့်တော်တို့အား မှားကြွေးများမှ လွတ်ငြိမ်းစေ၍ အပူဝဋ်ကြွေးမှ ကာကွယ်တော်မူပါ၊"ဟု လျှောက်ထားသူများမှာ– |
| ၁၇။ | **الصَّابِرِينَ وَالصَّادِقِينَ وَالْقَانِتِينَ وَالْمُنفِقِينَ وَالْمُسْتَغْفِرِينَ بِالأَسْحَارِ۞**<br>ခန္တီပါရမီရှိသူ၊ ပြုပြင်ပြောင်းလဲသူ၊ နာခံသူ၊ အလှူဒါနပြုသူ၊ နံနက်အာရုဏ်၌ လွတ်ငြိမ်းဆုတောင်းသူများ ဖြစ်ကြ၏။ |
| ၁၈။<br><br>☆၂:၃၀ | **شَهِدَ اللّهُ أَنَّهُ لاَ إِلَـهَ إِلاَّ هُوَ وَالْمَلاَئِكَةُ وَأُوْلُواْ الْعِلْمِ قَآئِمَاً بِالْقِسْطِ لاَ إِلَـهَ إِلاَّ هُوَ الْعَزِيزُ الْحَكِيمُ۞**<br>ပရမတ်ဘုရားရှင်ကိုယ်တိုင်နှင့် နိမိတ်ဆောင်များ☆ သဘာရင့်ပညာရှင်များ၊ သမာဓိမြဲမြံသူများက အရှင်မြတ်မှ အပ အခြားဘုရားဟူ၍ မရှိကြောင်း သက်သေတည်၏၊ ဘုန်းတော်ရှင် အဆုံးအဖြတ်ရှင် ဖြစ်သော အရှင်မြတ်မှ အပ အခြား ဘုရားဟူ၍ မရှိပြီ။ |
| ၁၉။<br><br>အစ္စလာမ် | **إِنَّ الدِّينَ عِندَ اللّهِ الإِسْلاَمُ وَمَا اخْتَلَفَ الَّذِينَ أُوْتُواْ الْكِتَابَ إِلاَّ مِن بَعْدِ مَا جَاءهُمُ الْعِلْمُ بَغْيًا بَيْنَهُمْ وَمَن يَكْفُرْ بِآيَاتِ اللّهِ فَإِنَّ اللّهِ سَرِيعُ الْحِسَابِ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်၏ ထံ၌ စစ်မှန်သော သာသနာမှာ **သန္တိသုခလမ်းစဉ်ပင်**[၂၀၀] ဖြစ်၏၊ အသိပညာ ရောက်ရှိပြီးနောက် အချင်းချင်း မနာလိုမှုကြောင့် ကျမ်းပေးခံရသူများအကြား ကွဲလွဲခြင်း ဖြစ်၏၊ ပရမတ်ဘုရားရှင်၏ သုတ္တန်များကို ဖုံးကွယ်သော မည်သူ့ကိုမဆို ကေန်ပင် ပရမတ်ဘုရားရှင်သည် ချက်ချင်းလက်ငင်း စရင်းရှင်းတော်မူသော အရှင် ဖြစ်၏။ |
| ၂၀။ | **فَإنْ حَآجُّوكَ فَقُلْ أَسْلَمْتُ وَجْهِيَ لِلّهِ وَمَنِ اتَّبَعَنِ وَقُل لِّلَّذِينَ أُوْتُواْ الْكِتَابَ وَالأُمِّيِّينَ أَأَسْلَمْتُمْ فَإِنْ أَسْلَمُواْ فَقَدِ اهْتَدَواْ وَّإِن تَوَلَّوْاْ فَإِنَّمَا عَلَيْكَ الْبَلاَغُ وَاللّهُ بَصِيرٌ بِالْعِبَادِ۞**<br>သင့်အား စောဒကတက်ကြလျှင် "ကျွန်ုပ်သည် ပရမတ်ဘုရားရှင်အား ရှေးရှု၍ ငြိမ်းချမ်းမှုကို ပြု၏၊ ကျွန်ုပ်၏ ဒကာ |

(၂၀၀) အစ္စလာမ်ဆိုသည်မှာ–ငြိမ်းချမ်းခြင်း၊ အပ်နှံနာခံခြင်းဟု အဓိပ္ပါယ်ကိုပေးသည့် **ဆလမ** မှ ဆင်းသက်လာခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် အစ္စလာမ်ကို ဤနေရာ၌ သန္တိသုခလမ်းစဉ် (အေးငြိမ်းမှုအတိလမ်းစဉ်)ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ကျမ်းတော်က ဤလမ်းစဉ်သည် ကမ္ဘာစဉ်ဆက် ပွင့်ပေါ်တော်မူခဲ့သည့် လူသား ပညတ်ဘုရားအားလုံး၏ မူလဘူတ ဒေသနာတော်ဟူ၍ တိကျပြတ်သားစွာ ဆိုထားပေသည်။ လက်ရှိ ခေတ်ကမ္ဘာတွင် ကိုယ်တော် မုဟမ္မဒ်သယ်ဆောင် သွန်သင်တော်မူသော သာသနာကို ခေါ်ပေသည်။ ကျမ်းဂန်ရသူများ သို့မဟုတ် ပညတ်ဘုရားများ ပွင့်ပေါ်ရာ ပရဝုဏ်အသိုင်းအဝိုင်းမှ လူသားများသည် သူတို့၏ အချင်းချင်း မနာလိုမှု ဝန်တိုမှုများကြောင့်သာ လမ်းစဉ်အမျိုးမျိုး နည်းအဖုံဖုံ ကွဲလွဲခဲ့ရခြင်း ဖြစ်ကြောင်း မူလဘူတ တရားဒေသနာတော်မှာ အတူတူပင်ဖြစ်ကြောင်း ရှင်းလင်းစွာ ပြောထားပေသည်။

| | |
|---|---|
| | များသည်လည်း အတူတူပင်၊”ဟု ဟောကြားလော့၊ ကျမ်းပေးခံရသူများနှင့် စာပေကင်းကွာ သူတို့အား “သင်တို့သည် ငြိမ်းချမ်းရေးကို ရည်သန်သလော၊” အကယ်၍ ငြိမ်းချမ်းစေလိုကြလျှင် လမ်းညွှန်မှန်ကို လိုက်နာသူ မည်၏၊ လှည့်သွားကြလျှင်– သင်၏ ဝန်တာမှာ ဓမ္မကိုရင့်သန်စေရန်သာ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များကို မြင်နေတော်မူ၏။ |
| ၂၁။ | **إِنَّ الَّذِينَ يَكْفُرُونَ بِآيَاتِ اللّهِ وَيَقْتُلُونَ النَّبِيِّينَ بِغَيْرِ حَقٍّ وَيَقْتُلُونَ الِّذِينَ يَأْمُرُونَ بِالْقِسْطِ مِنَ النَّاسِ فَبَشِّرْهُم بِعَذَابٍ أَلِيمٍ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်၏ သုတ္တန်တော်များကို ဖုံးကွယ်လျှက်၊ သတင်းတော်ဆောင်များအား သစ္စာမဲ့စွာ လုပ်ကြံသူများ၊ လူသားတို့ကြား တရားမျှတစွာ စီမံသူတို့အား သတ်ဖြတ်သူများ၏ ထံသို့ စူးနစ်သော ဝဋ်ကြွေး အကြောင်းသတင်းကောင်းကို ပါးလော့။[၂၀၁] |
| ၂၂။ | **أُولَـئِكَ الَّذِينَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالآخِرَةِ وَمَا لَهُم مِّن نَّاصِرِينَ۞**<br>သူတို့၏ ကျင့်ကြံမှုသည် ဤဘဝ နောင်ဘဝ၌ အရာမထင်ပေ၊ သူတို့အတွက် ကူညီမည့်သူ မရှိချေ။ |
| ၂၃။ | **أَلَمْ تَرَ إِلَى الَّذِينَ أُوْتُواْ نَصِيبًا مِّنَ الْكِتَابِ يُدْعَوْنَ إِلَى كِتَابِ اللّهِ لِيَحْكُمَ بَيْنَهُمْ ثُمَّ يَتَوَلَّى فَرِيقٌ مِّنْهُمْ وَهُم مُّعْرِضُونَ۞**<br>ကျမ်းစာ တစ်စိတ်တစ်ပိုင်းမျှ ပေးခံရသူများအား သင် မသုံးသပ်မိသလော၊ သူတို့အကြား စီရင်ဆုံးဖြတ်ရန် အလို့ငှာ ပရမတ်ဘုရားရှင်၏ ကျမ်းတော်ဆီသို့ ဖိတ်ခေါ်သော အခါ၊ ထို့နောက် သူတို့မှ တစ်စုသည် လှည့်သွားကြကုန်၏၊ သူတို့သည် ခေါင်းရှောင်သူများ ဖြစ်ကြ၏။ |
| ၂၄။<br>☆ ၂း၈၀ | **ذَلِكَ بِأَنَّهُمْ قَالُواْ لَن تَمَسَّنَا النَّارُ إِلاَّ أَيَّامًا مَّعْدُودَاتٍ وَغَرَّهُمْ فِي دِينِهِم مَّا كَانُواْ يَفْتَرُونَ۞**<br>ယင်းမှာ– “ငရဲမီးသည် ကျွန်ုပ်တို့အား ရေတွက်ထားသော ရက်ကာလမှအပ ထိကပ်မည် မဟုတ်၊”ဟု☆ ဆိုခြင်းကြောင့်၊ သူတို့၏ သာသနာရေး၌ သူတို့၏ လုပ်ကြံမှုများက မြှူဆွယ်ထားခြင်း ဖြစ်၏။ |
| ၂၅။ | **فَكَيْفَ إِذَا جَمَعْنَاهُمْ لِيَوْمٍ لاَّ رَيْبَ فِيهِ وَوُفِّيَتْ كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لاَ يُظْلَمُونَ۞**<br>သံသယဖြစ်ဘွယ် အလျှဉ်းမရှိ၊ သူတို့ကို စုရုံးမည့် ရက်ကာလ၌ မည်သို့ ဖြစ်ကြအံ့နည်း၊ ဉာဉ်စရိုက်ကိုယ်စီ ကျင့်ဆောင်ခဲ့သမျှ အပြည့်အဝ ရစေမည်၊ သူတို့အား မတရားဆောင်ရွက်မည် မဟုတ်ချေ။ |
| ၂၆။<br>၂း၇၀ | **قُلِ اللَّهُمَّ مَالِكَ الْمُلْكِ تُؤْتِي الْمُلْكَ مَن تَشَاء وَتَنزِعُ الْمُلْكَ مِمَّن تَشَاء وَتُعِزُّ مَن تَشَاء وَتُذِلُّ مَن تَشَاء بِيَدِكَ الْخَيْرُ إِنَّكَ عَلَىَ كُلِّ شَيْءٍ قَدِيرٌ۞**<br>ရင့်ကျူးလော့ “အို ပရမတ်ဘုရားရှင်၊ ဩဇာအာဏာ ပိုင်စိုးသောအရှင်၊ အရှင်သည် **စံချိန်ပြည့်သူအား** ဩဇာအာဏာကို ပေးတော်မူ၍၊ **စံချိန်သတ်မှတ်သည့်အတိုင်း** တန်ခိုးအာဏာကို ပြန်လည် ရုပ်သိမ်းပါ၏၊ **စံချိန်ပြည့်သူအား** ဘုန်းတန်ခိုးကို ပေး၍၊ **စံချိန်သတ်မှတ်သည့်အတိုင်း** အသရေပျက်စေပါ၏၊ ကောင်းမြတ်ခြင်း အပေါင်းသည် အရှင်၏ လုပ်ပိုင်ခွင့်၌ ရှိတော်မူပါ၏၊ အရှင်သည်သာ ခပ်သိမ်းကုန်အား စည်းချိန် ပြဋ္ဌာန်းတော်မူပါ၏၊” |

(၂၀၁) ဤသုတ်တော်တွင် “လူသားတို့အကြား တရားမျှတစွာ မိန့်ဆိုသူများ” ဆိုသည်မှာ မည်သည့် ဘာသာဝင်မှ ဖြစ်ရမည်ဟု မဆိုထားချေ၊ ထို့ကြောင့် အစ္စလာမ် ဘာသာဝင်များ အနေဖြင့် လူမျိုးစုံနေထိုင်သည့် ယာဉ်ကျေးသိမ်မွေ့သော မြို့ပြ လူ့ဘောင် အသိုင်းအဝိုင်းတွင် လူသား အချင်းချင်း အကြား တရားမျှတစွာ ပြုမူဆက်ဆံသော မည်သည့် ခေါင်းဆောင်ကို မဆို၊ မျိုးနွယ် ဘာသာ အသားအရောင် ကျား မ အသင်းအဖွဲ့ ခွဲခြားမှု မရှိဘဲ နာခံရမည် ထောက်ခံရမည် ဖြစ်သည်၊ ထိုသို့သော ပုဂ္ဂိုလ်များအား သတ်ခြင်း၊ လုပ်ပိုင်ခွင့်ကို သတ်ခြင်း၊ ပစ်ပါယ်ခြင်းများသည် သာသနာ့ သွန်သင်ချက်နှင့် မကိုက်ညီပေ။

| | |
|---|---|
| ၂၇။ | تُولِجُ اللَّيْلَ فِي الْنَّهَارِ وَتُولِجُ النَّهَارَ فِي اللَّيْلِ وَتُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَتُخْرِجُ الَمَيَّتَ مِنَ الْحَيِّ وَتَرْزُقُ مَن تَشَاء بِغَيْرِ حِسَابٍ ۞<br>"အရှင်သည် နေ့ကို ညထဲသို့ တိုးဝင်စေ၏၊ ညကို နေ့ထဲသို့ တိုးဝင်စေ၏၊ သေခြင်းမှ ရှင်ခြင်းကို ထုတ်ယူတော်မူပါ၏၊ ရှင်ခြင်းမှ သေခြင်းကို ထုတ်ယူတော်မူပါ၏၊ စံချိန်ပြည့်သူအား အတိုင်းအဆမရှိ ပြည့်စုံစေပါ၏၊"[၂၀၂] |
| ၂၈။<br><br>ရန်သူများမှ | لاَّ يَتَّخِذِ الْمُؤْمِنُونَ الْكَافِرِينَ أَوْلِيَاء مِن دُوْنِ الْمُؤْمِنِينَ وَمَن يَفْعَلْ ذَلِكَ فَلَيْسَ مِنَ اللّهِ فِي شَيْءٍ إِلاَّ أَن تَتَّقُواْ مِنْهُمْ تُقَاةً وَيُحَذِّرُكُمُ اللّهُ نَفْسَهُ وَإِلَى اللّهِ الْمَصِيرُ ۞<br>ယုံကြည်သူများသည် ယုံကြည်သူချင်းဆန့်ကျင်၍ ဖုံးကွယ်သူတို့အား ရဲဘော်ရဲဘက်မပြုစေရ၊[၂၀၃] ပြုကျင့်သူ မည်သူဆို ပရမတ်ဘုရားရှင်ထံမှ ပတ်သက်မှု စိုးစဉ်းမျှ မရှိပေ။ သို့သော်[၂၀၄] သင်တို့ကိုယ်သင်တို့ **သူတို့မှ** ကာကွယ်သင့်၏ ပရမတ်ဘုရားရှင်၊ အရှင်၏ စရိုက်တော်သည် သင်တို့အား သတိပေးနေ၏၊ ပရမတ်ဘုရားရှင် ထံသို့သာ နောက်ဆုံး ဆိုက်ရောက်ရမည်ပင်။ |
| ၂၉။ | قُلْ إِن تُخْفُواْ مَا فِي صُدُورِكُمْ أَوْ تُبْدُوهُ يَعْلَمْهُ اللّهُ وَيَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ ۞<br>ဟောလော့၊ "သင်တို့၏ ရင်တွင်း၌ ဖုံးထားရာ သို့မဟုတ် ဖွင့်အံရာကို ပရမတ်ဘုရားရှင်က သိနေတော်မူ၏၊ အရှင်သည် မိုးများနှင့် မြေ၌ ရှိသည်များကို သိနေတော်မူ၏၊ ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန် ပြဋ္ဌာန်းတော်မူ၏။" |
| ၃၀။ | يَوْمَ تَجِدُ كُلُّ نَفْسٍ مَّا عَمِلَتْ مِنْ خَيْرٍ مُّحْضَرًا وَمَا عَمِلَتْ مِن سُوَءٍ تَوَدُّ لَوْ أَنَّ بَيْنَهَا وَبَيْنَهُ أَمَدًا |

---

(၂၀၂) သုတ်တော် (၂၆) ၌ အခွင့်အာဏာအား လူမျိုးတစ်မျိုးမှ အခြား လူမျိုးတစ်မျိုးကို လွှဲပြောင်းပေးကြောင်း ဖေါ်ပြထားပေသည်။ ကျမ်းတော်က ပြောသည့် လူမျိုး ဆိုသည်မှာ လမ်းစဉ်တစ်ခုကို လက်ခံ၊ ကျင့်သုံးသော အုပ်စုတစ်စု ဖြစ်ပေသည်။ ယခုခေတ်အခါတွင် နေရှင်ဝါဒကို လက်ခံ ယုံကြည်သူ၊ ဆိုရှယ်လစ်ဝါဒကို လက်ခံယုံကြည်သူ၊ ဒီမိုကရေစီဝါဒကို လက်ခံယုံကြည်သူ စသည်ဖြင့် လက်ခံယုံကြည်သော ဝါဒအုပ်စု (အွန်မတ်)ကို ဆိုလို၍ မွေးဘွားရာဇာတိ မျိုးနွယ်ဇစ်မြစ်ကို ကိုယ်စားမပြုပေ။ အစ္စလာမ်သာသနာကို လက်ခံယုံကြည်သူများတွင် လူမျိုးစုံ၊ ဒေသစုံ၊ အသားအရောင်အစုံမှ လူသားများ ပါဝင်ပေသည်။ ခရစ်ယာန် ဆရာတော် ရော့ဒ်ဝဲလ်က ဤသုတ်တော် (၂၇)သည် ကုရ်အာန်ကျမ်းတော်ကို စီစဉ်ရာ၌ မွတ်ဆလင်များ အနေဖြင့် နေရာမှားကာ စီစဉ်ထားသည်ဟု ထင်မှတ်သုံးနှုန်း ဖွင့်ဆိုထားခြင်းမှာ လုံးဝ မှားယွင်းပေသည်။ အထက်သုတ်တော် ၂၆ နှင့် တိုက်ရိုက် ဆက်စပ်နေကြောင်းကို ဆရာတော် သတိမထားမိခြင်းသာ ဖြစ်ပေသည်။ အထက်ပါသုတ်တော်တွင် ဂုဏ်သိက္ခာမဲ့နေသော၊ ဩဇာအာဏာမဲ့နေသော အစ္စလာမ်များအား အခွင့်အာဏာအား လွှဲပြောင်းပေးမည့် နိမိတ်ကို ပြောထားပြီးဖြစ်၍ ဤသုတ်တော်ပါ "နေ့ကို ဖြတ်သန်း၍ ညကို ဖြစ်စေ၏၊ ညကိုဖြတ်သန်း၍ နေ့ကိုဖြစ်စေ၏၊ သေရှင်းမှ ရှင်ခြင်းကို ထုတ်ယူတော်မူ၏၊ ရှင်ခြင်းမှ သေခြင်းကို ထုတ်ယူတော်မူ၏၊" ဆိုသည်မှာ ၎င်းတို့အား လွှမ်းမိုးထားသော ရောမအင်ပါယာ၏ ဩဇာတည်းဟူသည့် နေ့အား အင်ပါယာ ဆုတ်ယုတ် ပြိုကွဲရမှုတည်းဟူသည့် ညကို ဖြစ်စေကာ၊ သူ့ကျွန်ဘဝသို့ရောက်ကာ အမှောင်ကျနေရသော အစ္စလာမ်တို့အား ဂုဏ်ရောင်ထည်ဝါခြင်း ဟူသည့် နေ့ကာလ ဖြစ်ပေါ်စေခြင်းကို တင်စားပြောဆိုခြင်း ဖြစ်ပေသည်။ ဤအကြောင်းအရာကို ကိုယ်တော် ယေရှုကိုယ်တိုင်က ကြိုတင် နိမိတ်ဖတ်ထားသည်မှာ "ထို့ကြောင့် ငါဆိုသည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို သင်တို့မှ နုတ်၍ နိုင်ငံတော်၏ အသီးကို သီးအံ့သော လူမျိုးအား ပေးလတံ့၊"ဟု ဖြစ်သည်၊ (မဿဲ ၂၁း၄၃)၊ ထိုအကြောင်း အရာကို ကုရ်အံကျမ်းတော်၏ ၄း၅၄ တွင် ကိုယ်တော်အီဗရာဟီးမ် (၂း၁၂၄)၏ သားမြေးများအား ထည်ဝါသော နိုင်ငံတော်အား အပ်နှင်းမည် ဟု တိုက်ရိုက် ဆိုထားပေသည်။

(၂၀၃) ဤပညတ်တော်သည် အစ္စလာမ် သာသနာဝင်တို့အား မျိုးပြုတ်သုတ်သင် စစ်မက်တိုက်ခိုက်နေသော ရန်သူများကိုသာ ရဲဘော်ရဲဘက် အဖြစ် မသတ်မှတ်ရဟု ပညတ်ခြင်း ဖြစ်၍၊ အစ္စလမ်မဟုတ်သူ အားလုံးကို ရန်သူ အဖြစ်သတ်မှတ်ကာ ထိုလူသားများကို မပေါင်းသင်းရဟု တားမြစ်ထားခြင်း လုံးဝ မဟုတ်ပေ၊ အထက်ပါ သုတ်တော်နှစ်ခုက ဝါဒအားပြိုင်၍ အာဏာ လွှန်ဆွဲသော အကြောင်းအရာကို ပြောထားပြီးဖြစ်၍ ဤသုတ်တော်က စစ်မက် ဖြစ်ပွားနေသော ကာလများအတွင်း ရန်၊ ငါ စည်းပြတ်ရန် ပြောကြားခြင်း ဖြစ်ပေသည်၊ မိမိတို့အား မတိုက်ခိုက်သော၊ ပျက်စီးရာ ပျက်စီးကြောင်း မကြံစီသော၊ အသိုင်းအဝိုင်းကောင်း မိတ်ဆွေကောင်းများကို လွတ်လပ်စွာ ပေါင်းသင်းခွင့် ရှိ၍ မိမိတို့အားတိုက်ခိုက် သုတ်သင်သော သူများကိုသာ မပေါင်းသင်းရကြောင်း ဖြစ်ပေသည် ၎င်းကို (၆၀း၈၊ ၉)တွင် ထင်ရှားရှင်းလင်းစွာ တွေ့နိုင်ပေသည်။

(၂၀၄) သို့သော်--- **إِلاَّ အိလာ** ကိုသုံးထားသောကြောင့် သီးခြားဝါကျဖြစ်သည်။ (၂း၃၀)

| | |
|---|---|
| | بَعِيدًا وَيُحَذِّرُكُمُ اللّهُ نَفْسَهُ وَاللّهُ رَؤُوفُ بِالْعِبَادِ۞<br>ဉာဉ်စရိုက်ကိုယ်စီ၊ ပြုခဲ့သမျှ ကောင်းမှုနှင့် ပြုခဲ့သမျှ အကုသိုလ်အား ဆုံရသောကာလတွင်– သူ၏ကြား ၎င်း၏ ကြား၌ အလှမ်းဝေးလိုကြမည်၊ ပရမတ်ဘုရားရှင်– အရှင်၏ စရိုက်တော်သည် သင်တို့အား သတိပေးနေ၏၊ ပရမတ် ဘုရားရှင်သည် အမှုတော်ဆောင်များကို သက်ညှာတော်မူ၏။ |
| ၃၁။ | قُلْ إِن كُنتُمْ تُحِبُّونَ اللّهَ فَاتَّبِعُونِي يُحْبِبْكُمُ اللّهُ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ وَاللّهُ غَفُورٌ رَّحِيمٌ۞<br>ဟောလော့ "သင်တို့သည် ပရမတ်ဘုရားရှင်အား မြတ်နိုးကြလျှင် ကျွန်ုပ်၏နောက်သို့ လိုက်လော့၊ ပရမတ်ဘုရား ရှင်သည် သင်တို့အား မြတ်နိုးလိမ့်မည်၊ သင်တို့၏ မှားကြွေးများကို လွတ်ငြိမ်းစေလိမ့်မည်၊ ပရမတ်ဘုရားရှင်သည် ခွင့်လွှတ်သောအရှင် ကြင်နာသောအရှင် ဖြစ်၏။" |
| ၃၂။ | قُلْ أَطِيعُواْ اللّهَ وَالرَّسُولَ فإِن تَوَلَّوْاْ فَإِنَّ اللّهَ لاَ يُحِبُّ الْكَافِرِينَ۞<br>ဟောလော့ "ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား နာခံကြလော့၊ အကယ်၍ ဘက်လှည့်ကြလျှင်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူများအား နှစ်သက်မှု မရှိချေ။" |
| ၃၃။ | إِنَّ اللّهَ اصْطَفَى آدَمَ وَنُوحًا وَآلَ إِبْرَاهِيمَ وَآلَ عِمْرَانَ عَلَى الْعَالَمِينَ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် အာဒံ၊ နူးဟ်၊ အီဗရာဟီးမ်၏ မျိုးဆက်များ၊ အင်မရမ်၏ မျိုးဆက်များအား လောကခပ်သိမ်းထက်ဝယ် ရွေးကောက်တော်မူ၏။[၂၀၅] |
| ၃၄။ | ذُرِّيَّةً بَعْضُهَا مِن بَعْضٍ وَاللّهُ سَمِيعٌ عَلِيمٌ۞<br>အချင်းချင်း သားမြေးစဉ်ဆက် ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။ |
| ၃၅။ | إِذْ قَالَتِ امْرَأَةُ عِمْرَانَ رَبِّ إِنِّي نَذَرْتُ لَكَ مَا فِي بَطْنِي مُحَرَّرًا فَتَقَبَّلْ مِنِّي إِنَّكَ أَنتَ السَّمِيعُ الْعَلِيمُ۞<br>အင်မရမ်၏မျိုးနွယ် အမျိုးသမီးတစ်ဦးက[၂၀၆] "အို–ကံကြမ္မာရှင် တပည့်တော်မသည် ဝမ်းကြာတိုက်တွင်းမှ အရာ အား အရှင့်အတွက် အနှောင်အဖွဲ့ကင်းစွာ ရည်သန်ပါ၏၊ တပည့်တော်မအား အဓိဋ္ဌာန် ပြည့်စေတော်မူပါ၊ ကေန်ပင် အရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်ပါ၏"ဟု ဆုပန်၏။ |
| ၃၆။ | فَلَمَّا وَضَعَتْهَا قَالَتْ رَبِّ إِنِّي وَضَعْتُهَا أُنثَى وَاللّهُ أَعْلَمُ بِمَا وَضَعَتْ وَلَيْسَ الذَّكَرُ كَالأُنثَى وَإِنِّي سَمَّيْتُهَا مَرْيَمَ وِإِنِّي أُعِيذُهَا بِكَ وَذُرِّيَّتَهَا مِنَ الشَّيْطَانِ الرَّجِيمِ۞<br>သို့ဖြင့် သူမသည် မီးဖွားသန့်စင်သောအခါ "အို–ကံကြမ္မာရှင် တပည့်တော်မသည် မိန်းကလေးကို ဖွားမြင်ပါ၏၊ |

**(၂၀၅)** အာဒံ (၂း၃၁)၊ အီဗရာဟီးမ် (၂း၁၂၄)တွင်ကြည့်ပါ။ နူးဟ် ကိုယ်တော်၏ အကြောင်းကို ကျမ်းတော်တွင် ၄၃ ကြိမ်ဖော်ပြပြီး အထင်ရှားဆုံး ဖြစ်ရပ်မှာ ထိုကိုယ်တော်၏ လက်ထက်၌ ကမ္ဘာကြီးအား ရေလွှမ်းမိုးခြင်းဟူသည့် ရာဇဝင်ပင် ဖြစ်သည်။ ကိုယ်တော်အား သမ္မာကျမ်းစာတွင် "နောဧ" ဟု ခေါ်တွင်သည်။ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့၏ ရာဇဝင်များတွင် မနူဟာမင်းကြီးလက်ထက်၌ ကမ္ဘာကြီးအား ရေလွှမ်းမိုး ခဲ့သည်ဟု ဆိုကြသည်။ ဤသို့ ထင်ရှားသည့် ဖြစ်ရပ်မျိုး တိုက်ဆိုင်နေသည်ကို ဘာသိဘာသာ မထားဘဲ သုတေသနပြု စူးစမ်းလေ့လာသင့်ပေသည်။
ကိုယ်တော် အင်မရမ်၏ အမည်ကို ကျမ်းတော်တွင် သုံးကြိမ် (၃း၃၂၊၃၃။ ၆၆း၁၂)တွင် ဖော်ပြထားသည်ကို တွေ့ရပြီး ဆရာတော်ကြီး အများစုက ကိုယ်တော်မူဆာ (မောရှေ)နှင် ဟာရွန် (အာရွန်)တို့၏ အဆက်အနွယ် ဖြစ်သည်ဟု ဆိုပေသည်။ ထိုအဆိုကို ဆက်လက်ဖော်ပြပါ သုတ်တော်ကလည်း အတည်ပြုထားပေသည်။

**(၂၀၆) အင်မ်ရအတ် امْرَأَةُ** ၏ အဓိပ္ပါယ်မှာ အမျိုးသမီးဟု ဖြစ်၍ ဇနီးမိန်းမ ဟုလည်း ဖြစ်ပေသည်၊ ဤနေရာ၌ **အင်မ်ရအတု အင်မ် ရမ် امْرَأَةُ عِمْرَانَ** ကို အင်မရမ်၏မျိုးနွယ် အမျိုးသမီးတစ်ဦး ဟု ပြန်ဆိုခြင်းမှာ အထက်ဖော်ပြပါ သုတ်တော် အမှတ် ၃၂နှင့် ကိုက်ညီစေရန် ဖြစ်ပေသည်။ အဆိုပါ သုတ်တော်တွင် အင်မရမ်၏ မျိုးဆက်များမှာ ရွေးကောက်ခံရသူများ ဖြစ်သည်ဟု ဆိုထားပေသည်၊ ကျမ်းတော်တွင် ဂုဏ်ပေး၍ ဖော်ပြခံရသူများမှာ ရွေးကောက် ခံရသူများ ဖြစ်ပေသည်။ ယခု မာရိ၏ မိခင်လောင်း ဖြစ်သော အမျိုးသမီးမှာလည်း အရှင်၏ ရွေးကောက်ခံရသူများ အနက် တစ်ဦးအပါအဝင် ဖြစ်ပေသည်။ သူမသည် အင်မ်ရမ်ကိုယ်တော်၏ ဇနီးလည်း ဖြစ်ပေသည်၏ (၆၆း၁၂)။

| | |
|---|---|
| ☆၂း၃၆ | ပရမတ်ဘုရားရှင်သည် သူမ၏ မီးဖွားသန့်စင်မှုကို အသိဆုံး ဖြစ်တော်မူ၏၊[၂၀၇] ယောကျ်ားလေးသည် မိန်းကလေး ကဲ့သို့ မဟုတ်ပါ၊ တပည့်တော်မသည် သူမအား မာရိဟု အမည်ပေးပါ၏၊ သူမနှင့် သူမ၏ သားစဉ်မြေးဆက်တို့အား[၂၀၈] ကြဉ်ပါယ်ခံရသော[၂၀၉] မကောင်းဆိုးဝါးတို့မှ☆ အကာအကွယ်ရရန် အရှင့်ထံ၌ အပ်နှံပါ၏။'' |
| ၃၇။<br><br><br><br><br>✡၂း၇၀ | فَتَقَبَّلَهَا رَبُّهَا بِقَبُولٍ حَسَنٍ وَأَنبَتَهَا نَبَاتًا حَسَنًا وَكَفَّلَهَا زَكَرِيَّا كُلَّمَا دَخَلَ عَلَيْهَا زَكَرِيَّا الْمِحْرَابَ وَجَدَ عِندَهَا رِزْقاً قَالَ يَا مَرْيَمُ أَنَّى لَكِ هَذَا قَالَتْ هُوَ مِنْ عِندِ اللّهِ إنَّ اللّهَ يَرْزُقُ مَن يَشَاء بِغَيْرِ حِسَابٍ ۞<br>သို့ဖြင့် သူမ၏ကံကြမ္မာရှင်သည် သူမအား ကောင်းသော လက်ခံခြင်းဖြင့် လက်ခံတော်မူ၍ ကောင်းစွာ အရွယ်ရောက်ခြင်းဖြင့် အရွယ်ရောက်စေလျှက် ဇက္ကရီယာ၏[၂၁၀] ထိန်းကျောင်းမှုအောက်၌ ထားခဲ့ပြီ။ ဇက္ကရီယာသည် စခန်းသို့ ဝင်လေတိုင်း သူမထံ၌ အစားအသောက်များကို တွေ့ရ၍၊ ''အို–မာရိ သင့်အတွက် ဤအရာမှာ အဘယ်က လာသနည်း၊''ဟု ဆိုသော် သူမက ''ထိုအရာကား ပရမတ်ဘုရားရှင်၏ ထံမှတည်း။ ကေန်ပင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား✡ အတိုင်းအဆမရှိ ရိက္ခာထောက်သည်၊''ဟု ပြန်ပြော၏။ [၂၁၁] |
| ၃၈။ | هُنَالِكَ دَعَا زَكَرِيَّا رَبَّهُ قَالَ رَبِّ هَبْ لِي مِن لَّدُنْكَ ذُرِّيَّةً طَيِّبَةً إِنَّكَ سَمِيعُ الدُّعَاء ۞<br>ထိုနေရာ၌ ဇက္ကရီယာသည် သူ၏ကံကြမ္မာရှင်ထံ ဆုပန်၍''အို–ကံကြမ္မာရှင်၊ အရှင်၏ ထံတော်မှ သန့်စင်သော သားသမီးရတနာ တပည့်တော်အား ပေးတော်မူပါ၊ အရှင်သည် ဆုတောင်းပတ္တနာများအား ကြားနေသော အရှင်ဖြစ်ပါသည်၊''ဟု ရင့်ကျူး၏။[၂၁၂] |
| ၃၉။ | فَنَادَتْهُ الْمَلآئِكَةُ وَهُوَ قَائِمٌ يُصَلِّي فِي الْمِحْرَابِ أَنَّ اللّهَ يُبَشِّرُكَ بِيَحْيَى مُصَدِّقًا بِكَلِمَةٍ مِّنَ اللّهِ وَسَيِّدًا وَحَصُورًا وَنَبِيًّا مِّنَ الصَّالِحِينَ ۞ |

---

(၂၀၇) ပရမတ်ဘုရားရှင်သည် သူမ၏ မီးဖွားသန့်စင်မှုကို အသိဆုံး ဖြစ်တော်မူ၏ ဆိုသည်မှာ စကားညှပ် ဖြစ်ပေသည်။ သူမသည် ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း ဖွားမြင်လာမည့် ကလေးအား ရိုးရာဘုရားကျောင်းတွင် ရှင်သာမဏေပြု၍ ဝေယျာဝစ္စများကို ဆောင်ရွက်စေရန် အဓိဋ္ဌာန်ထားခဲ့ပေသည် (၃၄)၊ ယခု မွေးဖွားလာသည်မှာ မိန်းကလေး ဖြစ်နေသောကြောင့် ယောကျ်ားလေးကဲ့သို့ မဟုတ်ပါဟု ပြောဆိုမှုကို ဖေါ်ပြထားခြင်း ဖြစ်ပေသည်။

(၂၀၈) မာရိသည် သဘာဝအတိုင်း သားသမီး မြေးမြစ်ထွန်းကားမည်ကို ဤသုတ်တော်က ကြိုတင် ပြောထားပေသည်။ မာရိ၏ မိခင်ကိုယ်တိုင်က သူမ၏ သမီးသည် မပျိုစင်ဘဝဖြင့် ရာသက်ပန် အားထုတ်စေရန် တိုင်တည်ခဲ့ခြင်း မရှိသလို။ သဘာဝအတိုင်း အိမ်ထောင်တည်၍ မိခင်ဘဝကို ရောက်လာရမည်ဟု ကြိုတင် နားလည်ခဲ့ပေသည်။

(၂၀၉) **رَجِيم ရဂျီးမ်**သည် ရင်းမြစ် **ရဂျင်းန်** မှ ဆင့်ပွားလာပြီး ''လွှင့်ပစ်သည်၊ ကျောက်ခဲဖြင့် ပစ်ပေါက်သည်၊ ကြိတ်ပစ်သည်၊ အဝေးသို့ မောင်းထုတ်ပစ်သည်၊ မိတ်ဆွေစာရင်းမှပယ်ဖျက်ပစ်သည်၊''ဟု အနက်ပေးသည်၊ ထို့ကြောင့် ဤနေရာတွင် ကြဉ်ပါယ်ခံရသောဟု ပြန်ဆိုခြင်း ဖြစ်သည်။

(၂၁၀) ဇက္ကရီကိုယ်တော်အား သမ္မာကျမ်းတွင် ဇာခရီးဟု ခေါ်၍ သားတော်မှာ ယာဟ်ယာ (ယောဟန်) ဖြစ်သည်။ ကိုယ်တော် ဇက္ကရီယာသည်လည်း အင်မ်ရမ်ကိုယ်တော်၏ မျိုးနွယ်မှပင် ဖြစ်သည်။

(၂၁၁) ဇက္ကရီယာ၏ မေးခွန်းအား၊ မာရိကပြန်ဖြေသည့် ''ထိုအရာကား ပရမတ်ဘုရားရှင်၏ထံမှတည်း'' ဟူသည့် ဝါကျအား အစားအသောက်များမှာ မာရိ၏ အခန်းထဲသို့ အလိုလို တန်ခိုးတ္တိပါဒ်ဖြင့် ရောက်လာသကဲ့သို့ ဒဏ္ဍာရီဆန်ဆန် ဖွင့်ဆိုမှုများကို တွေ့ရပေသည်။ ထိုသို့ ဒဏ္ဍာရီမျိုးကို ကျမ်းတော်က ထောက်ခံအားပေးမှု မရှိပေ။ မာရိ၏ အဖြေမှာ သာမန် ဘုရားတရား ကြည်ညိုလေးစားသူ တစ်ဦး၏ အဖြေထက် ပိုမိုထူးကဲခြင်း မရှိပေ။ ဘုရားတရားကို လေးစားကြည်ညိုသူတိုင်းက မိမိ၌ ရရှိလေသော အရာအား ''ဒါ–ဘုရားပေးတာပဲ၊ ဘုရား မတာပဲ၊''ဟု ပြောလေ့ ရှိစမြဲပင်။ ကျမ်းတော်၏ အသုံးအနှုန်းတွင် မာရိထံသို့ရောက်လာသော စားသောက်ဘွယ်ရာများကိုသာ ပရမတ်ဘုရားရှင်၏ **ထံတော်မှ** ဟု သုံးစွဲခြင်း မဟုတ်ပေ။ လောက၌ ''ပရမတ်ဘုရားရှင်၏ **အထံတော်မှ** မဟုတ်သော အရာဟူ၍ မရှိ''ဟု ရှင်းရှင်းလင်းလင်း ပြောထားပေသည် (၁၅း၂၁)။ မာရိသည် စခန်း၌ ဝေယျာဝစ္စများကို လုပ်ကိုင်ဆောင်ရွက်ပေးနေသည်။ သို့အတွက် စုဝေးရောက်ရှိသူများက လက်ဆောင်များ ပေးကြမည်မှာ ဓမ္မတာပင်။ ထိုလက်ဆောင်များမှာ သူမက တောင်းရမ်းသောကြောင့် ပေးကမ်းကြခြင်း မဟုတ်ဘဲ စုဝေးရောက်ရှိသူများက စေတနာ သဒ္ဒါ တရားဖြင့် ပေးကြခြင်း ဖြစ်ပေသည်။ သာသနာ့ စခန်း၌ ဘုရားအလုပ်ကို လုပ်သောကြောင့် ရသည့် ပစ္စည်းများဖြစ်၍ သူမက ''ထိုအရာသည် ပရမတ် ဘုရားရှင်၏ ထံမှတည်း၊''ဟု ပြောဆိုခြင်း ဖြစ်ပေသည်။

(၂၁၂) အသက်အရွယ် နုနယ်သော်လည်း မာရိ၏ ဘုရားတရား ကြည်ညိုလေးစားမှုက ကိုယ်တော်ဇက္ကရီယာအား ထိုကဲ့သို့ ဘုရားတရား ကြည်ညို လေးစားသည့် သားသမီးရတနာ လိုချင်စိတ်ကို ဖြစ်ပေါ်စေခြင်း ဖြစ်၍ မာရိထံတွင် ရှိနေသော အစားအသောက်များကြောင့် မဟုတ်ပေ။

| | |
|---|---|
| ဘတ္တိဇ်<br>ဆရာ<br>ယောဟန် | သို့ဖြင့် သူသည် စခန်း၌ မေတ္တာဓိဌာန်ရပ်တည်စဉ် နိမိတ်ဆောင်များက သူ့အား "ပရမတ်ဘုရားရှင်သည် သင့်အား ပရမတ်ဘုရားရှင်၏ထံမှ စကားတော်အား ဖြောင့်မှန်စေသော၊ အကြီးအကဲဖြစ်သော၊ သမာဓိရှိသော၊ ပြုပြင်သူတို့ အနက်မှဖြစ်သော သတင်းတော်ဆောင် **ယာဟ်ယာ** အကြောင်း သတင်းကောင်းကို ပါးလေပြီ။"ဟု ကြွေးကြော်၏။ |
| ၄၀။<br><br>☆ ၂း၇၀ | **قَالَ رَبِّ أَنَّىَ يَكُونُ لِي غُلاَمٌ وَقَدْ بَلَغَنِيَ الْكِبَرُ وَامْرَأَتِي عَاقِرٌ قَالَ كَذَلِكَ اللّهُ يَفْعَلُ مَا يَشَاء** ۞<br>သူက "အို–ကံကြမ္မာရှင် တပည့်တော်အဘို့ သား ရဦးမည်လော တပည့်တော်သည် အရွယ်လွန် အိုမင်းပါပြီ၊ ဇနီး သည်လည်း မြုံအသူ ဖြစ်ပါ၏၊"ဟု ပြန်လျှောက်သော်[၂၃] အရှင်က "ဤအတိုင်းပင်၊ ပရမတ်ဘုရားရှင်သည် စံချိန် ပြည့်မှီရာအား☆ စီမံတော်မူ၏၊"ဟု မိန့်ဆို၏။ |
| ၄၁။ | **قَالَ رَبِّ اجْعَل لِّيَ آيَةً قَالَ آيَتُكَ أَلاَّ تُكَلِّمَ النَّاسَ ثَلاَثَةَ أَيَّامٍ إِلاَّ رَمْزًا وَاذْكُر رَّبَّكَ كَثِيرًا وَسَبِّحْ بِالْعَشِيِّ وَالإِبْكَارِ** ۞<br>သူက "အို ကံကြမ္မာရှင် တပည့်တော်အတွက် နိမိတ်တစ်ရပ် လုပ်ပေးတော်မူပါ"ဟု ဆုပန်သော်၊ အရှင်က "သင်၏ နိမိတ်လက္ခဏာမှာ သင်သည် လူသားတို့အား သုံးရက်တိုင် လက်ဟန်ခြေဟန်မှအပ စကား မပြောရခြင်းပင် တည်း၊ သင့်ကံကြမ္မာရှင်အား အတောမသတ် ရှုမှတ်လော့၊ ညဉ့်ယံ နံနက် ဦးထိပ်ထားလော့၊"ဟု မိန့်၏။[၂၄] |
| ၄၂။<br><br>☆ ၂း၃၀ | **وَإِذْ قَالَتِ الْمَلاَئِكَةُ يَا مَرْيَمُ إِنَّ اللّهَ اصْطَفَاكِ وَطَهَّرَكِ وَاصْطَفَاكِ عَلَى نِسَاء الْعَالَمِينَ** ۞<br>နိမိတ်ဆောင်များက☆ ပြောသည်မှာ "အို–မာရိ၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သင့်အား ရွေးကောက်တော် မူပြီ၊ သန့်စင်စေတော်မူပြီ၊ အမျိုးသမီးထု လောကအပေါင်းမှ ရွေးချယ်တော်မူလေပြီ၊"– |
| ၄၃။ | **يَا مَرْيَمُ اقْنُتِي لِرَبِّكِ وَاسْجُدِي وَارْكَعِي مَعَ الرَّاكِعِينَ** ۞<br>"အို–မာရိ၊ သင့် ကံကြမ္မာရှင်အား လိုက်နာလော့၊ နှိမ့်ချလော့၊ ရိုကျိုးသူများနှင့်အတူ ရိုကျိုးလော့။" |
| ၄၄။<br><br>မုဟမ္မဒ် | **ذَلِكَ مِنْ أَنبَاء الْغَيْبِ نُوحِيهِ إِلَيكَ وَمَا كُنتَ لَدَيْهِمْ إِذْ يُلْقُون أَقْلاَمَهُمْ أَيُّهُمْ يَكْفُلُ مَرْيَمَ وَمَا كُنتَ لَدَيْهِمْ إِذْ يَخْتَصِمُونَ** ۞<br>ဤသည် **သင့်**အား ငါအရှင် အာရုံဖြစ်တည်ပေးသော စက္ခုလွန်မှ[၂၅] သတင်းများပင်၊ မာရိအား မည်သူမည်ဝါ ထိန်း ကျောင်းရမည်ကို မဲခွဲသောအခါ၊ သူတို့နှင့်အတူ **သင်** မရှိချေ။ သူတို့ချင်း မုတိတာမဲ့ကြစဉ်၌လည်း သူတို့နှင့်အတူ **သင်**မရှိချေ။[၂၆] |

---

(၂၃) ဇက္ကရီယာ၏ မေးခွန်းမှာ မယုံကြည်မှု သံသယဖြစ်မှု မဟုတ်ချေ၊ အသက်အရွယ် ထောက်မှ သားရတနာ ရဦးမည်ကို အံ့အားသင့်မှု အာ မေဍိတ် မေးခွန်းသာ ဖြစ်ပေသည်။

(၂၄) ကိုယ်တော် ဇက္ကရီယာသည် သုံးရက်တိုင် စွံ့အ နေသည်ဟု ကျမ်းတော်က လုံးဝ မပြောပေ။ ၎င်းမှာ သမ္မာကျမ်းစာ၏ အဆိုသာ ဖြစ်သည်။ ကိုယ်တော်သည် တရားဘာဝနာ ကျင့်ကြံနေရမည် ဖြစ်သောကြောင့် လောကီရေးရာ စကားများကို သုံးရက်မျှ မပြောဆိုရန် သတ်မှတ်ခြင်းသာ ဖြစ် ပေသည်။ ဤနေရာ၌ "ဦးထိပ်ထားလော့" ဘာသာပြန်ဆိုသည့် **ဆဗိဟ** မှာ "ပရမတ်ဘုရားရှင်၏ အစိန္တေယျ ဂုဏ်တော်အား ရေရွတ်တသခြင်း" ဟု လည်း အနက်ကိုပေးပေသည်။ အကယ်၍ ကိုယ်တော်မှာ စွံ့အနေပါက– ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား မည်သို့ ရေရွတ်နိုင်အံ့နည်း။

(၂၅) စက္ခုလွန် ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ပွင့်ပေါ်ခဲ့သော သတင်းတော်ဆောင်များ၏ ကိုယ်ရေး ရာဇဝင်များကို ရည်ညွှန်းခြင်း မဟုတ်ချေ။ အမှန်တကယ် ဖြစ်တည်လာမည့် မျက်ဝါးထင်ထင် မဖြစ်သေးသော အရာကိုသာ စက္ခုလွန်ဟု ခေါ်ဆိုပေသည်။ လောကအပေါင်းအပေါ်၌ ကိုယ်တော်မုဟမ္မဒ်အား ရွေးကောက်တင်မြှောက်မည်ကို မာရိအား ရွေးကောက် တင်မြှောက်ပုံနှင့် ပမာဆောင် နိမိတ်ပေးခြင်း ဖြစ်ပေသည်။

(၂၆) အထကထာ ဆရာတော်များက ဤနေရာ၌ ရည်ညွှန်းသော နာမ်စား "သူတို့" ဆိုသည်ကို ဂျူးဘုန်းတော်ကြီးများဟု ယူဆကြ၍ မာရိအား ထိန်းကျောင်းခွင့် ရရှိရန် အချင်းချင်း ငြင်းခုံ၍ မုတိတာ မထားနိုင် ဖြစ်ကြ၍ နောက်ဆုံးတွင် မဲခွဲ ဆုံးဖြတ်ပြီး ကိုယ်တော်ဇက္ကရီယာက မာရိအား ထိန်း ကျောင်းခွင့် ရရှိသွားသည်ဟု ဆိုကြပေသည်။ ကိုယ်တော်ဇက္ကရီယာသည် ပရမတ်ဘုရားရှင်၏ သတင်းတော်ဆောင် တစ်ပါး ဖြစ်၍ ထိုခေတ်ထိုအခါ မှ သူတို့၏ ဘုန်းကြီးများနှင့် တန်းတူ သဘောထားကာ ကလောင်ပစ် ကံစမ်းနေရန် မလိုပေ။ ရှေ့နောက် ဆက်တိုက်သုတ်တော်များတွင်လည်း ကိုယ်တော်ဇက္ကရီယာနှင့် ဘုန်းတော်ကြီးများ အကြောင်းကို ဖော်ပြထားခြင်း မရှိပေ။ အမှန် ဖော်ပြထားသည်မှာ **နိမိတ်ဆောင်များ**သာ ဖြစ်ပေသည်။

| | |
|---|---|
| ၄၅။ | **إِذْ قَالَتِ الْمَلآئِكَةُ يَا مَرْيَمُ إِنَّ اللّهَ يُبَشِّرُكِ بِكَلِمَةٍ مِّنْهُ اسْمُهُ الْمَسِيحُ عِيسَى ابْنُ مَرْيَمَ وَجِيهًا فِي الدُّنْيَا وَالآخِرَةِ وَمِنَ الْمُقَرَّبِينَ۞**<br>နိမိတ်ဆောင်များက ပြောသည်မှာ ''အို–မာရိ၊ ကေန်ပင် ပရမတ်ဘုရားရှင်က သင့်အားပေးသော– အရှင်၏ စကားတော်နှင့်အတူ သတင်းကောင်းမှာ၊ ဤဘဝ နောင်ဘဝတွင် အဘိုးထိုက်သော၊ အပါးတော်မြဲတို့၏ အနက်မှ ဖြစ်သော အမည်နာမ အားဖြင့် မာရိ၏သား ယေရှု ခရစ်၏ အကြောင်းပင်တည်း၊''[၂၇] |
| ၄၆။ | **وَيُكَلِّمُ النَّاسَ فِي الْمَهْدِ وَكَهْلاً وَمِنَ الصَّالِحِينَ۞**<br>သူသည် ပုခက်တွင်းမှလည်းကောင်း အရွယ်ရောက်ပြီးသော်လည်းကောင်း လူသားတို့အား စကားပြော၍၊ ပြုပြင်ပြောင်းလဲသူတို့အနက်မှ ဖြစ်လိမ့်မည်။[၂၈] |
| ၄၇။<br><br>✡၂း၇၀<br>★၂း၁၁၇ | **قَالَتْ رَبِّ أَنَّى يَكُونُ لِي وَلَدٌ وَلَمْ يَمْسَسْنِي بَشَرٌ قَالَ كَذَلِكِ اللّهُ يَخْلُقُ مَا يَشَاء إِذَا قَضَى أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ۞**<br>သူမက ''ကံကြမ္မာရှင်– လူသားတစ်ဦးမျှ မထိတွေ့သေးဘဲလျက် တပည့်တော်မသည် မည်သို့ သားရတနာ ရနိုင်အံ့နည်း၊''ဟု[၂၉] လျှောက်လေသော်၊ အရှင်က ''ဤသို့ပင်–။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်စေရာကို✡ ဖြစ်တည်စေ၏၊ အရှင်သည် စီမံချက်ကို ဖြည့်ဆီးမိန့်ချသောအခါ– ၎င်းကို ဖြစ်ဟု မိန့်လိုက်သည်နှင့် ထို့နောက် ဖြစ်လာရမည်သာတည်း။''★ |
| ၄၈။ | **وَيُعَلِّمُهُ الْكِتَابَ وَالْحِكْمَةَ وَالتَّوْرَاةَ وَالإِنجِيلَ۞** |

---

ကိုယ်တော်မုဟမ္မဒ်အား ရွေးကောက်စဉ်တွင် ''နိမိတ်ဆောင်ကြီးများ'' မုတိတာ မထားနိုင်ကြ ကြောင်းကို ၃၈း၆၉ တွင်လည်းကောင်း၊ အာဒံအား ရွေးကောက်သော အခါတွင် နိမိတ်ဆောင်များက မုတိတာ မထားနိုင် ကြကြောင်းကိုလည်းကောင်း ၂း၃၀၊ ကျမ်းတော်က ဥပစာထား တင်ပြသည်ကို ယှဉ်၍ လေ့လာ သင့်ပေသည်။ ထို့ကြောင့် ''သူတို့''ဟူသည့် နာမ်စားမှာ နိမိတ်ဆောင် များကိုသာ ရည်ညွှန်းပေသည်။ (၂း၃၀ တွင် ကြည့်ပါ)။

**(၂၇)** ကိုယ်တော် ယေရှုအား အမည်နာမ သုံးခုဖြင့် ကျမ်းတော်၌ ဖေါ်ပြပေသည်။ ထိုအမည်နာမ သုံးခုလုံးကို တစ်ပေါင်းတည်း ဤသုတ်တော်၌ တွေ့ရပေသည်။ ၎င်းတို့မှ– ဂရိစကားမှ ဆင်းသက်လာသော အင်္ဂလိပ်အသံထွက် ''ခရစ်''ကို အာရဗီဖြင့် **မဆီးဟ်** ဟု ဖေါ်ပြပြီး ယင်းသည် ရှေးအာရာမစ် ဘာသာတွင် **မေရှိ** ဟု ဖြစ်သည်။ အဓိပ္ပါယ်မှာ ခရီးဝေးသွားနေသူ၊ သို့မဟုတ် ဘိက်သိက်ခံ ဟု ဖြစ်ပေသည် **မဆီးဟ်** မှာ အမည်ဆိုသည်ထက် (–ဦး၊ ဆရာ၊ သခင်—တို့ကဲသို့) ဘွဲ့ ဂုဏ်ပုဒ် အသွင် ဆောင်ပေသည်။ ဒုတိယ ဖြစ်သော အာရဗီ အသံထွက် အီဆာဟ် ဆိုသည်ကို ဂရိတို့က ''ရီးဆာဟ်'' ဟု ရေးသားရမှ ဟီဗရူး အသံထွက် (ယောရွှာ) ဖြစ်၍ မြန်မာပြန် သမ္မာကျမ်းစာ၌ **ယေရှု** ဟု ရေးသားပေသည်။ ယေရှုသည် ကိုယ်တော်၏ အမည် ဖြစ်သည်။ နောက်ဆုံး (မြန်မာပြန်တွင် ရှေ့ဆုံး) **မာရိ၏သား** ဆိုသည်မှာ ကိုယ်တော်ယေရှုအား မည်သူမည်ဝါဟု တိုက်ရိုက်သိစေရန် မိဘနှစ်ပါးအနက် ထင်ရှားသော မိခင်၏ အမည်ဖြင့် **မာရိ၏ သား** ဟု ဖေါ်ပြခြင်း ဖြစ်သည်။ ဥပမာ ထင်ရှားသော ဆရာမကြီး တစ်ဦး၏ သားက သူ့ကိုယ်သူ မိတ်ဆက်သော အခါ ''ကျွန်ုပ် ဒေါ်ဘယ်သူ၏ သားပါ''ဟု ဆိုသကဲ့သို့ပင်။ ထို့အတွက် သူ့၌ အဖပျောက်သွားခြင်း မဟုတ်ပေ။ ကျမ်းတော်တွင် ကိုယ်တော် မူဆာ (မောရှေ)၏ အဘအမည်၊ ကိုယ်တော် ယေရှု၏ အဘအမည်၊ ကိုယ်တော် မုဟမ္မဒ်၏ အဘအမည်များကို ဖေါ်ပြထားခြင်း မရှိသောကြောင့် ထိုကိုယ်တော်များသည် ဖခင် မရှိဘဲလျက် အပျိုစင်မှ မွေးဖွားသန့်စင်လာသည်ဟု မစွပ်စွဲအပ်ပေ၊ ကုရ်အာန်ကျမ်းတော်၏ ၆း၁၀၁ ပါ ''ကြင်ယာကြင်ဘက်မရှိဘဲ ကလေး မရရှိနိုင်၊''ဟု ဆိုသော ဘုရားရှင်၏ သဘာဝဓမ္မ ပညတ်တော်ကိုလည်း ဖီဆန်ရာရောက်ပေသည်။ (၆း၈၈၏ အောက်ချေတွင် ဆက်ကြည့်ပါ။)

**(၂၈)** ကိုယ်တော်ယေရှုသည် ''ပုခက်တွင်းမှလည်းကောင်း အရွယ်ရောက်ပြီးသော်လည်းကောင်း လူသားတို့အား စကားပြောသည်၊''ဟု ဆိုခြင်းမှာ တန်ခိုးဣဒ္ဓိပါဒ် တစ်ရပ် မဟုတ်ပေ။ စွံ့အခြင်း မရှိ ကျမ္မာသန်စွမ်းသော လူသားတိုင်း ပုခက်ထဲကပင် အိုမင်းရင့်ရော်သည်အထိ စကားပြောကြသည်မှာ ဓမ္မတာပင်။ ဤသတင်းတော်မှာ မာရိအား၊ မွေးလာမည့် ကလေး၏ ကျမ္မာရေးနှင့် အသက်ရှည်မည်ဟု (ငယ်ငယ်ရွယ်ရွယ်နှင့် သေမည် မဟုတ်ဟု) ဆိုခြင်းကို ကြိုတင် သတင်းကောင်းပေးခြင်းသာ ဖြစ်ပေသည်။

**(၂၉)** အိမ်ထောင် မပြုရသေးသော မိန်ကလေးတိုင်းအား ''အသင်သည် သားသမီးရလိမ့်မည်၊''ဟု ဟောကိန်းထုတ်လိုက်လျှင် ယခု မာရိ ပြောသကဲ့သို့ ပြန်ပြောကြမည်ပင်။ ထိုစကားကို ကောက်ယူ၍ သူမသည် ရာသက်ပန် အိမ်ထောင်မပြုဘဲ နေသည်ဟု သက်သေ မပြနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူမတွင် အခြားသော သားသမီးများ ရှိနေသေးသည်မှာ အိမ်ထောင်ရှိကြောင်း သက်သေပင် ဖြစ်၏။ (သမ္မာကျမ်း မသဲ ၂၇း၅၆)

| | |
|---|---|
| ☆ ၃း၃ | အရှင်သည် သူ့အား ကျမ်းတော်၊ အဆုံးအဖြတ်တော်၊ တိုရာဟ် နှင့် ဇံဂလိ ☆ တို့ကို သင်ပေးတော်မူမည်။ |
| ၄၉။<br><br>ဖြစ်တည်စေလျှက် | وَرَسُولاً إِلَى بَنِي إِسْرَائِيلَ أَنِّي قَدْ جِئْتُكُم بِآيَةٍ مِّن رَّبِّكُمْ أَنِّي أَخْلُقُ لَكُم مِّنَ الطِّينِ كَهَيْئَةِ الطَّيْرِ فَأَنفُخُ فِيهِ فَيَكُونُ طَيْرًا بِإِذْنِ اللّهِ وَأُبْرِىءُ الأكْمَهَ والأَبْرَصَ وَأُحْيِي الْمَوْتَى بِإِذْنِ اللّهِ وَأُنَبِّئُكُم بِمَا تَأْكُلُونَ وَمَا تَدَّخِرُونَ فِي بُيُوتِكُمْ إِنَّ فِي ذَلِكَ لآيَةً لَّكُمْ إِن كُنتُم مُّؤْمِنِينَ ۞<br>သူ့အား ဣျူးမျိုးနွယ်အတွက် ဥဏ်စဉ်ဆောင် ဖြစ်စေ၍၊ "ကျွန်ုပ်သည် သင်တို့ထံသို့ သင်တို့၏ ကံကြမ္မာရှင်ထံမှ နိမိတ်လက္ခဏာတော်ကို မုချ ဆောင်ခဲ့ပြီ၊ ကျွန်ုပ်သည် သင်တို့အတွက် မြေမှ ငှက်ပုံအသွင် **ပုံဖော်လျှက်** စိမ့်ဝင်စေလျှင်[၂၂၀] ၎င်းသည် ပရမတ်ဘုရားရှင်၏ အမိန့်တော်ဖြင့် ငှက်ဖြစ်လာလိမ့်မည်၊ အကန်းနှင့် အနာကြီး ရောဂါသည်တို့အား ကုသနိုင်၍ ပရမတ်ဘုရားရှင်၏ အမိန့်တော်ဖြင့် အသေအား ရှင်သန်စေမည်၊ သင်တို့အား မည်သည်တို့ကို စားသုံးရမည်– မည်သည်တို့ကို အိမ်များ၌ သိုမှီးရမည်ကို သတင်းဆင့်ဆိုမည်၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ကေန်ပင် ဤ၌ နိမိတ်လက္ခဏာ ရှိနေ၏။[၂၂၁] |

(၂၂၀) "မြေမှုန့်မှ ငှက်ပုံအသွင် ပုံဖော်လျှက် စိမ့်ဝင်စေလျှင်၊" ဟူသော စကားစုမှ ဝေါဟာရ လေးလုံးကို ဖြေရှင်းစရာ ရှိနေပေသည်။ ကျမ်းတော်တွင် လူသာမန်အားလုံးကို မြေမှုန့်မှ ဖြစ်တည်စေသည်ဟု မကြာခဏပြော၍ ထိုလူသာမန်များအား အရှင်၏ ဥဏ်စဉ်တော်ဖြင့် ကိန်းဝပ်ခြင်းဖြင့် အသိဥဏ်ရှိသော လူသား ဖြစ်လာပေသည်။ (၃၈း၇၁။ ၃၂း၉)။ ထို့အပြင် ငှက် ဆိုသည်မှာ ဥဏ်စဉ်ရေးရာ အဆင့်မြင့်သော လူသားများကို တင်စားပြောဆို၍ (၆း၃၈)။ အသိဥဏ်နိမ့်သောသူများကို မြေကမ္ဘာ (လောကီ)၌ ကပ်တွယ်နေသော တိရိစ္ဆာန်များနှင့် ခိုင်းနှိုင်းပေသည်(၇း၁၇၆၊ ၂၅း၄၄)။ ဤနေရာ၌ အဓိက အရေးကြီးသော စကားလုံးမှာ "ပုံဖော်လျှက်"ဟု ဘာသာပြန်သည့် **ခလာ့က်** ဟူသည့် ဝေါဟာရပင် ဖြစ်ပေသည်။ ၎င်းကို များစွာသော နေရာများ၌ ဖြစ်တည်စေသည်၊ ဖန်ဆင်းသည် ဟု သုံးပေသည်။ သို့သော် မူရင်း အဓိပ္ပါယ်မှာ "စိတ်ကူးဖြင့် ပုံစံချသည်၊ အတိုင်း အတာသတ်မှတ်သည်၊ ပုံဖော်သည်၊"ဟု ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ "စိတ်ကူး စိတ်သန်းဖြင့် ပုံဖော်သည်"ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ထိုစကားလုံးကို ဤနေရာ၌ ဖန်ဆင်းသည်၊ ဖြစ်တည်စေသည်ဟု ဘာသာပြန်၍ လုံးဝ မရချေ။ အဘယ်ကြောင့်ဆိုသော် ပရမတ် ဘုရားရှင်သည်သာ အရာခပ်သိမ်းကုန်အား ဖြစ်တည်စေသော အရှင် ဖြစ်သည်ဟု ကျမ်းတော်က အတိအကျ ပြောထားပေသည်။ "သင်တို့ ကိုးကွယ် ပသသော အရာများသည် တစ်စုံတစ်ရာကိုမျှ ဖြစ်တည်ပေးနိုင်ခြင်း မရှိ၊"ဟု ပြောထားသော (၁၆း၂၀။ ၂၅း၃)မှ ၁၆း၂၀ တွင် သင်တို့ ကိုးကွယ် ပသသော အရာများကို **ٱلَّذِينَ အလလသီးန** ဟု သုံးထားသောကြောင့် ယေရှုအပါအဝင် လူသားအားလုံး အကြုံးဝင်ပေသည်။ ထို့အပြင် ဘုရားသားတော် ဆိုသည့် အယူအဆကိုလည်း ကျမ်းတော်က လုံးဝ လက်မခံပေ၊ (၆း၁၀၁)။

ထို့ကြောင့် ဤစကားစု တစ်ခုလုံး၏ ဆိုလိုချက်မှာ ကိုယ်တော် ယေရှုသည်၊ လူသာမန်တို့အား သူရရှိသော ဥဏ်စဉ်တော်ဖြင့် ဘာသာရေးပိုင်းဆိုင်ရာ၌ အဆင့်မြင့်သော ပုဂ္ဂိုလ်များကို မွေးထုတ်ပေးရန် စိတ်ကူးစိတ်သန်းရှိမှုကို ပုံဆောင် ပြောဆိုခြင်း ဖြစ်ပေသည်။

(၂၂၁) အကန်းနှင့် အနာကြီးရောဂါကို ကုသသည် ဆိုခြင်းကို ခရစ်တော်၏ ရောမ တန်ခိုးတော်ကြီးဟု ပုံကြီးချဲ့ရန် မသင့်ပေ။ သမ္မာကျမ်းစာတွင်လည်းကောင်း (မဿဲ ၁၅း၁၃–၁၆)၊ ကုရ်အာန်ကျမ်းတော်တွင်လည်းကောင်း (၂း၁၈) ပင်းသူ၊ အသူ၊ ကန်းသူ များဆိုသည်မှာ အမှန်တကယ် မံသမျက်စိကန်းနေခြင်းကို မရည်ညွှန်းပေ၊ ဘာသာတရားနှင့် ပတ်သက်၍ မှောင်ကျနေခြင်းကိုသာ ရည်ညွှန်းပေသည်။ အလားတူပင် အနာကြီးဆိုသည်မှာလည်း စိတ်နှလုံး၌ ရောဂါရှိနေသူများဟု ကျမ်းတော်က မကြာခဏ ဖေါ်ပြပေသည်။ ကိုယ်တော်ယေရှုသည် ပရမတ်ဘုရားရှင် ချီးမြှင့်သော ဥဏ်စဉ်တော်ဖြင့် နောက်လိုက် အပေါင်း၏ နှလုံးသားကို ဆေးကုပေးခြင်း ဖြစ်ပေသည်။ ကျမ်းတော်တွင် ဤကုရ်အာန်ကျမ်းတော်ကိုလည်း "စိတ်နှလုံးမှ ဝေဒနာအတွက် ဆေးတစ်ဖုံ ဖြစ်သည်၊"ဟု ဖေါ်ပြထားပေသည်၊ (၁၀း၅၇)။ ထို့ကြောင့် ကိုယ်တော် ယေရှု အနေဖြင့် အနာကြီးရောဂါ ဖြစ်နေသူများအား "ဦး–ဖွ၊ ပျောက်စေ၊"ဟု ကုသပေးခြင်းကို မဆိုလိုပေ။ သူအား ကားစင်မှ ချစဉ် ဒဏ်ရာရနေသော ခြေလက်တို့အား သူ့ကိုယ်သူပင် မန်းမှုတ် ကုသနိုင်စွမ်း မရှိခဲ့ပေ။

အသေအား ရှင်သန်စေသည် ဟူသည်မှာလည်း အလားတူပင်။ ကမ္ဘာပေါ်၌ မည်သည့် ဘာသာတရားကမှ သေနေသော အသေကောင်သည် လောကဉ္စ ပြန်လည် ရှင်ထလာသည်ဟု လက်မခံပေ။ ကျမ်းတော်ကလည်း "(နောင်ဘဝ) ရှင်ပြန်ထရသည့် ကာလထိတိုင် သူတို့၏နောက်၌ အကာအရံ ရှိနေ၏၊"ဟု အတိအကျ ပြောထားပေသည်။ သို့သော်ကျမ်းတော်တွင် ဘဝသေနေသော၊ အမှောင်ကျနေသော လူ၊ လူမျိုးများကို သေနေသည် ဟု မကြာခဏသုံးစွဲပြီး၊ သူတို့ထံသို့ ခေါင်းဆောင်များ၊ သတင်းတော်ဆောင်များ၊ ဥဏ်စဉ်ဆောင်များ စေစားကာ ဘဝကို ပြန်လည် ရှင်သန်စေသည်ဟု ပြောလေ့ရှိပေသည်။ ၎င်းကို "သင်တို့အား အသက်ရှင်ခြင်း ဆီသို့ ဖိတ်ခေါ်သော အခါ––" (၈း၂၄) ဆိုသည့် စကားတော်က အတိအကျ ထောက်ပြနေပေသည်။ ဖိတ်ခေါ်ခံရသော သင်တို့သည် အသက်ဝိဉာဉ် လုံးဝမဲ့နေသော အသေကောင်များ မဟုတ်ကြပေ။ အနာဂါတ် ပန်းတိုင်ကို တိကျသေချာစွာ မသိခြင်းသာ ဖြစ်ပေသည်။ ကိုယ်တော်ယေရှုသည်လည်း သူ့ခေတ်သူ့အခါက လူသား အပေါင်းအား အနာဂါတ်လမ်းပြ တစ်ဦးသာ ဖြစ်ပေသည်။ လူသေကောင်အား ပြန်လည် ရှင်ထလာအောင် လုပ်ပြနေသောသူ မဟုတ်ပေ။

| | |
|---|---|
| ၅၀။<br>ကျမ်းမှ<br>အစာ<br>သွပ်မှုများ<br>ကို | **وَمُصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرَاةِ وَلِأُحِلَّ لَكُم بَعْضَ الَّذِي حُرِّمَ عَلَيْكُمْ وَجِئْتُكُم بِآيَةٍ مِّن رَّبِّكُمْ فَاتَّقُواْ اللّهَ وَأَطِيعُونِ۞**<br>ကျွန်ုပ်သည် ရှေး–လက်ရှိ **တိုရာဟ်ကျမ်းကို** ဖြောင့်မှန်စေပြီ၊ သင်တို့အပေါ်၌ တားမြစ်ထားသည်မှ အချို့ကို ခွင့်ပြု ပေးပြီ၊၂၂၂ သင်တို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများကို သင်တို့ထံသို့ ရောက်ရှိစေပြီ။ သို့ဖြစ်၍ ပရမတ်ဘုရား ရှင်ကိုသာ စည်းစောင့်ကြလော့၊ အကျွန်ုပ်အား နာခံကြလော့။ |
| ၅၁။ | **إِنَّ اللّهَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ هَذَا صِرَاطٌ مُّسْتَقِيمٌ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏၊ အရှင့်ကိုသာ အမှုတော် ဆောင်ကြလော့၊ ဤသည် ဖြောင့်မှန်သော လမ်းစဉ် ဖြစ်၏။ |
| ၅၂။<br>မွတ်<br>ဆလင်<br>များ | **فَلَمَّا أَحَسَّ عِيسَى مِنْهُمُ الْكُفْرَ قَالَ مَنْ أَنصَارِي إِلَى اللّهِ قَالَ الْحَوَارِيُّونَ نَحْنُ أَنصَارُ اللّهِ آمَنَّا بِاللّهِ وَاشْهَدْ بِأَنَّا مُسْلِمُونَ۞**<br>ယေရှုသည် သူတို့မှ ဖုံးကွယ်မှုများကို ထိတွေ့ရသောအခါ–"ပရမတ်ဘုရားရှင်အလို့ငှာ ကျွန်ုပ်အား မည်သူ ကူညီ မည်နည်း၊"ဟု မေးမြန်းသော်၊ ဝတ်ရုံဖြူများက၂၂၃ "ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်အလို့ငှာ ကူညီသူများ ဖြစ်ပါ ၏၊ ပရမတ်ဘုရားရှင်၌ ယုံကြည်သက်ဝင်ပါ၏၊ ကျွန်ုပ်တို့သည် **သန္တိသုခဝါဒီများ**ဖြစ်ကြောင်း သက်သေပြုပါ၊"ဟု ကြွေးကြော်လျှက်– |
| ၅၃။ | **رَبَّنَا آمَنَّا بِمَا أَنزَلَتْ وَاتَّبَعْنَا الرَّسُولَ فَاكْتُبْنَا مَعَ الشَّاهِدِينَ۞**<br>"အို၊ ကံကြမ္မာရှင် တပည့်တော်တို့သည် အရှင် ချမှတ်ပေးသည်ကို ယုံကြည်သက်ဝင်ပါ၏၊ ဉာဏ်စဉ်ဆောင်အား နာခံပါ၏၊ သို့ဖြစ်၍ သက်သေပြုသူများနှင့်အတူ မှတ်တမ်းပေးတော်မူပါ၊"ဟု ဆုပန်ကြ၏။ |
| ၅၄။<br>ဂျူးတို့ | **وَمَكَرُواْ وَمَكَرَ اللّهُ وَاللّهُ خَيْرُ الْمَاكِرِينَ۞**<br>**သူတို့**သည် ကြံစည်ကြ၏။ ပရမတ်ဘုရားရှင်သည်လည်း ကြံစည်နေ၏၊ ပရမတ်ဘုရားရှင်သည် အကောင်းဆုံး အကြံအစည်ရှင် ဖြစ်တော်မူ၏။၂၂၄ |
| ၅၅။<br>☆ ၂း၁၇၄ | **إِذْ قَالَ اللّهُ يَا عِيسَى إِنِّي مُتَوَفِّيكَ وَرَافِعُكَ إِلَيَّ وَمُطَهِّرُكَ مِنَ الَّذِينَ كَفَرُواْ وَجَاعِلُ الَّذِينَ اتَّبَعُوكَ فَوْقَ الَّذِينَ كَفَرُواْ إِلَى يَوْمِ الْقِيَامَةِ ثُمَّ إِلَيَّ مَرْجِعُكُمْ فَأَحْكُمُ بَيْنَكُمْ فِيمَا كُنتُمْ فِيهِ تَخْتَلِفُونَ۞**<br>ပရမတ်ဘုရားရှင်က "အေ– ယေရှု၊ ငါသည် သင့်အား သေစေတော်မူမည်၊ ငါ့အထံတော်၌ မြှောက်စားတော်မူမည်၊ သင့်အား ဖုံးကွယ်သူများမှ သန့်စင်စေတော်မူမည်၊ သင့်ကို လိုက်နာသူတို့အား ရပ်တည်မြဲမြံသောနေ့☆ ထိတိုင် ဖုံး |

(၂၂၂) ကိုယ်တော်မူဆာ၏ လက်ထက်တော်၌ ပညတ်ခဲ့သော ဥပဒေများကို အစ္စရေးလ် လူမျိုးတို့သည် စွဲမြဲစွာ လက်ကိုင်ပြုခဲ့ကြပေသည်။ သို့သော် ခေတ်ကာလအလိုက် ပြုပြင်ပြောင်းလဲရန် လိုအပ်သော ဥပဒေများကို ကိုယ်တော်ယေရှု၏ လက်ထက်တွင် ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။ သမ္မာ ကျမ်းစာ (ရှင်မဿဲ ၅း၂၁ မှ ၄၈)တွင် ထိုပြောင်းလဲလိုက်သော ဥပဒေများကို တွေ့နိုင်ပေသည်။

(၂၂၃) **ဟဝါးရီယူးန် الْحَوَارِيُّونَ** ၏ အနက်မှာ ဖြူစင်သူများ။ အဖြူထည်များဟု ဖြစ်သည်။ ထိုစကားလုံး **ဟဝါးရီယူးန်** ဆိုသည်မှာ ခရစ်ယာန် ဆရာတော်များက နတ်ကညာများဟု ဘာသာပြန်သော **ဟူရ် حُور** ဆိုသည့် စကားလုံးမှ ဆင့်ပွားလာခြင်း ဖြစ်သည်။ ၄၄း၅၄ကို ကြည့်ပါ။

(၂၂၄) ဂျူးတို့သည် ကိုယ်တော်ယေရှုအား လုပ်ကြံသတ်ဖြတ်ရန် နည်းမျိုးစုံဖြင့် ကြံစည်နေကြပေသည်။ ကိုယ်တော်ယေရှုအား ကယ်တင်ရန် ပရမတ်ဘုရားရှင် ကလည်း သူတို့၏ ကြံစည်မှုနည်းမျိုးစုံကို တန်ပြန်လျှက်ရှိပေသည်။ အရဗီစကားတွင် သက်ရောက်မှုနှင့် တန်ပြန်သက်ရောက်မှုကို စကားလုံး တစ်လုံးတည်းကိုသာ သုံးစွဲပေသည်။ ထို့ကြောင့် ဤသုတ်တော်၌ ပရမတ်ဘုရားရှင်သည်လည်း ကြံစည်နေ၏ ဟု ပြောဆိုခြင်း ဖြစ်ပေ သည်။ အလားတူ သဒ္ဒါအသုံးအနှုန်းကို ကျမ်းတော်၏ မြောက်များစွာသော နေရာများတွင် တွေ့နိုင်ပေသည်။

| | |
|---|---|
| | ကွယ်သူတို့ထက် အပေါ်စီးရစေမည်၊ တဖန် သင်တို့၏ အပြန်ခရီးသည် ငါ့၏ထံသို့ဖြစ်၏၊ သင်တို့၏ အကြား ကွဲလွဲမှုများကို ငါအရှင် ဆုံးဖြတ်တော်မူမည်။''ဟု[၂၅] မိန့်၏။ |
| ၅၆။ | **فَأَمَّا الَّذِينَ كَفَرُواْ فَأُعَذِّبُهُمْ عَذَابًا شَدِيدًا فِي الدُّنْيَا وَالآخِرَةِ وَمَا لَهُم مِّن نَّاصِرِينَ۞**<br>သို့ဖြင့် ဖုံးကွယ်သူတို့အား ဤဘဝ နောင်ဘဝ၌ ပြင်းထန်သော ဝဋ်ကြွေးဖြင့် ဝဋ်ခံရစေမည်၊ သူတို့အတွက် ကူညီမည့်သူ မရှိချေ။ |
| ၅၇။ | **وَأَمَّا الَّذِينَ آمَنُوا وَعَمِلُواْ الصَّالِحَاتِ فَيُوَفِّيهِمْ أُجُورَهُمْ وَاللّهُ لاَ يُحِبُّ الظَّالِمِينَ۞**<br>ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှုကို ပြုသူတို့အား သူတို့၏ အကျိုးရလဒ်ကို ပြည့်ဝစုံလင်စေတော်မူမည်၊ ပရမတ်ဘုရားရှင်သည် အမိုက်စီးသူတို့အား နှစ်သက်တော် မမူပေ။ |
| ၅၈။ | **ذَلِكَ نَتْلُوهُ عَلَيْكَ مِنَ الآيَاتِ وَالذِّكْرِ الْحَكِيمِ۞**<br>ဤသည် သင့်အား ငါအရှင် ရွတ်ပြသည့် သုတ်တော်များမှ ဖြစ်၍ သတိရစေသော ဓမ္မသတ်များ ဖြစ်၏။ |
| ၅၉။ | **إِنَّ مَثَلَ عِيسَى عِندَ اللّهِ كَمَثَلِ آدَمَ خَلَقَهُ مِن تُرَابٍ ثِمَّ قَالَ لَهُ كُن فَيَكُونُ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်၏ ထံတော်၌ ယေရှု၏ ပမာသည်ကား အာဒံ၏ ပမာကဲ့သို့ဖြစ်၏၊ သူ့အား မြေမှုန့်မှ ဖြစ်တည်စေပြီး–''ဖြစ်၊''ဟု မိန့်လိုက်သော် ''ဖြစ်တည်လာရမည်တည်း။''[၂၆] |

---

(၂၅) အထက်ပါသုတ်တော် (၃း၅၄)တွင် ဂျူးတို့က ကိုယ်တော်ယေရှုအား သတ်ဖြတ်ရန် ကြံစည်မှုကို ပရမတ်ဘုရားရှင်က ကာကွယ်စောင့်ရှောက်ပေးထားသည်ဟု ဆို၍၊ ဤသုတ်တော်တွင် ''သင့်အား သေစေတော်မူမည်'' ဟု ပြောဆိုခြင်းကြောင့်၊ ရှေ့နောက်ကွဲလွဲသွားသည်ဟု မစွပ်စွဲသင့်ပေ။ ဤနေရာ၌ ပြောသော ''သေစေတော်မူမည်'' ဆိုသည်ကို အာရဗီစကား **ဝဖာဟ်** ဖြင့်ဆိုထားသောကြောင့်၊ ခန္ဓာဝန်ချသည်၊ ပရိနိဗ္ဗာန်ပြုသည် ဟု အနက်ကိုပေးပေသည်။ အသတ်ခံရခြင်းကို **ကုတိလ**ဟု သုံးပေသည်၊ ထို့ကြောင့် ကိုယ်တော်ယေရှုသည် ရန်သူများ သတ်ဖြတ်ခံရ၍ သေရမည်မဟုတ်ဘဲ၊ လောကသက်တမ်းစေ့၍ သဘာဝအလျောက် ခန္ဓာဝန်ချသွားရမည် ဖြစ်ကြောင်း၊ ထာဝရ အသက်ကို ပိုင်ဆိုင်ထားသူ မဟုတ်ကြောင်းကို ပြောခြင်း ဖြစ်ပေသည်။ ထို့အပြင် ''အထံတော်၌ မြှောက်စားတော်မူမည်'' ဆိုသည်ကိုလည်း ကိုယ်တော်အား အသက် မသေဘဲလျှက် အရှင် လတ်လတ် ကောင်းကင်သို့ ပင့်ချီသွားသည်ဟု ဒဏ္ဍာရီမြောက်အောင် မဖွင့်ဆိုသင့်ပေ။ ကျမ်းတော်တွင် လူသားကို ''သေမျိုး'' ဟု လည်းကောင်း၊ ''ကိုယ်တော်မုဟမ္မဒ် မတိုင်မီ ရှေ့ကိုယ်တော်အားလုံး ပရိနိဗ္ဗာန်ပြုခဲ့ရပြီ၊''ဟုလည်းကောင်း (၃း၁၄၃)၊ ကိုယ်တော်ယေရှုသည် ''ကွယ်လွန်ခဲ့ပြီ၊''ဟုလည်းကောင်း (၅း၁၁၇)တွင် တိကျစွာ ပြောထားပေသည်။

(၂၆) ဤသုတ်တော်သည် အာဒံ၊ ယေရှုအပါအဝင် လူသားအားလုံး၏ ဖြစ်စဉ်ကို ပြည့်စုံနက်နဲစွာ တင်ပြထားသော သုတ်တော်တစ်ပါး ဖြစ်ပေသည်။ ကိုယ်တော်ယေရှုသည် ဖခင် မရှိဘဲလျှက် မိခင်တစ်ဦးတည်းမှ မွေးဘွားလာသည်ဟု ခရစ်ယာန် အကြိုက်လိုက်လျှက် ဖွင့်ဆိုသူများက ဤသုတ်တော်မှ ''အာဒံ ကဲ့သို့'' ဟူသည်ကို ကောက်ယူလျှက် ''အာဒံ'' တွင် မိဘမရှိ၊ မြေကြီးမှ လူပုံပြုလုပ်၍ ဘုရားရှင်က အသက်မှုတ်သွင်းပေးလိုက်ပြီး လောကသို့ လွှတ်လိုက်သည်ဟု ဖွင့်ဆိုပြီး၊ ယေရှုတွင် ဖေမရှိဘဲ မွေးသည်ဟု ဖွင့်ဆိုကြပေသည်။ ထိုဆရာတော်ကြီးများ၏ ဖွင့်ဆိုချက်များသည် အမြီးအမောက် မတည့်ကြချေ။ ''အာဒံကဲ့သို့'' ဆိုသော စကားသည် အာဒံ၌ မိဘမရှိလျှင် ယေရှု၌လည်း မိဘမရှိဘဲ ဖြစ်ရမည်၊ အာဒံသည် ဤကမ္ဘာလောက၌ သေခဲ့ရလျှင် ယေရှုသည်လည်း သေခဲ့ရပေမည်၊ မသေဘဲ ကောင်းကင်ဘုံသို့ တက်သွားရသည်ဟု ကောက်ယူ၍ မရပေ။ ဤသို့ မဆင်မခြင်ဘဲ မိမိဖြစ်ချင်ရာဘက်သို့ အတင်း ဆွဲယူခြင်းသည် ဤသုတ်တော်၏ သဘာဝအလှကို ဖျက်ဆီးရာ ရောက်ပေသည်။ ကျမ်းတော်၌ လူသား အားလုံးကို ကိုယ်စားပြုလျှက် အာဒံအား မကြာခဏ ဖေါ်ပြသည်၊ လူသားအားလုံးကို မြေမှ ဖြစ်တည်စေသည်၊ (၁၈း၃၇။ ၂၂း၅။ ၃၀း၂၀)၊ ဆိုလိုသည်မှာ ဖိုမ နှစ်ဦးသည် ပေါင်းဘက် မျိုးပွားနိုင်ရန်အတွက် မြေမှ ဖြစ်ထွန်းသော အဟာရများကို မှီဝဲလျှက် မြေခါတ်ကို အလျှင် စုဆောင်းရပေသည်။ မျိုးဆက်ပွားများရန် မြေခါတ် မလုံလောက်သေးသော (အရွယ်မရောက်သေးသော) လူမမယ် ကလေးနှစ်ဦးကို ပေါင်းဆက်စေခြင်းဖြင့် မျိုးဆက် မပွားနိုင်ပေ။ စုဆောင်းသိုမှီးလာသော မြေခါတ် အဆီအနှစ်မှ မျိုးစေ့ရည် ဖြစ်လာရပေသည်။ ထို့မှ အဆင့်ဆင့် ပြောင်းလဲခြင်းဖြင့် လူ သန္ဓေသား ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် လူသားကို မြေမှ ဖြစ်တည်စေသည်ဟု ပြောဆိုခြင်း ဖြစ်ပေသည်။ ထိုလူသားမျိုးစေ့ ဖြစ်တည်လာမည့် အဆီအနှစ်ကို မိခင်သို့မဟုတ် ဘခင် တစ်ဘက်တည်းမှ စုဆောင်းခြင်းဖြင့်လည်း မျိုးမအောင်နိုင်ချေ၊ မိနှင့်ဘ ပေါင်းစပ်ရန် လိုအပ်ပေသည်။ (၆း၁၀၁)။ ကုရ်အာန်ကျမ်းတော်တွင် ယေရှုအား ''မြေဖြင့် ရုပ်ပုံလုပ်လျှက် အသက်မှုတ်သွင်းလိုက်ခြင်းဖြင့် လူဖြစ်လာသည်''ဟု လုံးဝပြော မထားသည့် အပြင် သူ့အား လူသားတိုင်း၏ သဘာဝအတိုင်း မိခင်မှ ကိုယ်ဝန်ယူ မွေးရသည်ဟု ၁၉း၂၂–၂၅ တွင် အတိ အကျပြောထားပေသည်။ သို့ဖြစ်လျှင် ယေရှုကဲ့သို့ဖြစ်သော အာဒံသည်လည်း မိဘ မရှိဘဲ လူဖြစ်လာရသည်ဟု မည်သို့မှ အဓိပ္ပါယ်ကောက်ယူ၍ မရပေ။ ထိုကဲသို့ သွန်သင်ချက်မျိုးကို ဤကုရ်အာန်ကျမ်းတော်၌ လုံးဝ ဥဿုံ မပါရှိချေ။ (၂း၃၀–အာဒံကို ကြည့်ပါ)

| | |
|---|---|
| ၆၀။ | **الْحَقُّ مِن رَّبِّكَ فَلاَ تَكُن مِّن الْمُمْتَرِينَ**۞<br>သစ္စာခံမှုသည် သင်၏ကံကြမ္မာရှင် ထံမှ ဖြစ်၏၊ သို့ဖြစ်၍ အငြင်းသန်သူများတွင် မပါဝင်နှင့်၊ |
| ၆၁။<br><br>ခံယူချက်<br>တူသူများ | **فَمَنْ حَآجَّكَ فِيهِ مِن بَعْدِ مَا جَاءكَ مِنَ الْعِلْمِ فَقُلْ تَعَالَوْاْ نَدْعُ أَبْنَاءنَا وَأَبْنَاءكُمْ وَنِسَاءنَا وَنِسَاءكُمْ وَأَنفُسَنَا وأَنفُسَكُمْ ثُمَّ نَبْتَهِلْ فَنَجْعَل لَّعْنَةُ اللّهِ عَلَى الْكَاذِبِينَ**۞<br>အသိမှန်မှ သင့်ထံသို့ ရောက်ရှိပြီးနောက် သင့်အား စောဒကတက်လာသူ ရှိလျှင်– "လာကြလော့၊ ကျွန်ုပ်တို့၏ သားမြေးများ၊ သင်တို့၏သားမြေးများ၊ ကျွန်ုပ်တို့၏ အမျိုးသမီးများ၊ သင်တို့၏ အမျိုးသမီးများနှင့် ကျွန်ုပ်တို့၏ **ဉာဉ်စရိုက်များ** သင်တို့၏ **ဉာဉ်စရိုက်များ**ကို ဆင့်ခေါ်၍ လိမ်ညာသူများ၏ အပေါ်သို့ ပရမတ်ဘုရားရှင်၏ မေတ္တာတော် ကင်းဝေးပါစေဟု ပြင်းထန်စွာ ကျိန်ဆိုကြစို့၊"ဟု ကြေညာလော့။[၂၂၇] |
| ၆၂။ | **إِنَّ هَذَا لَهُوَ الْقَصَصُ الْحَقُّ وَمَا مِنْ إِلَـهٍ إِلاَّ اللّهُ وَإِنَّ اللّهَ لَهُوَ الْعَزِيزُ الْحَكِيمُ**۞<br>ကေန်ပင် ဤသည်မှာ တိကျမှန်ကန်သော ရှင်းလင်းချက်ပင် ဖြစ်၏၊ ပရမတ်ဘုရားရှင်မှ အပ အခြား ဘုရားဟူ၍ မရှိပြီ၊ လုံးဝကေန်– ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် အဆုံးအဖြတ်ရှင် ဖြစ်၏။ |
| ၆၃။ | **فَإِن تَوَلَّوْاْ فَإِنَّ اللّهَ عَلِيمٌ بِالْمُفْسِدِينَ**۞<br>အကယ်၍ လှည့်သွားခဲ့ကြသော်– ကေန်ပင် ပရမတ်ဘုရားရှင်သည် အဖျက်ကောင်များကို သိနေတော်မူ၏။ |
| ၆၄။<br><br>မွတ်<br>ဆလင် | **قُلْ يَا أَهْلَ الْكِتَابِ تَعَالَوْاْ إِلَى كَلَمَةٍ سَوَاء بَيْنَنَا وَبَيْنَكُمْ أَلاَّ نَعْبُدَ إِلاَّ اللّهَ وَلاَ نُشْرِكَ بِهِ شَيْئًا وَلاَ يَتَّخِذَ بَعْضُنَا بَعْضاً أَرْبَابًا مِّن دُونِ اللّهِ فَإِن تَوَلَّوْاْ فَقُولُواْ اشْهَدُواْ بِأَنَّا مُسْلِمُونَ**۞<br>ဖိတ်ခေါ်လော့ "အို၊ ကျမ်းစာဝိုင်းသားတို့–ပရမတ်ဘုရားရှင်မှအပ အခြားကို မကိုးကွယ်ပါ၊ အရှင်နှင့် အခြားအရာကို ရောပြွမ်းခြင်း မပြုပါ၊ ပရမတ်ဘုရားရှင်အား တုပြိုင်လျက် ကျွန်ုပ်တို့အချင်းချင်း အရှင်ဘုရား ဟူ၍ အယူမထားပါဟု ကျွန်ုပ်တို့နှင့် သင်တို့ကြား တူမျှသော သစ္စာ ဆိုကြပါစို့၊" သူတို့ လှည့်သွားခဲ့သော် "ကျွန်ုပ်တို့သည် **သန္တိသုခဝါဒီ**များ ဖြစ်ကြ၏"ဟု သင်တို့ သက်သေပြုကြလော့။[၂၂၈] |

---

(၂၂၇) ခရစ်ယာန်ဘာသာဝင်တို့၏ အယူဖြစ်သော– ကိုယ်တော်ယေရှုသည် အဖေမရှိဘဲ မွေးဘွားလာသည်ဟုလည်းကောင်း၊ လောက၌ အသက်မသေဘဲလျက် ကောင်းကင်ယံသို့ ကြွမြန်းသွားသည်ဟုလည်းကောင်း လူသားတို့၏ ပကတိ သဘာဝတရားကို ကျော်လွန်၍ ယုံကြည်မှုများကို ကုရ်အာန်ကျမ်းတော်က ထောက်ခံကြိုဆိုခြင်း မရှိချေ၊ ထိုအကြောင်းအရာများကို လက်ကိုင်ထားလျက် အစ္စလာမ်ပြက္ခဒိန် ဟစ်ဂျရီ (ပြောင်းရွှေ့) ၉ ခုနှစ်တွင် ဘာသာရေး ဆွေးနွေးရန် ရောက်လာကြသော နဂျ်ရန်မြို့ မှ အဖွဲ့ဝင် (၁၄) ဦးပါ ခရစ်ယာန် ကိုယ်စားလှယ် အဖွဲ့နှင့် ဆွေးနွေးသောအခါ မည်မျှပင် ယုတ္တိဗေဒဖြင့် ရှင်းပြစေကာမူ လက်ခံခြင်း မရှိဘဲ ၎င်းတို့၏ မိရိုးဖလာ အစွဲကိုသာ လေ့နှံ့ခါးထစ် သတ်မှတ်ထားသောကြောင့် ကိုယ်တော်မုဟမ္မဒ်ထံသို့ ဤသုတ်တော် ကိန်းဝပ်လာခြင်း ဖြစ်ပေသည်။ ထိုသို့ တိုင်တည်ဆုတောင်းကြမည်ဟု ဆင့်ဆိုသော အခါတွင်မှ ခရစ်ယာန်များဘက်က အလျှော့ပေးခဲ့ပေသည်။ ထိုအကြောင်းအရာအား "ကိုယ်တော်မုဟမ္မဒ်၏ ယုံကြည်မှု ခိုင်မာကြောင်း– ခရစ်ယာန်တို့ဘက်မှ ပြောဆိုချက်များသည် တွေးတောကြံဆ မှုသာဖြစ်၍ ယုံကြည်မှု မခိုင်မာကြောင်း" ဆာဝိလျံမူရေး က "Life of Mohammed မုဟမ္မဒ်၏ ဘဝတာ" စာအုပ် စာမျက်နှာ ၂၆၀ တွင် ဝန်ခံ ရေးသားထားသည်ကို တွေ့ရပေသည်။

(၂၂၈) ဤသုတ်ဒေသနာတော်သည် အစ္စလာမ်သာသနာ၏ သာသနာပြုနည်းကို သင်ကြားပေးသော သုတ်တော် တစ်ပါးဖြစ်ပေသည်။ အကြောင်းအရာတစ်ခုအား ဆွေးနွေးသောအခါ– ငါမှန်သည် သင်မှားသည်ဟု ပုံသေကားချပ် သတ်မှတ်ထားခြင်းမှာ တဘက်သား၏ ယုံကြည်မှုကို စော်ကားရာ ရောက်ပေသည် ထိုသို့သော အပြုအမူအား အစ္စလာမ်သသတနက လုံးဝ ခွင့်မပြုပေ၊ (၂း၂၅၆)။ အစ္စလာမ်သာသနာသည် မည်သူတစ်ဦး တစ်ယောက်၏ ကိုးကွယ်ယုံကြည်မှုကိုမျှ စော်ကားခြင်း မရှိပေ။ ဘာသာတရားတိုင်း၏ ပင်မမူလ အနှစ်ဖြစ်သည့် "ဘုရားတစ်ဆူဝါဒ"ကိုသာ ဘုံ သတ်မှတ်ကြရန် အစဉ်အမြဲ အဆိုပြု တင်ပြပေသည်။ သမ္မာကျမ်းစာတွင်လည်းကောင်း၊ ဗုဒ္ဓဘာသာတို့၏ သီလတွင်လည်းကောင်း "ဘုရားမှလွဲ၍ ကိုးကွယ်ရာမရှိ" ဆိုသည်ကို ထင်ထင်ရှားရှား တွေ့နိုင်ပေသည်။ ဤသုတ်တော်တွင်ပင်ကြည့်ပါ၊ "သင်သည် ကျွန်ုပ်၏ သာသနာထဲသို့ဝင်ပါ၊"ဟု ဆွဲဆောင် ခေါ်ယူခြင်း မရှိပေ။ သင်နှင့် ကျွန်ုပ်အကြား၌ ဘုံသဘောတူညီချက်ကို အရင်ထားပြီး စေ့စပ်ဆွေးနွေးရန်သာ တိုက်တွန်း ဆင့်ဆိုပေသည်။

| | |
|---|---|
| ၆၅။<br><br>❖ ၃း၃ | **يَا أَهْلَ الْكِتَابِ لِمَ تُحَآجُّونَ فِي إِبْرَاهِيمَ وَمَا أُنزِلَتِ التَّورَاةُ وَالإنجِيلُ إِلاَّ مِن بَعْدِهِ أَفَلاَ تَعْقِلُونَ۝**<br>အို ကျမ်းစာဝိုင်းသားတို့ အဘယ်ကြောင့် အီဗရာဟီးမ်နှင့် ပတ်သက်လျက် ငြင်းခုံ နေကြသနည်း၊ တိုရာဟ်ကျမ်း- ဝေံဂလိကျမ်း❖တို့ကို သူ့ခေတ်နောက်တိုင် ချမှတ်သေးသည် မဟုတ်ချေ၊ အသိဉာဏ် မရှိကြသလော။ |
| ၆၆။ | **هَاأَنتُمْ هَؤُلاء حَاجَجْتُمْ فِيمَا لَكُم بِهِ عِلمٌ فَلِمَ تُحَآجُّونَ فِيمَا لَيْسَ لَكُم بِهِ عِلْمٌ وَاللّهُ يَعْلَمُ وَأَنتُمْ لاَ تَعْلَمُونَ۝**<br>သင်တို့သည် မိမိတို့မသိသည့် အရာကို ငြင်းနေသူများ ဖြစ်ကြ၏၊ အသင်တို့ မသိသော အရာ၌ အဘယ်ကြောင့် ငြင်းနေကြသနည်း၊ သင်တို့မသိသည်ကို ပရမတ်ဘုရားရှင်က သိနေတော်မူ၏။ |
| ၆၇။<br><br>မွတ်<br>ဆလင် | **مَا كَانَ إِبْرَاهِيمُ يَهُودِيًّا وَلاَ نَصْرَانِيًّا وَلَكِن كَانَ حَنِيفًا مُّسْلِمًا وَمَا كَانَ مِنَ الْمُشْرِكِينَ۝**<br>အီဗရာဟီးမ်သည် ရေဝတီမဟုတ်၊ ခရစ်ယာန်လည်း မဟုတ်၊ သို့ရာတွင် သူသည် အယူသန့်သော **သွန္တိသုခဝါဒီ** ဖြစ်၏၊ သူသည် ရောပြွန်းကိုးကွယ်သူများ၌ မပါဝင်ချေ။ |
| ၆၈။<br><br>မုဟမ္မဒ် | **إِنَّ أَوْلَى النَّاسِ بِإِبْرَاهِيمَ لَلَّذِينَ اتَّبَعُوهُ وَهَذَا النَّبِيُّ وَالَّذِينَ آمَنُواْ وَاللّهُ وَلِيُّ الْمُؤْمِنِينَ۝**<br>ကေန်ပင် အီဗရာဟီးမ်နှင့် အနီးစပ်ဆုံး လူသားများမှာ  သူနှင့် **ဤသတင်းတော်ဆောင်**အား လိုက်နာသူများ၊  ယုံကြည်သူများ ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်သည် ယုံကြည်သူများအတွက် ကွပ်ကဲသူ ဖြစ်၏။ |
| ၆၉။ | **وَدَّت طَّآئِفَةٌ مِّنْ أَهْلِ الْكِتَابِ لَوْ يُضِلُّونَكُمْ وَمَا يُضِلُّونَ إِلاَّ أَنفُسَهُمْ وَمَا يَشْعُرُونَ۝**<br>ကျမ်းစာဝိုင်းသားများမှ တစ်စုသည် သင်တို့အား လွဲချော်စေလို၏၊ သူတို့၏ ဥဉ်ကိုသာ သူတို့ လွဲချော်စေပြီ၊ သတိမူနိုင်ခြင်း မရှိကြချေ။ |
| ၇၀။ | **يَا أَهْلَ الْكِتَابِ لِمَ تَكْفُرُونَ بِآيَاتِ اللّهِ وَأَنتُمْ تَشْهَدُونَ۝**<br>အို ကျမ်းစာဝိုင်းသားတို့ သင်တို့သည် သက်သေများဖြစ်လျက်[၂၂၉] ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို အဘယ်ကြောင့် ဖုံးကွယ်ကြသနည်း။ |
| ၇၀။ | **يَا أَهْلَ الْكِتَابِ لِمَ تَلْبِسُونَ الْحَقَّ بِالْبَاطِلِ وَتَكْتُمُونَ الْحَقَّ وَأَنتُمْ تَعْلَمُونَ۝**<br>အို၊ ကျမ်းစာဝိုင်းသားတို့ အဘယ်ကြောင့် အမှန်ကို အမှားဖြင့် ရှုပ်ထွေးစေသနည်း၊ သင်တို့ သိနေပါလျက် အမှန်ကို အဘယ်ကြောင့် ထိန်ဝှက်ကြသနည်း။ |
| ၇၂။<br><br>ယုံကြည်<br>သူတို့ | **وَقَالَت طَّآئِفَةٌ مِّنْ أَهْلِ الْكِتَابِ آمِنُواْ بِالَّذِيَ أُنزِلَ عَلَى الَّذِينَ آمَنُواْ وَجْهَ النَّهَارِ وَاكْفُرُواْ آخِرَهُ لَعَلَّهُمْ يَرْجِعُونَ۝**<br>ကျမ်းစာဝိုင်းသားများမှ တစ်စုက နိူးဆော်သည်မှာ “**သူတို့** ဦးလှည့်စေခြင်းငှာ ယုံကြည်သူများထံသို့ ချမှတ်ပေးရာအား နေ့၏ ရှေ့ပိုင်းတွင် ယုံကြည်ကြ၍ နောက်ပိုင်းတွင် ဖုံးကွယ်ကြကုန်လော့- |
| ၇၃။ | **وَلاَ تُؤْمِنُواْ إِلاَّ لِمَن تَبِعَ دِينَكُمْ قُلْ إِنَّ الْهُدَى هُدَى اللّهِ أَن يُؤْتَى أَحَدٌ مِّثْلَ مَا أُوتِيتُمْ أَوْ يُحَآجُّوكُمْ عِندَ رَبِّكُمْ قُلْ إِنَّ الْفَضْلَ بِيَدِ اللّهِ يُؤْتِيهِ مَن يَشَاء وَاللّهُ وَاسِعٌ عَلِيمٌ۝** |

(၂၂၉) ဘာသာတရား တစ်ခုကို လက်ကိုင်ထားသော ကျမ်းရှိသူအားလုံးသည် ကျမ်းတော်ဆိုသည်မှာ သဗ္ဗညုတ ဉာဏ်စဉ်တော်ဖြင့် ကိန်းဝပ်ပညတ်ပေးသည့် ပညတ်တော်များ ဖြစ်သည်ကို လည်းကောင်း၊ နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ပွင့်ပေါ်မည်ကို လည်းကောင်း ယုံကြည် သက်သေပြုထားကြပေသည်။ ထို့ကြောင့် ကျမ်းရှိသူအပေါင်းကို သက်သေများဟု ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ☆ ၂း၇၀ | –သင်တို့၏ သာသနာဝင်မှ အပ မယုံကြည်ကြလင့်၊”ဟု ဖြစ်၏။ ဟောကြားလော့ “ပရမတ်ဘုရားရှင်၏ လမ်းညွှန်သာလျှင် လမ်းမှန်ဖြစ်၏၊ သင်တို့အား ပေးအပ်သကဲ့သို့ တစ်စုံတစ်ယောက်အား ပေးအပ်ချီးမြှင့် နိုင်၏ သို့မဟုတ် သင်တို့၏ ကံကြမ္မာရှင်ထံ၌ သင်တို့အား စောဒကတက်နိုင်၏။” ပြောဦးလော့ “ကေန်ပင် သိက္ခာပေးမှုသည် ပရမတ်ဘုရားရှင်၏ လုပ်ပိုင်ခွင့်၌ ရှိ၏၊ အရှင်သည် စံချိန်ပြည့်သူအား☆ ချီးမြှင့်တော်မူ၏၊ ပရမတ်ဘုရားရှင်သည် ဉာဏ်စေစားနေ၏ ကုန်စင်သိနေ၏၊” |
| ၇၄။<br>☆ ၂း၇၀ | **يَخْتَصُّ بِرَحْمَتِهِ مَن يَشَاء وَاللّهُ ذُو الْفَضْلِ الْعَظِيمِ۞**<br>စံချိန်ပြည့်သူအား☆ ကရုဏာတော်ဖြင့် သီးသန့်ရွေးကောက်၏၊ ပရမတ်ဘုရားရှင်သည် ကြီးမြတ်သော သိက္ခာတော်ရှင် ဖြစ်၏။ |
| ၇၅။ | **وَمِنْ أَهْلِ الْكِتَابِ مَنْ إِن تَأْمَنْهُ بِقِنطَارٍ يُؤَدِّهِ إِلَيْكَ وَمِنْهُم مَّنْ إِن تَأْمَنْهُ بِدِينَارٍ لاَّ يُؤَدِّهِ إِلَيْكَ إِلاَّ مَا دُمْتَ عَلَيْهِ قَآئِمًا ذَلِكَ بِأَنَّهُمْ قَالُواْ لَيْسَ عَلَيْنَا فِي الأُمِّيِّينَ سَبِيلٌ وَيَقُولُونَ عَلَى اللّهِ الْكَذِبَ وَهُمْ يَعْلَمُونَ۞**<br>ကျမ်းစာဝိုင်းသားများအနက် သင် ယုံကြည် အပ်နှံသော ငွေကြေးများကို ပြန်ပေးသူ ရှိ၏၊ သူတို့အနက် သင် ယုံကြည်အပ်နှံသော ငွေတစ်ပြားကိုပင် မရမက မတောင်းသမျှ[၂၀] ပြန်မပေးသူ ရှိ၏၊ ယင်းမှာ “စာမတတ်သူများနှင့် ပတ်သက်၍ နည်းလမ်းမလို၊”ဟု ဆိုသောကြောင့် ဖြစ်၏၊ သူတို့သည် သိနေပါလျက် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည် ပြောဆိုကြကုန်၏။ |
| ၇၆။ | **بَلَى مَنْ أَوْفَى بِعَهْدِهِ وَاتَّقَى فَإِنَّ اللّهَ يُحِبُّ الْمُتَّقِينَ۞**<br>အမှန်မှာ– မည်သူမဆို ကတိကဝတ်အား တည်စေအံ့၊ စည်းစောင့်အံ့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများအား နှစ်သက်တော်မူ၏။ |
| ၇၇။ | **إِنَّ الَّذِينَ يَشْتَرُونَ بِعَهْدِ اللّهِ وَأَيْمَانِهِمْ ثَمَنًا قَلِيلاً أُوْلَئِكَ لاَ خَلاَقَ لَهُمْ فِي الآخِرَةِ وَلاَ يُكَلِّمُهُمُ اللّهُ وَلاَ يَنظُرُ إِلَيْهِمْ يَوْمَ الْقِيَامَةِ وَلاَ يُزَكِّيهِمْ وَلَهُمْ عَذَابٌ أَلِيمٌ۞**<br>ပရမတ်ဘုရားရှင်၌ ထားသည့် ကတိများ၊ သူတို့ကိုယ်တိုင် ကျိန်ဆိုခဲ့မှုများကို မဖြစ်စလောက်ဖြင့် ရောင်းစားသူတို့အဘို့ နောင်ဘဝ၌ ဝေစုမရှိ၊ သူတို့အား ပရမတ်ဘုရားရှင်က ဆင့်ဆိုမည် မဟုတ်၊ ရပ်တည်မြဲမြံသောနေ့၌ ရှုစားမည် မဟုတ်၊ သန့်စင်စေမည် မဟုတ် သူတို့အဘို့ စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၇၈။ | **وَإِنَّ مِنْهُمْ لَفَرِيقًا يَلْوُونَ أَلْسِنَتَهُم بِالْكِتَابِ لِتَحْسَبُوهُ مِنَ الْكِتَابِ وَمَا هُوَ مِنَ الْكِتَابِ وَيَقُولُونَ هُوَ مِنْ عِندِ اللّهِ وَمَا هُوَ مِنْ عِندِ اللّهِ وَيَقُولُونَ عَلَى اللّهِ الْكَذِبَ وَهُمْ يَعْلَمُونَ۞**<br>ကေန်ပင် သူတို့မှ တစ်စုသည် ကျမ်းတော်အား **နှုတ်လျှာကိုလှည့်လျက်** ကျမ်းတော်၌ မပါသည်ကို ကျမ်းတော်၌ ပါသည်ဟု ထင်မှတ်စေရန်ပြု၏၊ ပရမတ်ဘုရားရှင်၏ထံပါးမှ မဟုတ်သည်ကို ပရမတ်ဘုရားရှင်၏ ထံပါးမှ–ဟု ပြောဆိုကြ၏၊ သူတို့သည် သိနေပါလျက် ပရမတ်ဘုရား၏ အပေါ်၌ မှုသားပြုကြ၏။ |
| ၇၉။ | **مَا كَانَ لِبَشَرٍ أَن يُؤْتِيَهُ اللّهُ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ ثُمَّ يَقُولَ لِلنَّاسِ كُونُواْ عِبَادًا لِّي مِن دُونِ اللّهِ وَلَكِن كُونُواْ رَبَّانِيِّينَ بِمَا كُنتُمْ تُعَلِّمُونَ الْكِتَابَ وَبِمَا كُنتُمْ تَدْرُسُونَ۞** |

(၂၀) “မရမက မတောင်းသမျှ” ဟူသော စကားသည် **မာဒွမ်းမ်တ အလိုင်းဟိ ကာအိမန်မ်** ကို ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ထိုစကား၏ တိုက်ရိုက် အဓိပ္ပါယ်မှာ “သူ့အပေါ်၌ အတူတူ မရပ်တည်သမျှ၊”ဟု ဖြစ်၍ သူ့ထံမှ မိမိအပ်နှံထားသော ပစ္စည်းအား ပြန်လည်ရရှိရန် ခိုင်မြဲစွာ ရပ်တည်၍ ပြန်တောင်းခြင်းကို ခေါ်ပေသည်။ လိုအပ်လျှင် ဥပဒေအရ တရားစွဲ ပြန်ယူရခြင်းမျိုးကို ခေါ်ပေသည်။

| | |
|---|---|
| ☆ ၃း၁၄၆ | ပရမတ်ဘုရားရှင်က ကျမ်းတော်၊ ဓမ္မသတ်တော်နှင့် သတင်းတော်ဆောင်ဘွဲ့ကို ချီးမြှင့်သော မည်သည့် လူ တစ်ဦးသည်မျှ– ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် အကျွန်ုပ်အား ကိုးကွယ်ကြဟု ပြောဆိုမည် မဟုတ်ချေ။ သို့ရာတွင် သင်တို့သည် ကျမ်းတော်အား သင်ကြားသူများ၊ သင်တို့သည် သင်ယူသူများ အဖြစ်ဖြင့် သူတော်စင် အဖြစ်☆ ခံယူလော့ဟု ပြောလိမ့်မည်။ |
| ၈၀။<br>☆ ၂း၃၀။<br>၂း၆၁<br>**မှတ်ဆလင်** | وَلاَ يَأْمُرَكُمْ أَن تَتَّخِذُواْ الْمَلاَئِكَةَ وَالنِّبِيِّيْنَ أَرْبَابًا أَيَأْمُرُكُم بِالْكُفْرِ بَعْدَ إِذْ أَنتُم مُّسْلِمُونَ۞<br>နိမိတ်ဆောင်များနှင့် သတင်းတော်ဆောင်များအား☆ အရှင်ဘုရား အဖြစ် အယူထားကြရန်လည်း မိန့်ဆိုမည် မဟုတ်ပေ။ သင်တို့သည် **သွန္နိသုခဝါဒီ**များ ဖြစ်ပြီးနောက်မှ ဖုံးကွယ်ကြရန် မိန့်ဆိုဦးမည်လော။ |
| ၈၁။<br>☆ကျမ်း<br>တော်များ<br>★၃၃း၇ | وَإِذْ أَخَذَ اللّهُ مِيثَاقَ النَّبِيِّيْنَ لَمَا آتَيْتُكُم مِّن كِتَابٍ وَحِكْمَةٍ ثُمَّ جَاءكُمْ رَسُولٌ مُّصَدِّقٌ لِّمَا مَعَكُمْ لَتُؤْمِنُنَّ بِهِ وَلَتَنصُرُنَّهُ قَالَ أَأَقْرَرْتُمْ وَأَخَذْتُمْ عَلَى ذَلِكُمْ إِصْرِي قَالُواْ أَقْرَرْنَا قَالَ فَاشْهَدُواْ وَأَنَاْ مَعَكُم مِّنَ الشَّاهِدِينَ۞<br>ပရမတ်ဘုရားရှင်သည် သတင်းတော်ဆောင်တို့အား "ငါသည် သင်တို့အား ကျမ်းတော်မှ ဓမ္မသတ်ကို ပေးအပ်ပြီ၊ တဖန် သင်တို့၌ ရှိသည်ကို☆ ဖြောင့်မှန်စေမည့် ဥဇာ်စဉ်ဆောင် တစ်ပါး သင်တို့ ထံသို့ ရောက်စေမည် သူ့အား ယုံကြည်ကြလော့၊ သူ့အား ကူညီကြလော့၊"ဟု အာမဘန္ဓေကို ယူ၍ "ငါ၏ ပဋိညာဉ်ကို သင်တို့ အတည်ပြုသလော၊ လက်ခံကြသလော၊"ဟု မေးမြန်းသော်၊ "တပည့်တော်တို့ အတည်ပြုပါသည်၊"ဟု လျှောက်ထားကြ၏။ အရှင်က "သက်သေများ ဖြစ်ကြလော့၊ ငါအရှင်သည်လည်း သက်သေများနှင့်အတူ ရှိတော်မူ၏၊"ဟု မိန့်ဆို၏။★ |
| ၈၂။ | فَمَن تَوَلَّى بَعْدَ ذَلِكَ فَأُوْلَـئِكَ هُمُ الْفَاسِقُونَ۞<br>သည်နောက်တွင်မှ လှည့်သွားခဲ့သော် ထိုသူတို့သည် ယုတ်မာသူများ ဖြစ်ကြ၏။ |
| ၈၃။ | أَفَغَيْرَ دِينِ اللّهِ يَبْغُونَ وَلَهُ أَسْلَمَ مَن فِي السَّمَاوَاتِ وَالأَرْضِ طَوْعًا وَكَرْهًا وَإِلَيْهِ يُرْجَعُونَ۞<br>ပရမတ်ဘုရားရှင်၏ သာသနာမှအပ အခြားကို ရှာလိုကြသလော၊ မိုးများနှင့် မြေ၌ ရှိသူတို့သည် သဘောတူသည် ဖြစ်စေ၊ မတူသည်ဖြစ်စေ အရှင့်အား နာခံဝတ် ဖြည့်နေရ၏၊ အရှင့်ထံသို့သာ ပြန်ရမည်ပင်။ |
| ၈၄။<br>☆ ၂း၁၃၆ | قُلْ آمَنَّا بِاللّهِ وَمَا أُنزِلَ عَلَيْنَا وَمَا أُنزِلَ عَلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإِسْحَقَ وَيَعْقُوبَ وَالأَسْبَاطِ وَمَا أُوتِيَ مُوسَى وَعِيسَى وَالنَّبِيُّونَ مِن رَّبِّهِمْ لاَ نُفَرِّقُ بَيْنَ أَحَدٍ مِّنْهُمْ وَنَحْنُ لَهُ مُسْلِمُونَ۞<br>"ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၊ ကျွန်ုပ်တို့ထံသို့ ချမှတ်ပေးရာ၊ အီဗရာဟီးမ်၊ အီစွမာအီလ်၊ အီစွဟာ့က်၊ ယာကုဗ်နှင့် လူမျိုးစုများထံသို့ ချမှတ်ပေးရာ၊ မူဆာနှင့် ယေရှုတို့ထံသို့ ပေးအပ်ရာနှင့် သတင်းတော်ဆောင်တိုင်းအား ကံကြမ္မာရှင်၏ထံမှ ပေးအပ်ရာတို့ကို ယုံကြည်ကြ၏၊ ထိုကိုယ်တော်များအား တစ်ပါးနှင့် တစ်ပါး ခွဲခြားမှု မပြုပါ။ ကျွန်ုပ်တို့သည် အရှင့်အတွက် ငြိမ်းချမ်းရေးပြုသူများ ဖြစ်ကြ၏၊"ဟု ပြောဦးလော့။☆ |
| ၈၅။<br>☆၃း၁၉ | وَمَن يَبْتَغِ غَيْرَ الإِسْلاَمِ دِينًا فَلَن يُقْبَلَ مِنْهُ وَهُوَ فِي الآخِرَةِ مِنَ الْخَاسِرِينَ۞<br>သွန္နိသုခလမ်းစဉ်☆မှအပ အခြားသာသနာတစ်ခုခုအား ရှာဖွေသူသည် သူ့အလို အထမြောက်မည် မဟုတ်ချေ၊ ထိုသူ တို့သည် နောင်ဘဝ၌ ဆုံးရှုံးရသူများ ဖြစ်ရမည်။ |
| ၈၆။ | كَيْفَ يَهْدِي اللّهُ قَوْمًا كَفَرُواْ بَعْدَ إِيمَانِهِمْ وَشَهِدُواْ أَنَّ الرَّسُولَ حَقٌّ وَجَاءهُمُ الْبَيِّنَاتُ وَاللّهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞<br>သက်ဝင်ယုံကြည်ပြီးနောက်၊ ဥဇာ်စဉ်ဆောင်သည် မှန်ကန်ကြောင်း သက်သေပြုပြီးနောက်၊ သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်ပြီးနောက်မှ၊ ဖုံးကွယ်ကြသော လူမျိုးစုအား ပရမတ်ဘုရားရှင်က မည်သို့ လမ်းညွှန်အံ့နည်း၊ |

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် အမိုက်စီးသော လူမျိုးအား လမ်းညွှန်တော် မမူချေ။ |
| ၈၇။<br>✡၂း၁၅၉ | **أُوْلَـئِكَ جَزَآؤُهُمْ أَنَّ عَلَيْهِمْ لَعْنَةَ اللهِ وَالْمَلآئِكَةِ وَالنَّاسِ أَجْمَعِينَ۞**<br>သူတို့အတွက် အကျိုးဆက်ကား– ပရမတ်ဘုရားရှင်၊ နိမိတ်ဆောင်များနှင့် လူးသားအပေါင်း–အလုံးစုံ၏ မေတ္တာကင်းကွာမှုပင်တည်း–✡ |
| ၈၈။<br>☆၂း၃၉ | **خَالِدِينَ فِيهَا لاَ يُخَفَّفُ عَنْهُمُ الْعَذَابُ وَلاَ هُمْ يُنظَرُونَ۞**<br>ထိုဌာ ကာလမဲ့ဖြစ်၏။☆ သူတို့၏ ဝဋ်ကြွေးကို ပေါ့ပါးစေမည် မဟုတ်၊ ကူညီမှုလည်း ရှိမည် မဟုတ်ချေ။ |
| ၈၉။ | **إِلاَّ الَّذِينَ تَابُواْ مِن بَعْدِ ذَلِكَ وَأَصْلَحُواْ فَإِنَّ الله غَفُورٌ رَّحِيمٌ۞**<br>သို့သော် ယင်းသို့ပြုမိပြီးနောက် ခဝါချလျက် ပြုပြင်သူများအတွက်–ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။ |
| ၉၀။ | **إِنَّ الَّذِينَ كَفَرُواْ بَعْدَ إِيمَانِهِمْ ثُمَّ ازْدَادُواْ كُفْرًا لَّن تُقْبَلَ تَوْبَتُهُمْ وَأُوْلَـئِكَ هُمُ الضَّآلُّونَ۞**<br>သူတို့ထံ ယုံကြည်မှု ရောက်ပြီးမှ ဖုံးကွယ်ကြလျက် ထိုဖုံးကွယ်ခြင်းကို တိုးပွားသောသူ၏ ခဝါချမှုကို အထမြောက်စေမည်မဟုတ်၊ သူတို့သည် လွဲမှားသူများ ဖြစ်ကြ၏။ |
| ၉၁။ | **إِنَّ الَّذِينَ كَفَرُواْ وَمَاتُواْ وَهُمْ كُفَّارٌ فَلَن يُقْبَلَ مِنْ أَحَدِهِم مِّلْءُ الأرْضِ ذَهَبًا وَلَوِ افْتَدَى بِهِ أُوْلَـئِكَ لَهُمْ عَذَابٌ أَلِيمٌ وَمَا لَهُم مِّن نَّاصِرِينَ۞**<br>ကေန် ဖုံးကွယ်သူများမှ– ဖုံးကွယ်သူ အဖြစ်နှင့်ပင် သေဆုံးသွားသူ တစ်ဦးဦးအတွက် ကမ္ဘာမြေ အပြည့်ရှိသော ရွှေသားအတိ လျော်ကြေး ပေးသော်လည်း အကိုးပြည့်မည် မဟုတ်ချေ။ သူတို့အတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏၊ ကူညီမည့်သူ မရှိပြီ။ |
| ၉၂။ | **لَن تَنَالُواْ الْبِرَّ حَتَّى تُنفِقُواْ مِمَّا تُحِبُّونَ وَمَا تُنفِقُواْ مِن شَيْءٍ فَإِنَّ اللّهَ بِهِ عَلِيمٌ۞**<br>သင်တို့နှစ်သက်ရာကို စွန့်လွှတ်လှူဒါန်းခြင်း မရှိသ၍ အကျင့်မြတ်ကို ဆွတ်ခူးနိုင်မည် မဟုတ်၊ သင်တို့ စွန့်လွှတ်လှူဒါန်းသော တစ်စုံတစ်ရာအား ပရမတ်ဘုရားရှင်က ကေန် သိနေတော်မူ၏။[၂၃] |
| ၉၃။<br>ယာကုဗ်<br>☆၃း၂ | **كُلُّ الطَّعَامِ كَانَ حِـلاًّ لِّبَنِي إِسْرَائِيلَ إِلاَّ مَا حَرَّمَ إِسْرَائِيلُ عَلَى نَفْسِهِ مِن قَبْلِ أَن تُنَزَّلَ التَّوْرَاةُ قُلْ فَأْتُواْ بِالتَّوْرَاةِ فَاتْلُوهَا إِن كُنتُمْ صَادِقِينَ۞**<br>တိုရာဟ်ကျမ်းအား မချမှတ်မီ **အစ္စရေးလ်**က သူ့အကျင့်ကို ခွင့်မပြုသည်မှအပ အစားအသောက်အားလုံးသည် ဂျူးလူမျိုးများအတွက် တရားဝင်၏ ဟု ဆိုသူတို့အား "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် တိုရာဟ်ကျမ်းကို☆ ယူခဲ့လျက် ဖတ်ပြကုန်လော့၊" ဟု တောင်းဆိုလော့။[၂၄] |

(၂၃) ကပ်စီးနဲခြင်း၊ မိမိမလိုချင်သော အရာကိုမှ သူတစ်ပါးအား ပေးကမ်းခြင်းများကို ကျမ်းတော်က အကြီးအကျယ် ရှုတ်ချပေသည်။ ထို့အပြင် အမှန်တကယ် လိုအပ်နေသူများအား ရေ တစ်ခွက်သော်မျှ လှူဒါန်းရန် တွန့်တိုသူ၊ မိမိတွင် လှူဒါန်းနိုင်ရန် အင်အားမရှိလျှင် သူတစ်ပါးအား လှူဒါန်းရန် တိုက်တွန်းခြင်း မရှိသူ ထိုသူများသည် သာသနာတော်အား လိမ်လည်လှည့်စား နေသူများ ဖြစ်သည်ဟု ဆိုပေသည်။ (ကုရ်အာန်–၁၀၇)

(၂၄) ဂျူးလူမျိုးများအတွက် ကုလားအုပ်သားကို တားမြစ်ထားသည်ဟု အထကထာ ပညာရှင်များက ဖွင့်ဆိုကြပေသည်။ သူတို့အတွက် ပွင့်ပေါ်ခဲ့သော သတင်းတော်ဆောင် တစ်ပါးဖြစ်သည့် ကိုယ်တော်ယာကုဗ်၏ တစ်သီးပုဂ္ဂလ ရှောင်ကြည်သော အစားအစာများကို အစ္စရေးလ်တို့က ဘုရားရှင်မှ တားမြစ်သကဲ့သို့ ခံယူချက်များမှာ မမှန်ကန်ကြောင်း ဤသုတ်တော်မှ သွန်သင်ခြင်း ဖြစ်ပေသည်။ သတင်းတော်ဆောင်ဖြစ်စေ၊ ဉာဏ်စဉ်ဆောင် ဖြစ်စေ ကျန်းမာရေးအရ သော်လည်းကောင်း အကျင့်စရိုက်အရ သော်လည်းကောင်း မနှစ်သက် မကြိုက်သော အစားအစာများ ရှိနိုင်ပေသည်။ ထိုအရာသည် နောက်လိုက်ဒကာ အားလုံးနှင့် မသက်ဆိုင်ပေ၊ သူ၏ တစ်သီးပုဂ္ဂလ မနှစ်သက်ခြင်းသာ ဖြစ်ပေသည်။ အစ္စရေးလ်လူမျိုးများ အတွက် တားမြစ်ခဲ့သော အစားအစာများကို (၆း၁၄၇) တွင် တွေ့နိုင်ပေသည်။

၉၄။ **فَمَنِ افْتَرَىَ عَلَى اللّهِ الْكَذِبَ مِن بَعْدِ ذَلِكَ فَأُوْلَـئِكَ هُمُ الظَّالِمُونَ۞**

သည့်နောက်တွင်မှ ပရမတ်ဘုရားရှင်နှင့်စပ်လျဉ်း၍ မရိုးမသား လိမ်လည်သော မည်သူမဆို၊ သူတို့သည် အမိုက်ကောင်များ ဖြစ်ကုန်၏။

၉၅။ **قُلْ صَدَقَ اللّهُ فَاتَّبِعُواْ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ۞**

“ပရမတ်ဘုရားရှင်သည် အမှန်ကို မိန့်ဆို၏၊ အယူသန့်သော အီဗရာဟီးမ်၏ ပဋိပါတ်ကျင့်စဉ်သို့ လိုက်ကြလော့ သူသည် ရောပြွန်းကိုးကွယ်သူများမှ ကင်း၏၊”ဟု ဟောကြားလော့။

၉၆။ **إِنَّ أَوَّلَ بَيْتٍ وُضِعَ لِلنَّاسِ لَلَّذِي بِبَكَّةَ مُبَارَكًا وَهُدًى لِّلْعَالَمِينَ۞**

မက္ကာဟ် — ကေန်ပင် လူသားတို့အတွက် အဦးဆုံး သတ်မှတ်ခဲ့သော အိမ်တော်မှာ **ဗကာဟ်မြို့**၌ ဖြစ်၏။[၂၃၃] စကြဝဠာ ခပ်သိမ်းအတွက် မင်္ဂလာအဖြာဖြာနှင့် လမ်းညွှန်ရာ ဖြစ်၏။

၉၇။ **فِيهِ آيَاتٌ بَيِّنَاتٌ مَّقَامُ إِبْرَاهِيمَ وَمَن دَخَلَهُ كَانَ آمِنًا وَلِلّهِ عَلَى النَّاسِ حِجُّ الْبَيْتِ مَنِ اسْتَطَاعَ إِلَيْهِ سَبِيلاً وَمَن كَفَرَ فَإِنَّ الله غَنِيٌّ عَنِ الْعَالَمِينَ۞**

✡ ၂း၁၅၈ — ဤမြို့၌ ထင်ရှားသော နိမိတ်လက္ခဏာတို့ ရှိ၏၊ အီဗရာဟီးမ်၏ ရပ်တည်ခဲ့ရာ ရှိ၏။ ထိုအရပ်သို့ ဝင်ရောက်သူသည် ဘေးကင်းလုံခြုံ၏၊ ခရီးလမ်းသွားရန် တတ်နိုင်သူအဘို့ ထိုအိမ်တော်၌ ပရမတ်ဘုရားရှင်အတွက် ကံဆောင်ပရိဝုံးသ်ပြုရန်✡ လူလားတို့အပေါ်၌ ပြဋ္ဌာန်း၏၊ အကယ်၍ ဖုံးကွယ်သူရှိသော် ကေန်ပင် ပရမတ်ဘုရားရှင်သည် လောကခပ်သိမ်းအပေါ်၌ ကုံလုံပြည့်စုံတော်မူ၏။

၉၈။ **قُلْ يَا أَهْلَ الْكِتَابِ لِمَ تَكْفُرُونَ بِآيَاتِ اللّهِ وَاللّهُ شَهِيدٌ عَلَى مَا تَعْمَلُونَ۞**

ဟောလော့ “အို–ကျမ်းစာဝိုင်းသားတို့ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား အဘယ်ကြောင့် ဖုံးကွယ်ကြသနည်း၊ ပရမတ်ဘုရားရှင်သည် သင်တို့ ကျင့်ဆောင်သမျှ၌ သက်သေပင် ဖြစ်၏။”

၉၉။ **قُلْ يَا أَهْلَ الْكِتَابِ لِمَ تَصُدُّونَ عَن سَبِيلِ اللّهِ مَنْ آمَنَ تَبْغُونَهَا عِوَجًا وَأَنتُمْ شُهَدَاء وَمَا اللّهُ بِغَافِلٍ عَمَّا تَعْمَلُونَ۞**

ဟောလော့ “အို–ကျမ်းစာဝိုင်းသားတို့၊ သင်တို့ကိုယ်တိုင် သက်သေများ ဖြစ်ပါလျှက် ယုံကြည်သူတို့အား မဖြောင့်မှန်မှုကို ရှာဖွေစေ၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှာ အဘယ်ကြောင့် ဟန့်တားနေသနည်း။” ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှအား မေ့လျော့ထားသည် မဟုတ်ချေ။

၁၀၀။ **يَا أَيُّهَا الَّذِينَ آمَنُوَاْ إِن تُطِيعُواْ فَرِيقًا مِّنَ الَّذِينَ أُوتُواْ الْكِتَابَ يَرُدُّوكُم بَعْدَ إِيمَانِكُمْ كَافِرِينَ۞**

အို–ယုံကြည်သောသူတို့၊ ကျမ်းပေးခံရသူများမှ လူတစ်စုအား နာခံကြလျှင်၊ သူတို့က သင်တို့အား ယုံကြည်ပြီးမှ ဖုံးကွယ်သူများ ဖြစ်စေလိုကြ၏။

၁၀၁။ **وَكَيْفَ تَكْفُرُونَ وَأَنتُمْ تُتْلَى عَلَيْكُمْ آيَاتُ اللّهِ وَفِيكُمْ رَسُولُهُ وَمَن يَعْتَصِم بِاللّهِ فَقَدْ هُدِيَ إِلَى صِرَاطٍ مُّسْتَقِيمٍ۞**

သင်တို့အား ပရမတ်ဘုရားရှင်၏ သုတ်တော်များကို ဖတ်ပြနေပါလျှက်၊ အရှင်၏ ဥဇ္ဇာစဉ်ဆောင်သည် သင်တို့အထဲ၌ ရှိနေပါလျှက်– သင်တို့ မည်သို့ ဖုံးကွယ်အံ့နည်း၊ ပရမတ်ဘုရားရှင်အား တွယ်ကပ်သူသည် ဖြောင့်မှန်သော လမ်းစဉ်သို့ မုချ ညွှန်ခြင်း ခံရလတ္တံ့။

---

(၂၃၃) **ဗကာဟ်** ဆိုသည်မှာ မက္ကာဟ်မြို့ကို ရှေးကျမ်း ရှိသူများက ခေါ်သော အသံ ဖြစ်သည် (သမ္မာကျမ်း–ဆာလံ ၈၄း၆)။ ၎င်းသည် မက္ကာဟ် ဖြစ်သည် ဆိုခြင်းမှာ ဆက်လက်ဖော်ပြပါ သုတ်တော် (၃း၉၇) က အတည်ပြုနေပေသည်။ (၂း၁၂၅ ကိုကြည့်ပါ)။

| | |
|---|---|
| ၁၀၂။<br>မွတ်ဆလင်များ | **يَا أَيُّهَا الَّذِينَ آمَنُواْ اتَّقُواْ اللّهَ حَقَّ تُقَاتِهِ وَلاَ تَمُوتُنَّ إِلاَّ وَأَنتُم مُّسْلِمُونَ**<br>အို–ယုံကြည်သူတို့၊ ပရမတ်ဘုရားရှင်အား မှန်ကန်စွာ စည်းစောင့်ခြင်းဖြင့် စည်းစောင့်ကြလော့၊ သင်တို့သည် **သွန္နီသုခ၀ါဒီများ** အဖြစ်မှအပ ခန္ဓာစွန့်မှု မပြုကြလင့်။ |
| ၁၀၃။ | **وَاعْتَصِمُواْ بِحَبْلِ اللّهِ جَمِيعًا وَلاَ تَفَرَّقُواْ وَاذْكُرُواْ نِعْمَةَ اللّهِ عَلَيْكُمْ إِذْ كُنتُمْ أَعْدَاء فَأَلَّفَ بَيْنَ قُلُوبِكُمْ فَأَصْبَحْتُم بِنِعْمَتِهِ إِخْوَانًا وَكُنتُمْ عَلَىَ شَفَا حُفْرَةٍ مِّنَ النَّارِ فَأَنقَذَكُم مِّنْهَا كَذَلِكَ يُبَيِّنُ اللّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَهْتَدُونَ**<br>ပရမတ်ဘုရားရှင်၏ ကတိကြိုးအား စွဲကိုင်ကြလော့၊ ညီညွတ်ကြလော့ သွေးမကွဲကြလင့်၊ သင်တို့ချင်း ရန်ဘက်များ ဖြစ်နေရာမှ အရှင်၏ ဂုဏ်ပေးမှုဖြင့် သင်တို့၏ စိတ်နှလုံးအား ညီအစ်ကိုအဖြစ် တိမ်းညွတ်စေသည့်– မီးလျှံ နတ် ခမ်း၌ ရောက်ရှိနေသော သင်တို့အား ကယ်ဆယ်ခဲ့သည့်– ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို သတိရလော့၊ သင်တို့ အတွက် လမ်းမှန်ရအံ့သောငှာ ပရမတ်ဘုရားရှင်က နိမိတ်တော်ကို ဤသို့ရှင်းလင်းစေ၏၊ |
| ၁၀၄။ | **وَلْتَكُن مِّنكُمْ أُمَّةٌ يَدْعُونَ إِلَى الْخَيْرِ وَيَأْمُرُونَ بِالْمَعْرُوفِ وَيَنْهَوْنَ عَنِ الْمُنكَرِ وَأُوْلَـئِكَ هُمُ الْمُفْلِحُونَ**<br>သင်တို့အနက် ကောင်းမြတ်ခြင်းသို့ ဖိတ်ခေါ်သော၊ မှုတမှုကို ဆင့်ဆိုသော၊ မကောင်းမှုမှ ဟန့်တားသော အသိုင်း အဝိုင်း ရှိလိမ့်မည်၊ သူတို့သည် အောင်မြင်သူများ ဖြစ်ရလတ္တံ့။ |
| ၁၀၅။ | **وَلاَ تَكُونُواْ كَالَّذِينَ تَفَرَّقُواْ وَاخْتَلَفُواْ مِن بَعْدِ مَا جَاءهُمُ الْبَيِّنَاتُ وَأُوْلَـئِكَ لَهُمْ عَذَابٌ عَظِيمٌ**<br>အချင်းချင်း ကွဲပြားနေလျှက် သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်ပြီးသော်လည်း စိတ်ဝမ်းကွဲသူများ ကဲ့သို့ မဖြစ်ကြလင့်၊ သူတို့အဘို့ ဝဋ်ကြွေး ကြီးကြီး ရှိနေ၏။ |
| ၁၀၆။ | **يَوْمَ تَبْيَضُّ وُجُوهٌ وَتَسْوَدُّ وُجُوهٌ فَأَمَّا الَّذِينَ اسْوَدَّتْ وُجُوهُهُمْ أَكْفَرْتُم بَعْدَ إِيمَانِكُمْ فَذُوقُواْ الْعَذَابَ بِمَا كُنْتُمْ تَكْفُرُونَ**<br>မျက်နှာများ ဖြူစင်တောက်ပသော၊ သို့မဟုတ် မျက်နှာများ သုန်မှုန်မဲမှောင်သော နေ့ကာလ၌၊ မျက်နှာ မဲမှောင် သူတို့အား အသင်တို့သည် ယုံကြည်ပြီးမှ ဖုံးကွယ်ခဲ့သည် မဟုတ်လော၊ သင်တို့ ဖုံးကွယ်ခဲ့သည့် ဝဋ်ကြွေးကိုသာ မြည်းကြလော့ ဟု စေ၍– |
| ၁၀၇။ | **وَأَمَّا الَّذِينَ ابْيَضَّتْ وُجُوهُهُمْ فَفِي رَحْمَةِ اللّهِ هُمْ فِيهَا خَالِدُونَ**<br>သို့သော် မျက်နှာ ဖြူစင်သူတို့အား ပရမတ်ဘုရားရှင်၏ ကရုဏာရိပ်၌ ဝင်စေလျှက် ထို၌ ကာလမဲ့ခံစားစေလတ္တံ့။ |
| ၁၀၈။ | **تِلْكَ آيَاتُ اللّهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ وَمَا اللّهُ يُرِيدُ ظُلْمًا لِّلْعَالَمِينَ**<br>ဤသည် ပရမတ်ဘုရားရှင်က အသင့်အား သစ္စာတရားဖြင့် ရွတ်ဖတ်ဆင့်ပြန်သော သုတ္တန်များ ဖြစ်၏၊ ပရမတ် ဘုရားရှင်သည် စကြာဝဠာခပ်သိမ်းအား မတရားပြုတော် မမူချေ။ |
| ၁၀၉။ | **وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَإِلَى اللّهِ تُرْجَعُ الأُمُورُ**<br>မိုးများနှင့် မြေအတွင်း ရှိသမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ရှိ၏၊ စီမံချက်တိုင်းသည် ပရမတ်ဘုရားရှင်၏ ထံသို့ ဦးလှည့်ရမည်သာတည်း။ |
| ၁၁၀။ | **كُنتُمْ خَيْرَ أُمَّةٍ أُخْرِجَتْ لِلنَّاسِ تَأْمُرُونَ بِالْمَعْرُوفِ وَتَنْهَوْنَ عَنِ الْمُنكَرِ وَتُؤْمِنُونَ بِاللّهِ وَلَوْ آمَنَ أَهْلُ** |

| | |
|---|---|
| | الْكِتَابِ لَكَانَ خَيْرًا لَّهُم مِّنْهُمُ الْمُؤْمِنُونَ وَأَكْثَرُهُمُ الْفَاسِقُونَ۞<br>အသင်တို့သည် လူသားတို့အတွက် ပေါ်ထွန်းလာသော အကောင်းဆုံး အသိုင်းအဝိုင်းပင် ဖြစ်၏၊ မျှတမှုကို ဆင့်ဆိုကြကုန်၊ မကြားဝံ့မနာသာမှုကို ဟန့်တားကြကုန်၊ ပရမတ်ဘုရားရှင်အား ယုံကြည်ကြကုန်လော့၊ ကျမ်းစာဝိုင်းများသည် ယုံကြည်ကြလျှင် သူတို့အတွက် သာ၍ကောင်းပေ၏၊ သူတို့အနက် ယုံကြည်သူများလည်း ရှိ၏၊ အများစုမှာ ယုတ်မာသူများ ဖြစ်ကြ၏။ |
| ၁၁၁။ | لَن يَضُرُّوكُمْ إِلاَّ أَذًى وَإِن يُقَاتِلُوكُمْ يُوَلُّوكُمُ الأَدُبَارَ ثُمَّ لاَ يُنصَرُونَ۞<br>အနည်းငယ် ထိခိုက်မှုမှအပ သင်တို့အား အထိနာအောင် မလုပ်နိုင်ပေ၊ အကယ်၍ အသင်တို့နှင့် တိုက်ပွဲဖြစ်ကြလျှင် သင်တို့အား ကျောလှည့် ထွက်ပြေးလတ္တံ့ ကူညီမည့်သူ မရှိပြီ။ |
| ၁၁၂။ | ضُرِبَتْ عَلَيْهِمُ الذِّلَّةُ أَيْنَ مَا ثُقِفُواْ إِلاَّ بِحَبْلٍ مِّنْ اللهِ وَحَبْلٍ مِّنَ النَّاسِ وَبَآؤُوا بِغَضَبٍ مِّنَ اللهِ وَضُرِبَتْ عَلَيْهِمُ الْمَسْكَنَةُ ذَلِكَ بِأَنَّهُمْ كَانُواْ يَكْفُرُونَ بِآيَاتِ اللهِ وَيَقْتُلُونَ الأَنبِيَاء بِغَيْرِ حَقٍّ ذَلِكَ بِمَا عَصَوا وَّكَانُواْ يَعْتَدُونَ۞<br>ပရမတ်ဘုရားရှင် ထားသော ကတိကြိုးနှင့် လူသားတို့ထားသော ကတိကြိုးမှအပ သူတို့အား တွေ့လေရာ နေရာတိုင်း၌ သိမ်ငယ်ခြင်းကို သတ်မှတ်ထားချေပြီ၊[၂၄] ပရမတ်ဘုရားရှင်၏ထံမှ ကံကြီးသင့်မှုနှင့် သူတို့အပေါ်၌ သိက္ခာမဲ့ခြင်းကို သတ်မှတ်ထားချေပြီ၊ ဤသည်မှာ သူတို့သည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖုံးကွယ်မှု၊ သတင်းတော်ဆောင်များအား သစ္စာမဲ့စွာ သတ်ဖြတ်မှု၊ အာခံမှုနှင့် စည်းဖေါက်မှုများကြောင့် ဖြစ်၏။ |
| ၁၁၃။ | لَيْسُواْ سَوَاء مِّنْ أَهْلِ الْكِتَابِ أُمَّةٌ قَآئِمَةٌ يَتْلُونَ آيَاتِ اللهِ آنَاء اللَّيْلِ وَهُمْ يَسْجُدُونَ۞<br>အားလုံး အတူတူ မဟုတ်ပေ၊[၂၅] ကျမ်းစာဝိုင်းသားများအနက် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ညည့်ယံများ၌ ရွတ်ဖတ်လျှက် ဦးချဝပ်တွားသော ရပ်တည်ချက် ခိုင်မာသည့် အသိုင်းအဝိုင်းလည်း ရှိနေ၏။ |
| ၁၁၄။ | يُؤْمِنُونَ بِاللهِ وَالْيَوْمِ الآخِرِ وَيَأْمُرُونَ بِالْمَعْرُوفِ وَيَنْهَوْنَ عَنِ الْمُنكَرِ وَيُسَارِعُونَ فِي الْخَيْرَاتِ وَأُوْلَئِكَ مِنَ الصَّالِحِينَ۞<br>ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ ကာလကို ယုံကြည်ကြ၏၊ မျှတမှုကို ဆင့်ဆိုကြ၏၊ မကြားဝံ့မနာသာမှုကို ဟန့်တားကြ၏၊ ကောင်းခြင်းတရား၌ ပြိုင်ဆိုင်ကြ၏၊ သူတို့သည်ကား ပြုပြင်ပြောင်းလဲသူများ ဖြစ်ကြ၏။ |
| ၁၁၅။ | وَمَا يَفْعَلُواْ مِنْ خَيْرٍ فَلَن يُكْفَرُوْهُ وَاللهُ عَلِيمٌ بِالْمُتَّقِينَ۞<br>ကောင်းမှုဆောင်တာ ကျင့်ကြံခြင်းကို ဖုံးကွယ်ပစ်မည် မဟုတ်ချေ၊ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူတို့အား ကုန်စင်သိတော်မူ၏။ |
| ၁၁၆။ | إِنَّ الَّذِينَ كَفَرُواْ لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلاَ أَوْلاَدُهُم مِّنَ اللهِ شَيْئًا وَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ۞ |

(၂၄) ပရမတ်ဘုရားရှင်ထားသော ကတိကြိုး (ပဋိညာဉ်) ဆိုသည်မှာ ကောင်းသူ ဆိုးသူ မဟူ သာတူညီမျှစွာ ခံစားနိုင်သည့် လောကဓမ္မကို ဆိုလိုပြီး၊ လူသားအပေါင်းတို့ထားသော ကတိကြိုး ဆိုသည်မှာ လူ့ယဉ်ကျေးမှု လူ့အသိုင်းအဝိုင်း အလျှောက် ဆက်ဆံရမည့် အရေးကို ဆိုလိုသည်၊ မကောင်းမှု ပြုထားသူသည် လောကဓမ္မနှင့် လူ့အသိုင်းအဝိုင်းထဲ၌ လွတ်လပ်စွာ နေထိုင်ခွင့် ရှိသော်လည်း ပတ်ဝန်းကျင်မှ အကြည့်နှင့် မိမိကိုယ်မိမိ လိပ်ပြာ ချောက်မှုများမှ မကာကွယ်နိုင်ပေ၊ အချိန်မရွေး သိမ်ငယ်စိတ် ဝင်နေလေ့ ရှိပေသည်။

(၂၅) အထက်ပါ သုတ်တော်များတွင် မွတ်ဆလင်များအား ရန်ရှာလိုသူများ အကြောင်းကို တင်ပြသော်လည်း ကျမ်းတော်သည် လူမျိုးတစ်စုလုံးအား သိမ်းကြုံး၍ အဆိုးမြင်မှုကို ဟန့်တားပေသည်။ လူမျိုးတိုင်းတွင် လူဆိုးနှင့် လူကောင်း၊ ရန်သူနှင့် မိတ်ဆွေဟူသည် ရှိနေမြဲဖြစ်ပေသည်။

| | |
|---|---|
| | ဖုံးကွယ်သော သူများအတွက် သူတို့၏ ဥစ္စာပစ္စည်းများ၊ သားသမီးများသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ စိုးစဉ်းမျှ ပြည့်စုံမည် မဟုတ်။ သူတို့သည် အပူမီး၏ အဖော်များ ဖြစ်ကြ၏၊ ထို၌ ကာလမဲ့ခံစားရမည်ပင်။ |
| ၁၁၇။ | مَثَلُ مَا يُنفِقُونَ فِي هِذِهِ الْحَيَاةِ الدُّنْيَا كَمَثَلِ رِيحٍ فِيهَا صِرٌّ أَصَابَتْ حَرْثَ قَوْمٍ ظَلَمُواْ أَنفُسَهُمْ فَأَهْلَكَتْهُ وَمَا ظَلَمَهُمُ اللّهُ وَلَكِنْ أَنفُسَهُمْ يَظْلِمُونَ۞<br>ဤလောကီ ဘဝ၌ ထိုသူတို့၏ အလှူဒါနသည် စိတ်စရိုက် အမိုက်စီးနေသော လူမျိုး၏ လယ်ယာမြေအား တိုက်ခတ် ဖျက်ဆီးပစ်သည့် အအေးဓါတ်လွန် လေကဲ့သို့ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သူတို့အား အမိုက်စီးစေသည် မဟုတ်ချေ၊ သူတို့စရိုက်ကို သူတို့က အမိုက်စီးကြ၏။ |
| ၁၁၈။<br><br>မြို့သိပ်မှု များ | يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ بِطَانَةً مِّن دُونِكُمْ لاَ يَأْلُونَكُمْ خَبَالاً وَدُّواْ مَا عَنِتُّمْ قَدْ بَدَتِ الْبَغْضَاء مِنْ أَفْوَاهِهِمْ وَمَا تُخْفِي صُدُورُهُمْ أَكْبَرُ قَدْ بَيَّنَّا لَكُمُ الآيَاتِ إِن كُنتُمْ تَعْقِلُونَ۞<br>အို–ယုံကြည်သူတို့၊ သင်တို့ချင်း ဂုဏ်ပြိုင်လျက် သင်တို့အား မလျှော့တမ်း ဖျက်ဆီးသူတို့အား အတွင်းလူ အဖြစ် မစွဲယူကြလင့်၊ သင်တို့ဘေးတွေ့ခြင်းကို သူတို့ ခံမင်၏၊ သူတို့၏ ပါးစပ်မှ ရန်လိုမှုများ ပွင့်ထွက်၏၊ သူတို့၏ ရင်တွင်း၌ ပို၍ကြီးသော **အစိုင်အခဲများ** ရှိနေ၏၊ သင်တို့ အသိဉာဏ် ရှိအံ့သောငှာ ငါအရှင်သည် သုတ်ဒေသနာအား မုချ ကေန် ရှင်းလင်းစေတော်မူပြီ။ |
| ၁၁၉။ | هَاأَنتُمْ أُوْلاء تُحِبُّونَهُمْ وَلاَ يُحِبُّونَكُمْ وَتُؤْمِنُونَ بِالْكِتَابِ كُلِّهِ وَإِذَا لَقُوكُمْ قَالُواْ آمَنَّا وَإِذَا خَلَوْاْ عَضُّواْ عَلَيْكُمُ الأَنَامِلَ مِنَ الْغَيْظِ قُلْ مُوتُواْ بِغَيْظِكُمْ إِنَّ اللّهَ عَلِيمٌ بِذَاتِ الصُّدُورِ۞<br>ကြည့်လော့– အသင်တို့ ချစ်မြတ်နိုးသော သူတို့၊ သင်တို့အား ချစ်မြတ်နိုးခြင်း မရှိပေ၊ အသင်တို့သည် ကျမ်းတော်အား ယုံကြည်သက်ဝင်မှုမှာ အလုံးစုံ ဖြစ်၏၊ သင်တို့အား ဆုံတွေ့သောအခါ သူတို့က "ကျွန်ုပ်တို့လည်း ယုံကြည်ကြပါ၏၊"ဟု ပြောဆိုလျက်၊ သူတို့ချည်းဖြစ်သော် သင်တို့အပေါ် အခဲမကျေ ဖြစ်လျက် လက်ချောင်းများကို ကိုက်ကြကုန်၏၊ "သင်တို့ဒေါသဖြင့် သင်တို့ သေကြလော့၊"ဟု ပြောလော့။ သူတို့၏ ရင်တွင်း၌ရှိသည်ကို ပရမတ်ဘုရားရှင်သည် ကုန်စင်သိနေ၏။ |
| ၁၂၀။ | إِن تَمْسَسْكُمْ حَسَنَةٌ تَسُؤْهُمْ وَإِن تُصِبْكُمْ سَيِّئَةٌ يَفْرَحُواْ بِهَا وَإِن تَصْبِرُواْ وَتَتَّقُواْ لاَ يَضُرُّكُمْ كَيْدُهُمْ شَيْئًا إِنَّ اللّهَ بِمَا يَعْمَلُونَ مُحِيطٌ۞<br>အကယ်၍ သင်တို့အား ကောင်းခြင်း သက်လျှင် သူတို့အတွက် အကုသိုလ် ဝေဒနာ ဖြစ်၏၊ သင်တို့အား အကုသိုလ် ထိသက်သော် သူတို့ ဝမ်းသာအားရ ဖြစ်ကြ၏၊ သည်းခံပါရမီထား၍ စည်းစောင့်လျှင် သူတို့၏ ပရိယာယ်သည် သင်တို့အား တစ်စုံတစရာ ထိရောက်မည် မဟုတ်ပေ၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သူတို့ ပြုကျင့်သမျှအား ဝိုင်းရံထားတော်မူ၏။ |
| ၁၂၁။ | وَإِذْ غَدَوْتَ مِنْ أَهْلِكَ تُبَوِّىءُ الْمُؤْمِنِينَ مَقَاعِدَ لِلْقِتَالِ وَاللّهُ سَمِيعٌ عَلِيمٌ۞<br>စစ်ပြင်ရန်အတွက်၊ ယုံကြည်သူများ တပ်စွဲရာ၌ နေရာချရန်  သင်သည် မိသားစုမှခွဲလျက် နံနက်စောစော ထွက်သွားသောအခါ–ပရမတ်ဘုရားရှင်သည် ကုန်စင်ကြားနေ သိနေသောအရှင် ဖြစ်၏။[၂၃၆] |

(၂၃၆) ဤဖြစ်ရပ်သည် အိုဟွဒ်စစ်ပွဲအကြောင်းကို တင်ပြခြင်း ဖြစ်သည်။ အစ္စလာမ် ဟစ်ဂျရီ သက္ကရာဇ် ၃ ခုနှစ်တွင် မဒီနာမြို့နှင့် မြောက်ဘက် (၃) မိုင်တွင် ရှိသော အိုဟွဒ် တောင်ခြေ၌ ရန်သူများနှင့် မွတ်ဆလင်များ ဖြစ်ပွားသော စစ်ပွဲဖြစ်သည်။ ရန်သူများ ဆိုသည်မှာ ဂျူးများ ခရစ်ယာန်များ မဟုတ်ပေ၊ ကိုယ်တော်မုဟမ္မဒ်၏ လက်ထက်တော်တွင် ဂျူးများ ခရစ်ယာန်များနှင့် စစ်ဖြစ်ခဲ့သည်ဟူ၍ ထင်ရှားစွာ မရှိပေ၊ ဂျူးများက မွတ်ဆလင်များကို လူ့သဘာဝ အလျောက် အယူအဆ မတူသူများ တိုးပွားလာမည်ကို မနာလို ဖြစ်သောကြောင့် မွတ်ဆလင့် ရန်သူများကို အားပေး ထောက်ခံခြင်းများ ရှိခဲ့သော်လည်း ကျမ်းတော်အရ မွတ်ဆလင်များနှင့် သင့်တင့်ညီညွတ်သော ဂျူးများလည်း မြောက်များစွာ ရှိပေသည်။ အမှန်တကယ် မွတ်ဆလင်များကို အမြစ်ပြုတ်သုတ်သင်ရန် မနေမနား ကြိုးစားသူများမှာ လူမျိုးတူ အာရပ်များသာ ဖြစ်ပေသည်။ ထိုအချက်ကို

| | |
|---|---|
| ၁၂၂။ | **إِذْ هَمَّت طَّآئِفَتَانِ مِنكُمْ أَن تَفْشَلاَ وَاللّهُ وَلِيُّهُمَا وَعَلَى اللّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ** ۞<br>သင်တို့မှ လူစုနှစ်စုသည်[၂၇] ဆုတ်ပြေးရန် ကြံစည်သောအခါ– ပရမတ်ဘုရားရှင်သည် သူတို့အား ကွပ်ကဲခဲ့၏၊ ယုံကြည်သူများ အနေဖြင့် ပရမတ်ဘုရားရှင်အား အားကိုးအားထား ပြုထိုက်၏။ |
| ၁၂၃။ | **وَلَقَدْ نَصَرَكُمُ اللّهُ بِبَدْرٍ وَأَنتُمْ أَذِلَّةٌ فَاتَّقُواْ اللّهَ لَعَلَّكُمْ تَشْكُرُونَ** ۞<br>သင်တို့ဘက်မှ အင်အားနဲသော်လည်း ပရမတ်ဘုရားရှင်သည် သင်တို့အား ဘဒရ်စစ်ပွဲ၌ မုချ ကူညီခဲ့၏၊ သင်တို့ ကျေးဇူးသိတတ်ခြင်း အလို့ငှာ ပရမတ်ဘုရားရှင်အား စည်စောင့်ကြလော့။ |
| ၁၂၄။ | **إِذْ تَقُولُ لِلْمُؤْمِنِينَ أَلَن يَكْفِيكُمْ أَن يُمِدَّكُمْ رَبُّكُم بِثَلاَثَةِ آلاَفٍ مِّنَ الْمَلآئِكَةِ مُنزَلِينَ** ۞<br>ယုံကြည်သူတို့အား "သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အား တိုးရွေ့စေရန် နိမိတ်ဆောင် သုံးထောင်အား စေပို့ခဲ့သည်မှာ မလုံလောက်သလော၊"ဟု ပြောလျှက်–[၂၈] |
| ၁၂၅။ | **بَلَى إِن تَصْبِرُواْ وَتَتَّقُواْ وَيَأْتُوكُم مِّن فَوْرِهِمْ هَذَا يُمْدِدْكُمْ رَبُّكُم بِخَمْسَةِ آلافٍ مِّنَ الْمَلآئِكَةِ مُسَوِّمِينَ** ۞ |

---

အာရပ်များက မေ့ထားရန် ကြိုးစားသော်လည်း ကျမ်းမြတ်ကုရ်အာန်သည် မျက်နှာ မလိုက်ပေ၊ ရန်သူ အာရပ်များနှင့် မွတ်ဆလင်များ ဖြစ်ပွားခဲ့သည့် စစ်ပွဲကြီး ဘဒါရ်နှင့် အိုဟွဒ် တို့ကို ကျမ်းတော်၌ တိတိကျကျ မှတ်တမ်းတင်ထားပေသည်။ သို့သော် မွတ်ဆလင် မဟုတ်ဘဲ ကြွင်းကျန်သည့် အာရပ်များအား လက်စားချေရန် အတွက် မှတ်တမ်းတင်ထားပေးခြင်း မဟုတ်ဆိုသည်ကို ကောင်းစွာ သဘောပေါက်သင့်ပေသည်။ စစ်ပွဲတစ်ပွဲတွင် ခေါင်းဆောင်၏ အမိန့်ကို နာခံမှုမှာ အလွန် အရေးကြီးကြောင်း ဘဒါရ်စစ်ပွဲတွင် မွတ်ဆလင်ဘက်မှ စစ်သည်အင်အား အလွန်တရာ နဲသော်လည်း ခေါင်းဆောင်၏ အမိန့်ကို နာခံသောကြောင့် အောင်မြင်ခဲ့၍ အိုဟွဒ် စစ်ပွဲတွင် မွတ်ဆလင်ဘက်မှ အသာစီးရနေသော်လည်း ခေါင်းဆောင်၏ စကားကို မနာခံသောကြောင့် အထိနာခဲ့ရမှု များကို တင်ပြထားပေသည်။

(၂၇) သမိုင်းအရ ဗနုစလိမာဟ် နှင့်ဗနုဟာ ရိစာဟ် ဆိုသည့် မျိုးနွယ် နှစ်စုဖြစ်သည်၊

(၂၈) ဆရာတော်ကြီးများ**က မလာအိကာဟ်**ကို (နတ်ဒေဝတာ) ကောင်းကင်တမန်မင်းများဟု ဘာသာပြန်လျှက် ဤသုတ်တော်နှင့် ၃း၁၂၅၊ ၈း၉ တို့တွင် ဖေါ်ပြသည့် စစ်ပွဲများအတွင်း မွတ်ဆလင် စစ်သည်များအား အင်အားတိုးစေသည့် မလာအိကာဟ်များကို ကောင်းကင်တမန် (နတ်)များက လူယောင်ဖန်ဆင်းကာ မွတ်ဆလင်များဘက်မှ စစ် ဝင်တိုက်ပေးသည်ဟု ဖွင့်ဆိုကြပေသည်။ အကယ်၍ နတ်မင်းကြီးက လူယောင်ဖန်ဆင်း၍ စစ်တိုက်လျှင် တစ်ပါးတည်းနှင့် ပြည့်စုံနိုင်ပေသည် စစ်သည် သုံးထောင်၊ ငါးထောင်၊ တစ်ထောင် စသည်ဖြင့် ရန်သူ အရေအတွက်နှင့် တူညီစေရန် အမြောက်အများ ဖန်ဆင်းနေရန် လိုမည်မဟုတ် ဆိုသည်ကို စဉ်းစားသင့်ပေသည်။ ဤတိုးရွေ့စေသော အင်အားများမှာ ရန်သူအင်အားနှင့် ထပ်တူထပ်မျှ တူညီနေပေသည်။ ဘဒါရ် စစ်ပွဲတွင် ရန်သူအင်အား တစ်ထောင်ရှိသောအခါ၊ နိမိတ်ဆောင်တစ်ထောင်ဖြင့် တိုးရွေ့စေ၍၊ ရန်သူအင်အား သုံးထောင် တိုးလာသည်ဟု သတင်းထွက် လာသောအခါ ပရမတ်ဘုရားရှင်က သင်တို့အား နိမိတ်ဆောင် သုံးထောင်ဖြင့် တိုးရွေ့စေရမည်ဟု ကတိပေးခြင်း ဖြစ်ပေသည်၊ အကယ်၍ ရန်သူ အင်အား ငါးထောင်ဖြစ်သော် နိမိတ်ဆောင် ငါးထောင် အင်အားဖြင့် တိုးရွေ့စေမည်ဟု ကတိပေးပြန်သည်၊ ဤသို့ ရန်သူ အင်အားနှင့် ထပ်တူထပ်မျှ တူညီစေသော ကတိမှာ ရန်သူတို့အား အင်အားမည်မျှပင် ရှိစေ တူညီစွာ တုံ့ပြန်နိုင်သော အင်အား၊ စွမ်းအား ရှိ ကြောင်းကိုသာ ဖေါ်ပြခြင်း ဖြစ်ပေသည်။ **မလာအိကာဟ်** ဆိုသည်မှာ စွမ်းဆောင်နိုင်သူ၊ စွမ်းဆောင်နိုင်ခွင့် ရှိသူဟု ဖြစ်ပေသည် (၂း၃၀)။ လူ တစ်ဦး တစ်ယောက်၏ စွမ်းဆောင်နိုင်မှု အင်အားသည် လူဆယ်ယောက်၊ အယောက်တစ်ရာ စသည်ဖြင့် တူညီနိုင်ပေသည်၊ သို့မဟုတ် လူနည်းစု ဖြစ်သော် လည်း ညီညွတ်မှု ရှိလျှင် ကြီးမားသော ရန်သူ အင်အားကို ဖြိုနိုင်ပေသည်၊ ၎င်းကို ပုံဆောင်ခြင်းသာ ဖြစ်ပေသည် (၈း၆၅။၆၆)။။ ဤအကြောင်းကို ၈း၁၂ တွင် ရန်သူတို့၏ စိတ်နှလုံး၌ ကြောက်ရွံ့မှုကို ဖြစ်စေ၍၊ ၈း၁၀ နှင့် ၉း၂၆ ၌ မွတ်ဆလင်တို့အား စိတ်ချမ်းသာမှု၊ စိတ်အေးရမှုကို ထည့်ပေးသည် ဟု ဆိုထားပေသည်။ ထိုကြောင့် လူအင်အား နည်းသော်လည်း မွတ်ဆလင် စစ်သူရဲကောင်းများ၏ စွမ်းဆောင်နိုင်မှု၊ စစ်ပွဲကို အောင်မြင်စေရန် တိုက်နိုင်သော "အောင်နိမိတ်ဆောင်"မှုကို ပုံဆောင် ဖေါ်ပြခြင်း ဖြစ်ပေသည်။ ကောင်းကင်မှ နတ်များကို စေလွှတ်ခြင်း မဟုတ်ပေ၊ ၎င်းကို သုတ် ၁၂၆ တွင် "သင်တို့အား သတင်းကောင်းနှင့် စိတ်နှလုံး အေးစေရန်သာ ဖြစ်၏" ဟု အတိအကျ ဆိုထားပေသည်။ ထိုထက်ပို၍ တိကျစွာ ပုံဆောင်သည်မှာ "ညီညွတ်မှုပြိုကွဲပြီး၊ အမိန့် မနာခံကြသောအခါ လုံးဝ ကျဆုံးနိုင်ကြောင်း"ကို သုတ်တော် ၁၅၂ တွင် တွေ့ရပေသည်။ ထို့ကြောင့် နိမိတ်ဆောင်များဖြင့် အားဖြည့်သည် ဆိုခြင်းမှာ ခေါင်းဆောင်များ၏ အမိန့်ကို နာခံခြင်း၊ စည်းလုံးညီညွတ်မှု ရှိခြင်း၊ စိတ်ဓါတ်ခိုင်မာခြင်း၊ ကိုယ်ကျိုး စွန့်အနစ်နာခံခြင်း ရှိလျှင် ထို သူရဲကောင်းတို့ ကိုယ်တိုင် တစ်ဦး ချင်းစီ၏ အရည်အသွေးမှာ နိမိတ်ဆောင်နိုင်သော သူများဖြစ်သွားကိုသာ ဆိုလိုပေသည်။ ဤသုတ်တော်များ၌ **ယုမ်ဒကွန်** အား "သင်တို့အား တိုးရွေ့စေရန်"ဟု ပြန်ဆိုခြင်းမှာ "တိုးရွေ့နေခြင်း၊ တဖြေဖြေး ကျယ်ဝန်းနေခြင်း" သဘောကိုဆောင်သော ရင်းမြစ်စကားလုံး **မဒ်ဒ** ကြောင့် ဖြစ်ပေသည်။ ဤစကားလုံးကို ၁၃း၃ တွင် ကမ္ဘာမြေအတွက် သုံးထား၍၊ ကမ္ဘာသည် တစ်ခုမှ နှစ်ခု သုံးခုသို့ ဖြစ်သွားခြင်း မဟုတ်ပေ။ ထိုမြေသားထုမှ တစ်ရွေ့ရွေ့ ရွေ့လျောနေခြင်း ကျယ်ပြန့်နေခြင်းကိုသာ အဓိပ္ပါယ်ဆောင်ပေသည်။ အလား တူပင် နဂိုရှိနေသော မွတ်ဆလင် စစ်သား အရေအတွက်သည်လည်း မလာအိကာဟ်များကြောင့် စစ်သည် အရေအတွက် ပို၍ များသွားခြင်း မဟုတ်ချေ၊ ၎င်းတို့၏ စွမ်းဆောင်နိုင်အားသာလျှင် ပို၍ အင်အားကောင်းလာခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ☆၂း၃၀ | အမှန်မှာ သင်တို့သည် သည်းခံပါရမီမြဲ၍ စည်းစောင့်ကြလျှင် သူတို့သည် သင်တို့အား လျှပ်တပြက် တိုက်ခိုက်သော်လည်း သင်တို့၏ ကံကြမ္မာရှင်က ချေမှုန်းရေး နိမိတ်ဆောင်☆ ငါးထောင်ဖြင့် တိုးရွှေ့စေမည်။ |
| ၁၂၆။ | **وَمَا جَعَلَهُ اللّهُ إِلاَّ بُشْرَى لَكُمْ وَلِتَطْمَئِنَّ قُلُوبُكُم بِهِ وَمَا النَّصْرُ إِلاَّ مِنْ عِندِ اللّهِ الْعَزِيزِ الْحَكِيمِ ۞**<br>ပရမတ်ဘုရားရှင်သည် သင်တို့အား ၎င်းအားဖြင့် သတင်းကောင်းနှင့် စိတ်နှလုံး အေးငြိမ်းရန်သာ ပြုလုပ်ပေးတော်မူ၏၊ ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ ထံမှအပ အပံ့အပိုးဟူ၍ မရှိခြင်းမှာ– |
| ၁၂၇။<br>ရန်သူ | **لِيَقْطَعَ طَرَفًا مِّنَ الَّذِينَ كَفَرُواْ أَوْ يَكْبِتَهُمْ فَيَنقَلِبُواْ خَآئِبِينَ ۞**<br>**ဖုံးကွယ်သူ**တို့မှ တစ်စုကို မျက်ခြည်ဖြတ်ရန် သို့မဟုတ် စိတ်ပျက် အရှက်ကွဲလျက် လှည့်ပြေးစေရန် ဖြစ်၏။ |
| ၁၂၈။ | **لَيْسَ لَكَ مِنَ الأَمْرِ شَيْءٌ أَوْ يَتُوبَ عَلَيْهِمْ أَوْ يُعَذَّبَهُمْ فَإِنَّهُمْ ظَالِمُونَ ۞**<br>သူတို့အား သင်ပုန်းချေပေးသည် ဖြစ်စေ၊ ဝဋ်ဒဏ်သင့်စေသည် ဖြစ်စေ၊ သင်၏ အရေးအရာ လုံးဝ မဟုတ်ချေ၊ ကေန်ပင် သူတို့သည် အမိုက်ကောင်များပင် ဖြစ်ကြ၏။ |
| ၁၂၉။<br>☆၂း၇၀ | **وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ يَغْفِرُ لِمَن يَشَاء وَيُعَذِّبُ مَن يَشَاء وَاللّهُ غَفُورٌ رَّحِيمٌ ۞**<br>မိုးများနှင့် မြေ၌ ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင်သည် စံချိန်ပြည့်သူအား ကျွတ်လွတ်စေ၍ စံချိန်ပြည့်သည့်အလျောက်☆ ဝဋ်သင့်စေ၏၊ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၃၀။<br>☆၂း၂၇၅ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَأْكُلُواْ الرِّبَا أَضْعَافًا مُّضَاعَفَةً وَاتَّقُواْ اللّهَ لَعَلَّكُمْ تُفْلِحُونَ ۞**<br>အို ယုံကြည်သူတို့၊ ထပ်ထပ်တိုးလျက် ခေါင်းပုံဖြတ်☆ မစားကြလင့်၊ သင်တို့သည် အောင်မြင်စေအံ့ငှာ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။ |
| ၁၃၁။ | **وَاتَّقُواْ النَّارَ الَّتِي أُعِدَّتْ لِلْكَافِرِينَ ۞**<br>ဖုံးကွယ်သူများအတွက် ပြင်ဆင်ထားသော အပူမီးမှ ကင်းရန် စည်းစောင့်ကြလော့။ |
| ၁၃၂။ | **وَأَطِيعُواْ اللّهَ وَالرَّسُولَ لَعَلَّكُمْ تُرْحَمُونَ ۞**<br>သင်တို့အပေါ်သို့ ကရုဏာသက်အံ့သောငှာ ပရမတ်ဘုရားရှင်နှင့် ဥဇဏ်စဉ်ဆောင်အား နာခံကြလော့။ |
| ၁၃၃။ | **وَسَارِعُواْ إِلَى مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا السَّمَاوَاتُ وَالأَرْضُ أُعِدَّتْ لِلْمُتَّقِينَ ۞**<br>သင်တို့၏ ကံကြမ္မာရှင်ထံမှ လွတ်ငြိမ်းခွင့်နှင့် စည်းစောင့်သူများအတွက် ပြင်ဆင်ထားသည့် မိုးမြေအနံ့ ဆန့်သော သုခဘုံသို့ ပြိုင်ဆိုင် ကြကုန်လော့။[၂၃၉] |
| ၁၃၄။<br>စည်းစောင့်သူတို့သည် | **الَّذِينَ يُنفِقُونَ فِي السَّرَّاء وَالضَّرَّاء وَالْكَاظِمِينَ الْغَيْظَ وَالْعَافِينَ عَنِ النَّاسِ وَاللّهُ يُحِبُّ الْمُحْسِنِينَ ۞**<br>**သူတို့သည်** ချောင်လည်ဖြစ်စေ ကျပ်တည်းသည်ဖြစ်စေ ပေးကမ်းလှူဒါန်းကြ၏၊ အမျက်ဒေါသကို ချုပ်တီးကြ၏၊ လူသားတို့အား ခွင့်လွှတ်ကြ၏၊ ပရမတ်ဘုရားရှင်သည် ထိုကောင်းမွန်သူတို့အား နှစ်သက်တော်မူ၏။ |
| ၁၃၅။ | **وَالَّذِينَ إِذَا فَعَلُواْ فَاحِشَةً أَوْ ظَلَمُواْ أَنْفُسَهُمْ ذَكَرُواْ اللّهَ فَاسْتَغْفَرُواْ لِذُنُوبِهِمْ وَمَن يَغْفِرُ الذُّنُوبَ إِلاَّ اللّهُ** |

(၂၃၉) ကျမ်းတော်က ဖေါ်ပြသော သုခဘုံ သို့မဟုတ် ဥယျာဉ် ဆိုသည်မှာ ကောင်းကင်ဘုံတွင် ရှိသော သတ်မှတ်ထားသည့် နေရာတစ်ခု မဟုတ်ပေ။ ၎င်းသည် မိုးမြေအနံ့ ကျယ်ပြောသည်ဟု ဤနေရာနှင့် ၅၇း၂၁ တွင် ဆိုထားပေသည်။ တနည်းအားဖြင့် သာယာသော ဌာနကို ဖေါ်ပြခြင်း ဖြစ်သည်။ ဤသို့ သုခဘုံသည် မိုးမြေအနံ့ ကျယ်ပြောသည်ဟု ဆိုလျှင် ဒုက္ခဘုံ (ငရဲ)က အဘယ်မှာ ရှိသနည်းဟု ကိုယ်တော်မုဟမ္မဒ်အား မေးလျှောက်ခဲ့ရာ ကိုယ်တော်က "ည ရောက်လာလျှင် နေ့အဘယ်သို့ ပျောက်သွားသနည်း"ဟု ပြန်လည် ဖြေကြားခဲ့ပေသည်။ ထို့ကြောင့် သုခနှင့် ဒုက္ခ ဆိုသည်မှာ အခြေအနေ အပြောင်းအလဲ သာလျှင် ဖြစ်၍ သီးခြား နယ်နိမိတ် သတ်မှတ်ထားမှု မရှိချေ။

| | |
|---|---|
| | **وَلَمْ يُصِرُّواْ عَلَى مَا فَعَلُواْ وَهُمْ يَعْلَمُونَ۞**<br>သူတို့သည် ညစ်ညမ်းမှုကို ကျင့်ကြံမိသည်ဖြစ်စေ၊ သူတို့စရိုက်ကိုယ်သူတို့ မိုက်မှားမိသည်ဖြစ်စေ ပရမတ်ဘုရားရှင်အား ရှုမှတ်ကြ၏၊ မှားကြွေးများမှ ကျွတ်လွတ်ဆုများ ပန်ကြ၏၊ ပရမတ်ဘုရားရှင်မှအပ မည်သူသည် မှားကြွေးများကို ကျွတ်လွတ်စေမည်နည်း၊ သူတို့သည် သိနားလည်လျက် ဇွတ်တိုး လုပ်နေသည် မဟုတ်ချေ။ |
| ၁၃၆။ | **أُوْلَئِكَ جَزَآؤُهُم مَّغْفِرَةٌ مِّن رَّبِّهِمْ وَجَنَّاتٌ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَنِعْمَ أَجْرُ الْعَامِلِينَ۞**<br>သူတို့အတွက် ဆုလဒ်မှာ ကံကြမ္မာရှင်၏ထံမှ လွတ်ငြိမ်းခွင့်နှင့်– သူတို့ ကာလမဲ့စံမြန်းရန် အောက်ခြေ၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်များဖြစ်၏။ ဘာဝနာပွားသူတို့အတွက် ဂုဏ်ပေးခြင်း ဆုလဒ်သည် ရှိ၏။ |
| ၁၃၇။ | **قَدْ خَلَتْ مِن قَبْلِكُمْ سُنَنٌ فَسِيرُواْ فِي الأَرْضِ فَانْظُرُواْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ۞**<br>သင်တို့မတိုင်မီ အယူဝါဒအဖုံဖုံ ပျောက်ကွယ်ခဲ့ပြီ၊ သို့ဖြစ်၍ သင်တို့သည် ကမ္ဘာမြေအနှံ့ သွားလာလျက် ငြင်းပယ်သူတို့ မည်သို့ နိဂုံးချုပ်ခဲ့သည်ကို ကြည့်ရှုကြလော့။ |
| ၁၃၈။ | **هَذَا بَيَانٌ لِّلنَّاسِ وَهُدًى وَمَوْعِظَةٌ لِّلْمُتَّقِينَ۞**<br>ဤသည် လူသားတို့အတွက် ရှင်းလင်းဖေါ်ပြချက်နှင့် စည်းစောင့်သူများအတွက် လမ်းညွှန်တော် ဖြစ်၏။ |
| ၁၃၉။ | **وَلاَ تَهِنُوا وَلاَ تَحْزَنُوا وَأَنتُمُ الأَعْلَوْنَ إِن كُنتُم مُّؤْمِنِينَ۞**<br>အားမလျှော့ကြနှင့် မပူပန်ကြနှင့် သင်တို့သည် ယုံကြည်သူ စင်စစ်ဖြစ်သော် အသာစီး ရကြလတ္တံ့။ |
| ၁၄၀။<br><br>ရန်သူများ | **إِن يَمْسَسْكُمْ قَرْحٌ فَقَدْ مَسَّ الْقَوْمَ قَرْحٌ مِّثْلُهُ وَتِلْكَ الأيَّامُ نُدَاوِلُهَا بَيْنَ النَّاسِ وَلِيَعْلَمَ اللّهُ الَّذِينَ آمَنُواْ وَيَتَّخِذَ مِنكُمْ شُهَدَاء وَاللّهُ لاَ يُحِبُّ الظَّالِمِينَ۞**<br>သင်တို့အား ဒဏ်ရာဒဏ်ချက် ထိသက်ခဲ့လျှင်– အလားတူ ဒဏ်ရာဒဏ်ချက် **ထိုလူမျိုး** အပေါ်သို့ ထိသက်ခဲ့ပြီ။ လူသားချင်းကြား၌ ဤသို့ အတုံ့အလှည့် ကာလများကို သတ်မှတ်ခြင်းမှာ ပရမတ်ဘုရားရှင်သည် သင်တို့မှ ယုံကြည်သူများနှင့် အယူမြဲ သက်သေတည်သွားသူများကို သိမှတ်ရန် အလို့ငှာ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် အမိုက်စီးသူများအား နှစ်သက်တော် မမူချေ။ |
| ၁၄၁။ | **وَلِيُمَحِّصَ اللّهُ الَّذِينَ آمَنُواْ وَيَمْحَقَ الْكَافِرِينَ۞**<br>ပရမတ်ဘုရားရှင်က ယုံကြည်သူအပေါင်းအား ကင်းသန့်စေရန်၊ ဖုံးကွယ်သူတို့အား ဖယ်ရှားရန် အလို့ငှာ ဖြစ်၏။ |
| ၁၄၂။<br>ဂျိဟာဒ်ပြု<br>သူများ<br>၂း၂၁၈ | **أَمْ حَسِبْتُمْ أَن تَدْخُلُواْ الْجَنَّةَ وَلَمَّا يَعْلَمِ اللّهُ الَّذِينَ جَاهَدُواْ مِنكُمْ وَيَعْلَمَ الصَّابِرِينَ۞**<br>ပရမတ်ဘုရားရှင်က သင်တို့အနက် **စွမ်းစွမ်းတမံရုန်းကန်သူများကို** သိတော်မမူသေးဘဲ၊ ခန္တီပါရမီကြီးသူများကို သိတော်မမူသေးဘဲ သုခဘုံသို့ ဝင်ကြရမည်ဟု သင်တို့ ထင်မှတ်နေကြသလော။ |
| ၁၄၃။<br><br>စစ်ပွဲကို | **وَلَقَدْ كُنتُمْ تَمَنَّوْنَ الْمَوْتَ مِن قَبْلِ أَن تَلْقَوْهُ فَقَدْ رَأَيْتُمُوهُ وَأَنتُمْ تَنظُرُونَ۞**<br>သင်တို့သည် မဆုံတွေ့မီ အလျှင်ကပင် **သေခြင်းတရားကို** မုချ လိုလားကြကုန်၏၊ သို့ဖြင့် သင်တို့ ကြည့်ရှုနေစဉ် မျက်မြင်ဒိဋ္ဌ တွေ့ကြရလေပြီ။ |
| ၁၄၄။ | **وَمَا مُحَمَّدٌ إِلاَّ رَسُولٌ قَدْ خَلَتْ مِن قَبْلِهِ الرُّسُلُ أَفَإِن مَّاتَ أَوْ قُتِلَ انقَلَبْتُمْ عَلَى أَعْقَابِكُمْ وَمَن يَنقَلِبْ** |

| | |
|---|---|
| ☆၂း၁၂၉<br>၄၇း၂ | عَلَى عَقِبَيْهِ فَلَن يَضُرَّ اللّهَ شَيْئًا وَسَيَجْزِي اللّهُ الشَّاكِرِينَ۞<br>မေတ္တေယျသည်☆ ဉာဏ်စဉ်ဆောင် တစ်ပါးသာ ဖြစ်၏၊ သူ့ရှေးမှ ဉာဏ်စဉ်ဆောင်များလည်း ပရိနိဗ္ဗာန်ပြုခဲ့ပြီ၊ အကယ်၍ သူ ပရိနိဗ္ဗာန်ပြုသည် ဖြစ်စေ၊ ခန္ဓာကြွေရသည် ဖြစ်စေ[၂၄၀] သင်တို့သည် ဖနောင့်များဘက်သို့ လှည့်ကြမည်လော၊ မည်သူသည် ဖနောင့်များဘက်သို့ လှည့်သည်ဖြစ်စေ ပရမတ်ဘုရားရှင်အား စိုးစဉ်းမျှ ထိခိုက်မှု မရှိချေ၊ ပရမတ်ဘုရားရှင်သည် ကျေးဇူးသိတတ်သူများအား အကျိုးထူးစေတော်မူလတ္တံ့။ |
| ၁၄၅။ | وَمَا كَانَ لِنَفْسٍ أَنْ تَمُوتَ إِلاَّ بِإِذْنِ الله كِتَابًا مُّؤَجَّلاً وَمَن يُرِدْ ثَوَابَ الدُّنْيَا نُؤْتِهِ مِنْهَا وَمَن يُرِدْ ثَوَابَ الآخِرَةِ نُؤْتِهِ مِنْهَا وَسَنَجْزِي الشَّاكِرِينَ۞<br>ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ မည့်သည့် ဉာဉ်စရိုက်သည်မှ နိဗ္ဗိတံခွင့်မရှိ၊ သက်တမ်းသည် မှတ်တမ်းတင်ပြီး ဖြစ်၏၊ ဤလောကီ အကျိုးကို မျှော်ကိုးသူအား ငါသည် ၎င်းကိုပေးလတ္တံ့၊ လောကုတ္တရာအကျိုးကို မျှော်ကိုးသူအား ငါသည် ၎င်းကိုပေးလတ္တံ့၊ ငါအရှင်သည် ကျေဇူးသိသူများအား အကျိုးထူးစေတော်မူမည်။ |
| ၁၄၆။ | وَكَأَيِّن مِّن نَّبِيٍّ قَاتَلَ مَعَهُ رِبِّيُّونَ كَثِيرٌ فَمَا وَهَنُواْ لِمَا أَصَابَهُمْ فِي سَبِيلِ اللّهِ وَمَا ضَعُفُواْ وَمَا اسْتَكَانُواْ وَاللّهُ يُحِبُّ الصَّابِرِينَ۞<br>များစွာသော သတင်းတော်ဆောင်များနှင့် အတူ တော်လှန်ရေးလုပ်သော သူတော်စင်တို့ များစွာ ရှိ၏၊[၂၄၁] သို့ဖြင့် သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ ဘေးဥပါဒ်ကြောင့် အားမလျှော့ကြ၊ အားမပျော့ကြ၊ အားမငယ်ကြချေ၊ ပရမတ် ဘုရားရှင်သည် သည်းခံပါရမီ ရှိသူတို့အား နှစ်သက်တော်မူ၏။ |
| ၁၄၇။ | وَمَا كَانَ قَوْلَهُمْ إِلاَّ أَن قَالُواْ ربَّنَا اغْفِرْ لَنَا ذُنُوبَنَا وَإِسْرَافَنَا فِي أَمْرِنَا وَثَبِّتْ أَقْدَامَنَا وانصُرْنَا عَلَى الْقَوْمِ الْكَافِرِينَ۞<br>သူတို့သည် "အို–အရှင်၊ တပည့်တော်တို့အား မှားပြစ်များနှင့်– တပည့်တော်တို့ အလွဲသုံးစား အစီအမံများမှ ကျွတ်လွတ်စေပါ၊ တပည့်တော်တို့၏ အခြေကို ခိုင်မြဲစေတော်မူပါ၊ ဖုံးကွယ်သောလူမျိုးအား လွှမ်းမိုးနိုင်ရန် စောင်မတော်မူပါ၊"ဟု လျှောက်ထားခြင်းမှအပ အခြား ညီညျူခြင်း မရှိချေ။ |
| ၁၄၈။ | فَآتَاهُمُ اللّهُ ثَوَابَ الدُّنْيَا وَحُسْنَ ثَوَابِ الآخِرَةِ وَاللّهُ يُحِبُّ الْمُحْسِنِينَ۞<br>သို့ဖြင့် ပရမတ်ဘုရားရှင်သည် သူတို့အား ဤဘဝ၌ အကျိုးကိုလည်းကောင်း နောင်ဘဝ၌ ပို၍ ကောင်းမွန်သော အကျိုးကိုလည်းကောင်း ချီးမြှင့်လတ္တံ့၊ ပရမတ်ဘုရားရှင်သည် ကောင်းမွန်သူတို့အား နှစ်သက်တော်မူ၏။ |

---

(၂၄၀) မြန်မာစကားကဲ့သို့ပင် သေခြင်းနှင့်ပတ်သက်၍ "သေဆုံးသည်၊ ကွယ်လွန်သည်၊ အနိစ္စရောက်သည်၊ နတ်ရွာစံသည်၊ ပရိနိဗ္ဗာန်ပြုသည်" စသည်ဖြင့် သုံးစွဲသကဲ့သို့ အာရဗီစကားတွင်လည်း **ခလာဟ်၊ ဝဖာ့ဟ်၊ မောက်သ်** စသည်ဖြင့် သုံးပေသည်။ အလားတူ လုပ်ကြံခံရမှုကြောင့် အသက်ပေးရသူများကို **ရှဟီးဒ်** အာဇာနည် သို့မဟုတ် (ယုံကြည်ချက်အတွက်) သက်သေတည် သွားသူများဟုသုံးပြီး လုပ်ကြံခြင်း၊ သတ်ဖြတ်ခြင်းကို **ကုတိလ** ဟုသုံးပေသည်။ ဤနေရာတွင် ကိုယ်တော် မုဟမ္မဒ် (မေတ္တေယျ)အား လုပ်ကြံခံရသည်ဖြစ်စေ **ကုတိလ**ကို **ခန္ဓာကြွေရသည် ဖြစ်စေ** ဟု ဘာသာ ပြန်ထားပါသည်။ ဤသုတ်တော်သည် ကိုယ်တော် မုဟမ္မဒ် အပါအဝင် ဘဒ္ဒကမ္ဘာ၌ ပွင့်ပေါ်ကြကုန်သော ဉာဏ်စဉ်ဆောင် အပေါင်းသည် လူ့ဇာတိကို ခံယူထားသူများ ဖြစ်၍ လူ့သဘာဝအတိုင်း (မည်သည့်နည်းဖြင့် မဆို) အနိစ္စရောက်ရမည် ဖြစ်ပြီး အာယုသင်္ခါရ မလွှတ်ဘဲ နေထိုင်ခွင့် မရှိ ကြောင်း ရှင်းလင်းထားသော သုတ်တော် ဖြစ်ပေသည်။ ထို့အပြင် ကိုယ်တော် မတိုင်မီမှ ပွင့်ပေါ်ခဲ့သည့် အရှင်ဂေါတမ၊ မောရှေ၊ ယေရှု အပါအဝင် အားလုံးသော ဉာဏ်စဉ်ဆောင်များသည် အာယုသင်္ခါရ လွှတ်ပြီးပြီ ဖြစ်ကြောင်း တိတိကျကျ မိန့်ထားသော သုတ်တော် တစ်ပါးလည်း ဖြစ်ပေသည်။

(၂၄၁) **ရိဗိ** ဆိုသည်မှာ "မြဲမြံစွာ ဘုရားရှိခိုးသူ– ဘာသာတရားကိုင်းရှိုင်းသူ၊"ဟု အနက်ရပေသည်။ ဤသုတ်တော်အား မွတ်ဆလင် မဟုတ်သော ဆရာတော်များဖြစ်သည့် ဆေးလ်၊ ရော့ဒ်ဝဲလ် နှင့် ပါလ်မာလ်တို့က "များစွာသော ပရောဖက်များသည် မရေမတွက်နိုင်သော စစ်သည်အင်အားရှိသောသူများအား မမျှော်လင့်ဘဲ တန်ပြန် တိုက်ခိုက်ခဲ့ကြသည်၊"ဟု ပြန်ဆိုထားသည်ကို တွေ့ရပေသည်။ ဤဘာသာပြန်ဆိုချက်အား ထောက်ခံသည့် မွတ်ဆလင် အထကထာများ မရှိသလို ဤဝါကျအား ထိုသို့ ပြန်ဆို၍လည်း မရပေ။

၁၄၉။ يَا أَيُّهَا الَّذِينَ آمَنُوَاْ إِن تُطِيعُواْ الَّذِينَ كَفَرُواْ يَرُدُّوكُمْ عَلَى أَعْقَابِكُمْ فَتَنقَلِبُواْ خَاسِرِينَ۞

အို–ယုံကြည်သောသူတို့၊ သင်တို့သည် ဖုံးကွယ်သူတို့အား နာခံကြလျှင်၊ သူတို့က သင်တို့အား ဖနောင့်ဘက်သို့ လှည့်စေလိုကြ၏၊ သို့ဖြင့် သင်တို့သည် ဆုံးရှုံးသူများ ဖြစ်ရလတ္တံ့။

၁၅၀။ بَلِ اللّهُ مَوْلاَكُمْ وَهُوَ خَيْرُ النَّاصِرِينَ۞

အမှန်မှာ၊ ပရမတ်ဘုရားရှင်သည် သင်တို့အတွက် ကွပ်ကဲသူဖြစ်၏၊ အကောင်းဆုံး ကူညီသောအရှင် ဖြစ်၏။

၁၅၁။ سَنُلْقِي فِي قُلُوبِ الَّذِينَ كَفَرُواْ الرُّعْبَ بِمَا أَشْرَكُواْ بِاللّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَمَأْوَاهُمُ النَّارُ وَبِئْسَ مَثْوَى الظَّالِمِينَ۞

ငါသည် ထိုဖုံးကွယ်သူတို့၏ စိတ်နှလုံး၌ ကြောက်လန့်မှုကို ထည့်ပေးတော်မူမည်၊ ယင်းမှာ သူတို့သည် အခွင့် အာဏာ ချမှတ်ပေးခြင်း မရှိသော အရာနှင့် ပရမတ်ဘုရားရှင်အား ရောပြွန်းကိုးကွယ်သောကြောင့် ဖြစ်၏[၂၄၂] အပူမီးသည် သူတို့အတွက် အခင်းအကျင်း ဖြစ်၍၊ အမိုက်စီးသူတို့အတွက် နေရာမှာ နိမ့်ပါးလှ၏။

၁၅၂။ وَلَقَدْ صَدَقَكُمُ اللّهُ وَعْدَهُ إِذْ تَحُسُّونَهُم بِإِذْنِهِ حَتَّى إِذَا فَشِلْتُمْ وَتَنَازَعْتُمْ فِي الأَمْرِ وَعَصَيْتُم مِّن بَعْدِ مَا أَرَاكُم مَّا تُحِبُّونَ مِنكُم مَّن يُرِيدُ الدُّنْيَا وَمِنكُم مَّن يُرِيدُ الآخِرَةَ ثُمَّ صَرَفَكُمْ عَنْهُمْ لِيَبْتَلِيَكُمْ وَلَقَدْ عَفَا عَنكُمْ وَاللّهُ ذُو فَضْلٍ عَلَى الْمُؤْمِنِينَ۞

အရှင်၏ ခွင့်ပြုမိန့်ဖြင့် သူတို့အား ချေမှုန်းနေစဉ် သင်တို့ အားလျှော့လိုက်မှု၊ စီမံချက်၌ အငြင်းပွားမှု၊ မနာခံမှုတို့ဖြစ်သည့်တိုင် ပရမတ်ဘုရားရှင်သည် ကတိတော်ကို သင်တို့အဘို့ မုချ ခိုင်မာစေခဲ့၏။ သင်တို့ မြတ်နိုးသည့် အရာကို ပြပြီးနောက် သင်တို့အနက် ဤလောကီကို ခုံမင်သူရှိ၏၊ သင်တို့မှ လောကုတ္တရာကို လိုလားသူလည်း ရှိ၏၊ တဖန် အသင်တို့အား စုံစမ်းရန် အလို့ငှာ သူတို့မှ ဝေးရာသို့ သင်တို့ကို ပြန်လှည့်စေခဲ့ပြီ၊ သင်တို့အား မုချ ခွင့်လွှတ်ခဲ့ပြီ၊ ပရမတ်ဘုရားရှင်သည် ယုံကြည်သူများအပေါ်သို့ သိက္ခာပေးသောအရှင် ဖြစ်၏။

၁၅၃။ إِذْ تُصْعِدُونَ وَلاَ تَلْوُونَ عَلَى أحَدٍ وَالرَّسُولُ يَدْعُوكُمْ فِي أُخْرَاكُمْ فَأَثَابَكُمْ غُمَّاً بِغَمٍّ لِّكَيْلاَ تَحْزَنُواْ عَلَى مَا فَاتَكُمْ وَلاَ مَا أَصَابَكُمْ وَاللّهُ خَبِيرٌ بِمَا تَعْمَلُونَ۞

တစ်ဦးတစ်ယောက်ကိုမှ လှည့်မကြည့်တော့ဘဲ သုတ်ခြေတင် ထွက်ပြေးကြသောအခါ– ဉာဏ်စဉ်ဆောင်သည် သင်တို့အား နောက်မှ အော်ခေါ်ခဲ့၏၊ သင်တို့ လက်လွှတ်သွားသော အရာများ၊ သင်တို့ထံ ကျရောက်လာသော အရာများအတွက် ပူဆွေးသောက မဖြစ်ရစေရန်– အရှင်သည် သင်တို့အား ဝမ်းနည်းမှုအစား ဝမ်းနည်းမှုကို ပေးခဲ့ပြီ[၂၄၃] ပရမတ် ဘုရားရှင်သည် သင်တို့ ကျင့်ကြံလေသမျှကို သတင်းရနေတော်မူ၏။

---

(၂၄၂) "အခွင့်အာဏာ ချမှတ်ပေးခြင်း မရှိသောအရာ" ဆိုသည်မှာ ဂုဏ်သတ္တိ မရှိသော ရုပ်ပွားများ သို့မဟုတ် လူသားထက် ဂုဏ်ရည်နိမ့်သော အရာများကို ဆိုလို၍ ထိုအရာများကို လူသားအနေဖြင့် ကိုးကွယ်ဆည်းကပ်ခြင်းမှာ ပညာတတ် ပါမောက္ခတစ်ဦးက မူကြိုကျောင်းသား ထံတွင် ပညာရရန် တပည့်ခံ ဆည်းပူးသကဲ့သို့သာ ဖြစ်၍ ထိုပါမောက္ခ၏ ဂုဏ်သိက္ခာမှာ မြင့်တက်လာမည် မဟုတ်ချေ။ သတ္တဝါတို့၌ ဉာဏ်စဉ်အမြင့်ဆုံး လူသားသည် စကြာဝဠာအပေါင်း၏ ဉာဏ်စဉ်ဇစ်မြစ် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ကိုသာ ပို၍ပို၍ နီးစပ်ရန် ဆည်းကပ်ရမည်ဟု အစ္စလာမ် ဘာသာက သွန်သင်ပေသည်။

(၂၄၃) ကျမ်းတော်သည် ဘက်လိုက်မှု မရှိဘဲ လူသားအပေါင်းတို့ နမူနာ ယူနိုင်ရန်အတွက် ပွင့်လင်းစွာ သွန်သင်သည်။ ဤသုတ်တော်တွင် အိုဟွဒ်စစ်ပွဲ၌ အမိန့်မနာခံဘဲ ထွက်ပြေးသူများ၏ စိတ်သဘောထားကို ဖွင့်ပြထားသည်။ လူသားတို့၏ စိတ်သဘောထားကို သိနေမှသာလျှင် လူ့အသင်းအဖွဲ့တစ်ခုကို ဦးဆောင်ရသူတို့အတွက် ဖြေရှင်းရ လွယ်ကူစေရန် ဖြစ်သည်။ ဉာဏ်စဉ်ဆောင် ကိုယ်တော်များသည်ပင် စိတ်သဘောထား အမျိုးမျိုးရှိသော တပည့်ဒကာများကို ကြုံတွေ့ရလျှင် သာမန်လူ ခေါင်းဆောင်များမှာ ပို၍ပင် ခက်ခဲနိုင်ကြောင်း ဆင်ခြင်နိုင်ရန် ဖြစ်ပေသည်။ ဤသုတ်တော်တွင် "တစ်ဦးတစ်ယောက်ကိုမှ လှည့်မကြည့်တော့ဘဲ သုတ်ခြေတင် ထွက်ပြေးကြသောအခါ" ဆိုသည်မှာ ကိုယ်တော် မုဟမ္မဒ်၏ နောက်လိုက်အားလုံး ထွက်ပြေးကြသဖြင့် ကိုယ်တော်က နောက်မှ လိုက်ခေါ် နေရသည်ဟု မဆိုလိုပေ၊ ကိုယ်တော့နောက်လိုက် ဆိုသူများမှ ထွက်ပြေးသူများကိုသာ ဆိုလိုပေသည်။ ကိုယ်တော့်အတွက် အသက် ပေးမည့်သူများ၊ စစ်ပွဲအတွင်း ကြံ့ကြံ့ခံ ရပ်တည်သူများနှင့် အမှတ်တမဲ့ ထွက်ပြေးမိပြီးမှ ပြန်

| | |
|---|---|
| ၁၅၄။ | **ثُمَّ أَنزَلَ عَلَيْكُم مِّن بَعْدِ الْغَمِّ أَمَنَةً نُّعَاسًا يَغْشَى طَآئِفَةً مِّنكُمْ وَطَآئِفَةٌ قَدْ أَهَمَّتْهُمْ أَنفُسُهُمْ يَظُنُّونَ بِاللّهِ غَيْرَ الْحَقِّ ظَنَّ الْجَاهِلِيَّةِ يَقُولُونَ هَل لَّنَا مِنَ الأَمْرِ مِن شَيْءٍ قُلْ إِنَّ الأَمْرَ كُلَّهُ لِلَّهِ يُخْفُونَ فِي أَنفُسِهِم مَّا لاَ يُبْدُونَ لَكَ يَقُولُونَ لَوْ كَانَ لَنَا مِنَ الأَمْرِ شَيْءٌ مَّا قُتِلْنَا هَاهُنَا قُل لَّوْ كُنتُمْ فِي بُيُوتِكُمْ لَبَرَزَ الَّذِينَ كُتِبَ عَلَيْهِمُ الْقَتْلُ إِلَى مَضَاجِعِهِمْ وَلِيَبْتَلِيَ اللّهُ مَا فِي صُدُورِكُمْ وَلِيُمَحَّصَ مَا فِي قُلُوبِكُمْ وَاللّهُ عَلِيمٌ بِذَاتِ الصُّدُورِ۞**<br>ဝမ်းနည်းရပြီးနောက် အရှင်သည် သင်တို့အပေါ်သို့ ဘေးကင်း လုံခြုံခြင်းကို တဖန် ချမှတ်ပေး၏၊ သင်တို့မှ တစ်စုကို အိပ်ငိုက်စေခဲ့၏၊ အခြားတစ်စုမှာ ကိုယ့်လိပ်ပြာ ကိုယ်လန့်လျက် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ ပညာမဲ့တို့ ထင်မြင်သကဲ့သို့ သစ္စာမဲ့စွာ ထင်မြင်ကြလျက် "ကျွန်ုပ်တို့၌ တစ်စုံတစ်ရာ စီမံခွင့် မရှိဘူးလား။"ဟု ဆိုကြ၏၊ "စီမံချက် အလုံးစုံသည် ပရမတ်ဘုရားရှင်ထံမှ ဖြစ်၏၊"ဟု ပြန်ပြောလော့၊ သူတို့၏ စိတ်တွင်း၌ ထိန်ဝှက် ထိန်ဝှက်ထားရာကို သင့်အား မဖွင့်ဟဘဲလျက် "ကျွန်ုပ်တို့၌ စီမံခွင့် တစ်စုံတစ်ရာ ရှိခဲ့ပါမူ၊ ဤနေရာ၌ ကျွန်ုပ်တို့ ကျဆုံးရမည် မဟုတ်၊" ဟု ဆိုကြ၏၊ ဟောလော့ "အကယ်၍ သင်တို့သည် အိမ်တွင်း၌ နေနေကြားလည်း၊ ကျဆုံးရရန် ပြဋ္ဌာန်းပြီးသား သူများသည်ကား ကျဆုံးရမည့်နေရာသို့ ရင်ဆိုင်ရလတ္တံ့၊ ပရမတ်ဘုရားရှင်သည် သင်တို့၏ ရင်တွင်းခံစားချက်ကို စုံစမ်းတော်မူ၏၊ သင်တို့၏ စိတ်နှလုံးအတွင်းကို ကင်းသန့်စေတော်မူ၏၊ ပရမတ်ဘုရားရှင်သည် သင်တို့၏ ရင်ဘတ်အတွင်းမှ အရာများကို သိနေတော်မူ၏။ |
| ၁၅၅။<br><br><br>✡ ၂း၁၄ | **إِنَّ الَّذِينَ تَوَلَّوْاْ مِنكُمْ يَوْمَ الْتَقَى الْجَمْعَانِ إِنَّمَا اسْتَزَلَّهُمُ الشَّيْطَانُ بِبَعْضِ مَا كَسَبُواْ وَلَقَدْ عَفَا اللّهُ عَنْهُمْ إِنَّ اللّهَ غَفُورٌ حَلِيمٌ۞**<br>နှစ်ဘက် ထိပ်ဆိုင်တွေ့သောနေ့၌ သင်တို့အနက် လှည့်ပြေးသူတို့မူကား သူတို့၏ ကျင့်ဆောင်မှု အပေါ်၌ မကောင်းဆိုးဝါးက✡ သူတို့အား အခြေပျက်စေခြင်း ဖြစ်၏၊ သို့သော် ပရမတ်ဘုရားရှင်သည် သူတို့အား မုချ လွတ်ငြိမ်းခွင့်ပေးခဲ့ပြီ၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် ညှာတာသောအရှင် ဖြစ်၏။ |
| ၁၅၆။ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَكُونُواْ كَالَّذِينَ كَفَرُواْ وَقَالُواْ لإِخْوَانِهِمْ إِذَا ضَرَبُواْ فِي الأَرْضِ أَوْ كَانُواْ غُزًّى لَّوْ كَانُواْ عِندَنَا مَا مَاتُواْ وَمَا قُتِلُواْ لِيَجْعَلَ اللّهُ ذَلِكَ حَسْرَةً فِي قُلُوبِهِمْ وَاللّهُ يُحْيِي وَيُمِيتُ وَاللّهُ بِمَا تَعْمَلُونَ بَصِيرٌ۞**<br>အို–ယုံကြည်သူတို့၊ သားချင်းများနှင့် ပတ်သက်၍ မြေကမ္ဘာ၌ ခရီးသွားနေစဉ်– သို့မဟုတ် စစ်ထွက်နေစဉ် "အကယ်၍သာ ကျွန်ုပ်တို့နှင့် အတူ ရှိနေခဲ့မူ၊ ဤသို့ သေရမည်မဟုတ်၊ ကျဆုံးရမည်မဟုတ်၊"ဟု ပြောဆိုကြသော ဖုံးကွယ်သူများကဲ့သို့ သင်တို့ မဖြစ်ကြလင့်၊ ပရမတ်ဘုရားရှင်သည် သူတို့၏ စိတ်နှလုံး၌ ပူဆွေးခြင်း တစ်ရပ် ဖြစ်စေ၏၊ ပရမတ်ဘုရားရှင်သည် ရှင်သန်စေ၏၊ သေဆုံးစေ၏၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မြင်နေတော်မူ၏။ |
| ၁၅၇။ | **وَلَئِن قُتِلْتُمْ فِي سَبِيلِ اللّهِ أَوْ مُتُّمْ لَمَغْفِرَةٌ مِّنَ اللّهِ وَرَحْمَةٌ خَيْرٌ مِّمَّا يَجْمَعُونَ۞**<br>အကယ်၍ ပရမတ်ဘုရားရှင်၏ လမ်းတော်၌ ကျဆုံးရသည် ဖြစ်စေ၊ အနိစ္စရောက်ရသည် ဖြစ်စေ၊ ပရမတ်ဘုရားရှင်၏ ထံမှ လွတ်ငြိမ်းခွင့်နှင့် ကရုဏာတော်သည် သူတို့ စုဆောင်းထားသည်ထက် ပို၍ကောင်းမြတ်၏။ |
| ၁၅၈။ | **وَلَئِن مُّتُّمْ أَوْ قُتِلْتُمْ لإِلَى اللّه تُحْشَرُونَ۞** |

---

လည် သတိဝင်ကာ တိုက်ပွဲဆီသို့ ပြန်ဝင်လာသူများ များစွာ ရှိပေသည်။ ထိုအချက်ကို သုတ်တော် ၁၅၂ ၌ပင် လောကီကို မျော်ကိုးသူများ ရှိသကဲ့သို့ လောကုတ္တရာ အတွက် လိုလားသူများ ရှိသည်ဟု တင်ပြပြီး ဖြစ်ပေသည်။ "ဝမ်းနည်းမှုအစား ဝမ်းနည်းမှုကိုပေးခဲ့ပြီ" ဆိုသည်မှာ ထွက်ပြေးသူများ အတွက် ကိုယ်တော်က ဝမ်းနည်းရမည့် အစား ထိုသူများသာ ဝမ်းနည်းမှုကို ကြုံတွေ့ရကြောင်းကို ဆိုလိုပေသည်။

| | |
|---|---|
| ✡၂း၂၈ | သင်တို့ အနိစ္စရောက်သည်ဖြစ်စေ၊ ကျဆုံးရသည်ဖြစ်စေ ပရမတ်ဘုရားရှင်ထံသို့သာ အလုံးစုံ စုဆုံရပေမည်။✡ |
| ၁၅၉။ | فَبِمَا رَحْمَةٍ مِّنَ اللهِ لِنتَ لَهُمْ وَلَوْ كُنتَ فَظًّا غَلِيظَ الْقَلْبِ لاَنفَضُّواْ مِنْ حَوْلِكَ فَاعْفُ عَنْهُمْ وَاسْتَغْفِرْ لَهُمْ وَشَاوِرْهُمْ فِي الأَمْرِ فَإِذَا عَزَمْتَ فَتَوَكَّلْ عَلَى اللهِ إِنَّ اللهَ يُحِبُّ الْمُتَوَكِّلِينَ ۞<br>ပရမတ်ဘုရားရှင်၏ ကရုဏာတော်ကြောင့် သင်သည် သူတို့နှင့် ပြေပြစ်စွာ ဆက်ဆံခဲ့ပြီ၊ အကယ်၍ သင်သည် သဘောထားပြင်းထန်သူ၊ အာဃာတကြီးသူ ဖြစ်ခဲ့လျှင် သူတို့သည် သင်၏ အနီးမှ ခွာသွားကြလေလတ္တံ့ သို့ဖြစ်၍ သူတို့အား ခွင့်လွှတ်၍ သူတို့အတွက် လွတ်ငြိမ်းဆုကို တောင်းခံလော့၊ အရေးအရာများ၌ သူတို့နှင့် တိုင်ပင်ဆွေးနွေးလော့၊ သင် စိတ်ဆုံးဖြတ်သောအခါ ပရမတ်ဘုရားရှင် အပေါ်၌ စွဲမြဲစွာ ယုံစားလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ယုံစားသူတို့အား နှစ်သက်တော်မူ၏။ |
| ၁၆၀။ | إِن يَنصُرْكُمُ اللهُ فَلاَ غَالِبَ لَكُمْ وَإِن يَخْذُلْكُمْ فَمَن ذَا الَّذِي يَنصُرُكُم مِّن بَعْدِهِ وَعَلَى اللهِ فَلْيَتَوَكِّلِ الْمُؤْمِنُونَ ۞<br>ပရမတ်ဘုရားရှင်က သင်တို့အား ကူညီပံ့ပိုးခဲ့သော် သင်တို့အား လွှမ်းမိုးနိုင်သူဟူ၍ မရှိတော့ပြီ၊ အကယ်၍ သင်တို့အား စွန့်ပစ်ထားလျှင် အရှင်၏နောက် သင်တို့အား မည်သူက ပံ့ပိုးနိုင်အံ့နည်း။ ယုံကြည်သူများ အနေဖြင့် ပရမတ်ဘုရားရှင်ကိုသာ ယုံကြည်ကိုးစားအပ်၏။ |
| ၁၆၁။<br>☆၂း၁၇၄ | وَمَا كَانَ لِنَبِيٍّ أَن يَغُلَّ وَمَن يَغْلُلْ يَأْتِ بِمَا غَلَّ يَوْمَ الْقِيَامَةِ ثُمَّ تُوَفَّى كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لاَ يُظْلَمُونَ ۞<br>လှည့်စားသော သတင်းတော်ဆောင်ဟူ၍ မရှိချေ၊ လှည့်စားသူသည် သူ၏ လှည့်စားမှုအား ရပ်တည်မြဲမြံသော နေ့၌☆ ယူဆောင်ခဲ့ရလတ္တံ့၊ တဖန် ဉာဉ်စရိုက်ကိုယ်စီ ကျင့်ဆောင်ခဲ့သည့်အတိုင်း ဖြည့်ဆီးခံရလတ္တံ့၊ သူတို့အား မတရားပြုမည် မဟုတ်ပေ။ |
| ၁၆၂။ | أَفَمَنِ اتَّبَعَ رِضْوَانَ اللهِ كَمَن بَاء بِسَخْطٍ مِّنَ اللهِ وَمَأْوَاهُ جَهَنَّمُ وَبِئْسَ الْمَصِيرُ ۞<br>ပရမတ်ဘုရားရှင်၏ သဘောတော်အား လိုက်နာသူသည် ပရမတ်ဘုရားရှင်၏ သဘောကိုဆန့်ကျင်၍ သူ့ကိုယ်သူ ပြုလျှက်[၂၄၄] ယုတ်ညံ့သည့် ပန်းတိုင် ငရဲပြည်သို့ သွားမည့်သူ ကဲ့သို့ မည်သို့ ဖြစ်နိုင်အံ့နည်း။ |
| ၁၆၃။ | هُمْ دَرَجَاتٌ عِندَ اللهِ واللهُ بَصِيرٌ بِمَا يَعْمَلُونَ ۞<br>သူတို့၏ အခွင့်အလမ်းသည် ပရမတ်ဘုရားရှင်၏ ထံ၌ ရှိ၏၊ ပရတ်မတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မြင်နေတော်မူ၏။ |
| ၁၆၄။ | لَقَدْ مَنَّ اللهُ عَلَى الْمُؤمِنِينَ إِذْ بَعَثَ فِيهِمْ رَسُولاً مِّنْ أَنفُسِهِمْ يَتْلُو عَلَيْهِمْ آيَاتِهِ وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَإِن كَانُواْ مِن قَبْلُ لَفِي ضَلالٍ مُّبِينٍ ۞<br>ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့အား သူတို့၏အထဲ သူတို့၏ စရိုက်တူမျိုးနွယ်မှ ဉာဏ်စဉ်ဆောင် တစ်ပါးကို ပွင့်ပေါ်စေခြင်းဖြင့် မျက်နှာသာပေးခဲ့ပြီ၊ သူတို့အား အရှင်၏ သုတ်ဒေသနာများကို ဖတ်ပြ၏၊ သူတို့အား သန့်စင်စေ၏၊ သူတို့အား ကျမ်းတော်နှင့် အဆုံးအဖြတ်တော်ကို သင်ကြားပေ၏၊ ကေန်ပင် သူတို့သည် ရှေးယခင်က ထင်ရှားစွာသော အပါယ်လမ်း၌ ရှိခဲ့ကြလေ၏။ |

(၂၄၄) ပရမတ်ဘုရားရှင်၏ သဘောတော် ဆိုသည်မှာ လောကဓမ္မကို ဆိုခြင်း ဖြစ်ပေသည်။ အရာရာအား မိမိ ဖတ်မှတ်မိ သလောက် ပေတံဖြင့် တိုင်း၍ ဤအရာကား ဘုရားဟောနှင့် ဆန့်ကျင်သည်။ ဟိုအရာအား ဘုရား မကြိုက်ဟူ၍ ဘာသာရေး ဆရာများ၏ ခြိမ်းချောက်မှုများကို မဆိုလိုချေ။

၁၆၅။ أَوَلَمَّا أَصَابَتْكُم مُّصِيبَةٌ قَدْ أَصَبْتُم مِّثْلَيْهَا قُلْتُمْ أَنَّى هَذَا قُلْ هُوَ مِنْ عِندِ أَنْفُسِكُمْ إِنَّ اللّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ ۞

သင်တို့အား ဘေးဘယာဖြင့် ကပ်ဆိုက်စေခဲ့သော်၊ သင်တို့က ထိုဘေးထက်နှစ်ဆကို ဆိုက်စေခဲ့လျက် ဤသည် အဘယ်မှနည်းဟု သင်တို့ ပြောလိုကြ၏၊ ဟောလော့ “၎င်းသည် သင်တို့၏ ဉာဉ်စရိုက်များမှ ဖြစ်၏ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ပြဋ္ဌာန်းတော်မူ၏။”[၂၄၅]

၁၆၆။ وَمَا أَصَابَكُمْ يَوْمَ الْتَقَى الْجَمْعَانِ فَبِإِذْنِ اللّهِ وَلِيَعْلَمَ الْمُؤْمِنِينَ ۞

တပ်နှစ်တပ် ထိပ်တိုက်တွေ့သောနေ့၌ သင်တို့အား ထိခိုက်စေခြင်းမှာ ယုံကြည်သူတို့အား ခွဲခြားသိနိုင်ရန် ပရမတ်ဘုရားရှင်၏ အလိုတော်အတိုင်း ဖြစ်၏။

၁၆၇။ وَلْيَعْلَمَ الَّذِينَ نَافَقُواْ وَقِيلَ لَهُمْ تَعَالَوْاْ قَاتِلُواْ فِي سَبِيلِ اللّهِ أَوِ ادْفَعُواْ قَالُواْ لَوْ نَعْلَمُ قِتَالاً لاَّتَّبَعْنَاكُمْ هُمْ لِلْكُفْرِ يَوْمَئِذٍ أَقْرَبُ مِنْهُمْ لِلإِيمَانِ يَقُولُونَ بِأَفْوَاهِهِم مَّا لَيْسَ فِي قُلُوبِهِمْ وَاللّهُ أَعْلَمُ بِمَا يَكْتُمُونَ ۞

သီလကြောင်တို့အား သိနိုင်ရန်လည်း ဖြစ်၏၊ သူတို့အား “ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ တော်လှန်ကြ သို့မဟုတ် ခုခံကြ၊”ဟု ပြောသောအခါ၊ “အကယ်၍ တိုက်ပွဲဖြစ်မည်ကို[၂၄၆] သိခဲ့ရလျှင် သင်တို့၏ နောက်မှ သေချာပေါက် လိုက်ခဲ့မည်၊”ဟု ပြန်ပြောကြ၏၊ ထိုနေ့၌ သူတို့သည် ယုံကြည်ခြင်းထက် ဖုံးကွယ်ခြင်းသို့ ပိုမိုနီးကပ်နေ၏။ သူတို့၏ နှလုံးသား၌ မရှိသည်ကို နှုတ်ဖျားမှ ပြောဆိုကြ၏၊ ပရမတ်ဘုရားရှင်သည် သူတို့၏ ထိန်ဝှက်မှုကို ကုန်စင် သိတော်မူ၏။

၁၆၈။ الَّذِينَ قَالُواْ لإِخْوَانِهِمْ وَقَعَدُواْ لَوْ أَطَاعُونَا مَا قُتِلُوا قُلْ فَادْرَؤُوا عَنْ أَنفُسِكُمُ الْمَوْتَ إِن كُنتُمْ صَادِقِينَ ۞

မိမိကိုယ်တိုင် ထိုင်နေပါလျက် ညီအစ်ကိုများနှင့် ပါတ်သက်၍ “ကျွန်ုပ်တို့အား နာခံခဲ့လျှင် ကျဆုံးရမည် မဟုတ်၊” ဟု ပြောဆိုသူတို့အား– သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သင်တို့၏ ဉာဉ်များမှ သေခြင်းတရားကို ဖယ်ရှားပစ်ကြလော့၊”ဟု ဟောပြောလော့။

၁၆၉။ وَلاَ تَحْسَبَنَّ الَّذِينَ قُتِلُواْ فِي سَبِيلِ اللّهِ أَمْوَاتًا بَلْ أَحْيَاء عِندَ رَبِّهِمْ يُرْزَقُونَ ۞

၂း၁၅၄

ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ ကျဆုံးရသူတို့အား သေကြကုန်ပြီဟု မထင်မှတ်နှင့်၊ အမှန်မှာ သူတို့သည် ကံကြမ္မာရှင်၏ ထံ၌ ရှင်သန် ရိက္ခာရလျက် ရှိကြ၏။

၁၇၀။ فَرِحِينَ بِمَا آتَاهُمُ اللّهُ مِن فَضْلِهِ وَيَسْتَبْشِرُونَ بِالَّذِينَ لَمْ يَلْحَقُواْ بِهِم مِّنْ خَلْفِهِمْ أَلاَّ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ ۞

ပရမတ်ဘုရားရှင်က အရှင်၏ သိက္ခာတော် ချီးမြှင့်ခြင်းဖြင့် သူတို့ ပျော်ပိုက်ကြကုန်၏၊ သူတို့၏နောက်မှ သူတို့ထံ ပူးပေါင်းခြင်း မရှိသေးသောသူများ အတွက်လည်း ထိုသူတို့အပေါ်သို့ ပူဆွေးခြင်း သောကဖြစ်ခြင်း ကျရောက်မည် မဟုတ်သောကြောင့် ဝမ်းမြောက်ကြကုန်၏။

---

(၂၄၅) အိုဟွဒ် စစ်ပွဲတွင် ခေါင်းဆောင်၏ အမိန့်ကို မနာခံသောကြောင့် မွတ်ဆလင်တို့ အထိနာခဲ့ရသည်ကို အချို့သော သူများက ပရမတ်ဘုရားရှင်ကို ယုံကြည်ပါလျက် အဘယ်ကြောင့် ထိခိုက်ရပါသနည်းဟု မေးကြသည်ကို ပြန်လည် တင်ပြခြင်း ဖြစ်ပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ဤစစ်ပွဲ မတိုင်မီ ဘဒါရ် စစ်ပွဲ၌ ရန်သူများဘက်မှ သူတို့သည် သူတို့၏ ခေါင်းဆောင်များကို မနာခံသောကြောင့် အကြီးအကျယ် အထိနာခဲ့ကြောင်း ပြန်လည် တင်ပြခြင်းဖြင့် ဖြေကြားခြင်း ဖြစ်ပေသည်။ မွတ်ဆလင် ဖြစ်စေ၊ မွတ်ဆလင် မဟုတ်သူ ဖြစ်စေ မည်သူမဆို ခေါင်းဆောင်၏ တရားမျှတသော အမိန့်ကို မလိုက်နာလျှင် ထိခိုက်ရမည်ပင်။ ထိုအချင်းအရာမှာ သူတို့၏ စရိုက်များကြောင့်သာ ဖြစ်၍ ပရမတ်ဘုရားရှင်နှင့် မဆိုင်ပေ။

(၂၄၆) သီလကြောင် (သာယာဖင်း) များက စစ်ပွဲသို့ မလိုက်လိုကြပေ၊ သူတို့က ယုံကြည်သူတို့၏ တပ်မတော် အနေဖြင့် အင်အား အလွန်ကွာလှသော ရန်သူ့တပ်အား မည်သို့မှ ခံတိုက်နိုင်မည် မဟုတ် အကုန်ချေမှုန်း ခံရလိမ့်မည် သို့အတွက် သူတို့က ၎င်းကို တိုက်ပွဲဟု အသိအမှတ် မပြုလိုဘဲ ဟန်ရေးပြလျက် ထွက်ပြေးကြမည်ဟု သတ်မှတ်ကာ တိုက်ပွဲ ဖြစ်မှာ မဟုတ်ပါဘူးဟု အကြောင်းပြလျက် ရှောင်နေခဲ့ပေသည်။

| | |
|---|---|
| ၁၇၁။ | يَسْتَبْشِرُونَ بِنِعْمَةٍ مِّنَ اللّهِ وَفَضْلٍ وَأَنَّ اللّهَ لاَ يُضِيعُ أَجْرَ الْمُؤْمِنِينَ۞<br>ပရမတ်ဘုရားရှင်၏ထံမှ ဂုဏ်ပေးမှုနှင့် သိက္ခာပေးမှုကြောင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ယုံကြည် သူတို့၏ အကျိုးဆုလဒ်အား အချီးနှီး ဖြစ်စေမည် မဟုတ်သောကြောင့် သူတို့ ဝမ်းမြောက်ကြကုန်၏။ |
| ၁၇၂။ | الَّذِينَ اسْتَجَابُواْ لِلّهِ وَالرَّسُولِ مِن بَعْدِ مَآ أَصَابَهُمُ الْقَرْحُ لِلَّذِينَ أَحْسَنُواْ مِنْهُمْ وَاتَّقَواْ أَجْرٌ عَظِيمٌ۞<br>သူတို့အနက် အနာတရ ထိသက်ပြီးနောက်၊ ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်ထံ၌ ဆင့်ဆိုခံလျှက် ကောင်းမွန်စွာဖြင့် စည်းစောင့်သူတို့၏ အကျိုးသည် ကြီးမားလှ၏။ |
| ၁၇၃။ | الَّذِينَ قَالَ لَهُمُ النَّاسُ إِنَّ النَّاسَ قَدْ جَمَعُواْ لَكُمْ فَاخْشَوْهُمْ فَزَادَهُمْ إِيمَاناً وَقَالُواْ حَسْبُنَا اللّهُ وَنِعْمَ الْوَكِيلُ۞<br>လူအများပြောသော "သင်တို့ကို ဆန့်ကျင်ရန် လူများ စုနေကြပြီ၊ ၎င်းတို့ကို ကြောက်ရွံ့ကြလော့၊"ဟု ပြောဆိုမှုက သူတို့၏ ယုံကြည်မှုကို တိုးပွားစေလျှက် "ကျွန်ုပ်တို့အတွက် ပရမတ်ဘုရားရှင်သည် လုံလောက်၏၊ အရှင်သည် ဂုဏ်ရှိသော ကိုယ်စားလှယ် ဖြစ်၏၊"ဟု ကြွေးကြော်ကြ၏။ |
| ၁၇၄။ | فَانقَلَبُواْ بِنِعْمَةٍ مِّنَ اللّهِ وَفَضْلٍ لَّمْ يَمْسَسْهُمْ سُوءٌ وَاتَّبَعُواْ رِضْوَانَ اللّهِ وَاللّهُ ذُو فَضْلٍ عَظِيمٍ۞<br>သို့ဖြင့် သူတို့သည် ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှု သိက္ခာပေးမှုတို့ဖြင့် ပြန်လာခဲ့၏၊ အကုသိုလ် ထိသက်မှု မရှိချေ၊ ပရမတ်ဘုရားရှင်၏ အလိုတော်သို့ လိုက်နာကြ၏၊ ပရမတ်ဘုရားရှင်သည် ကြီးမြတ်သော သိက္ခာတော်ရှင် ဖြစ်တော်မူ၏။ |
| ၁၇၅။ | إِنَّمَا ذَلِكُمُ الشَّيْطَانُ يُخَوِّفُ أَوْلِيَاءهُ فَلاَ تَخَافُوهُمْ وَخَافُونِ إِن كُنتُم مُّؤْمِنِينَ۞<br>သင်တို့ ကြောက်ရွံ့စေရန် မကောင်းဆိုးဝါးက[၂၆၇] သူ၏ ကွပ်ကဲခံများကို လှုံ့ဆော်ခိုင်း၏၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် သူတို့အား မကြောက်ရွံ့လင့်၊ ငါအရှင်ကိုသာ ကြောက်ရွံ့ကြလော့။ |
| ၁၇၆။ | وَلاَ يَحْزُنكَ الَّذِينَ يُسَارِعُونَ فِي الْكُفْرِ إِنَّهُمْ لَن يَضُرُّواْ اللّهَ شَيْئاً يُرِيدُ اللّهُ أَلاَّ يَجْعَلَ لَهُمْ حَظًّا فِي الآخِرَةِ وَلَهُمْ عَذَابٌ عَظِيمٌ۞<br>ဖုံးကွယ်မှု၌ ပြိုင်ဆိုင်နေသူတို့ကြောင့် သင့်အား စိတ်သောက မရောက်စေရ၊ ကေန်ပင် သူတို့သည် ပရမတ်ဘုရားရှင်အား တစ်စုံတစ်ရာမျှ ထိခိုက်မှု မပြုနိုင်ချေ၊ ပရမတ်ဘုရားရှင်သည် သူတို့အတွက် နောင်ဘဝ၌ ဝေစုဝေပုံ ပြုလုပ်လိုသည် မရှိပေ၊ သူတို့အတွက် ကြီးမားသော ဝဋ်ကြွေးသည်သာ ရှိနေပြီ။ |
| ၁၇၇။ | إِنَّ الَّذِينَ اشْتَرَوُاْ الْكُفْرَ بِالإِيمَانِ لَن يَضُرُّواْ اللّهَ شَيْئًا وَلَهُمْ عَذَابٌ أَلِيمٌ۞<br>ယုံကြည်မှုကို ဖုံးကွယ်ခြင်းဖြင့် ရောင်းစားသူတို့သည် ပရမတ်ဘုရားရှင်အား တစ်စုံတစ်ရာ ထိခိုက်စေသည် မဟုတ် သူတို့အတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိနေပြီ။ |
| ၁၇၈။ | وَلاَ يَحْسَبَنَّ الَّذِينَ كَفَرُواْ أَنَّمَا نُمْلِي لَهُمْ خَيْرٌ لِّأَنفُسِهِمْ إِنَّمَا نُمْلِي لَهُمْ لِيَزْدَادُواْ إِثْمًا وَلَهْمُ عَذَابٌ مُّهِينٌ۞<br>ဆိုင်းငံ့ထားခြင်းကို သူတို့အတွက် ကောင်းသည်ဟု ဖုံးကွယ်သူတို့အား မထင်စေလင့်၊ သူတို့အား အချိန်ပေး |

(၂၆၇) ယုံကြည်သူများက ရန်သူများကို ကြောက်ရွံ့စေရန် သတင်းဝါဒ ဖြန့်ချီသူများကို ဤနေရာ၌ မကောင်းဆိုးဝါး (ရှိုင်တွန်)ဟု သုံးပေသည်။ ကိုယ်တော်မုဟမ္မဒ်၏ လက်ထက်တော်က ဤအကြောင်းအရာအား ဝါဒဖြန့်ခဲ့သူမှာ အဘူဆွဖ်ယန် သို့မဟုတ် သူစေလွှတ်လိုက်သော နအီးမ် အိဗနု မဆ်အုဒ် ဖြစ်သည်ဟု အစ္စလာမ်သမိုင်းတွင် တွေ့ရပေသည်။ မည်သို့ဆိုစေ ရှိုင်တွန် ဆိုသည်မှာ သရဲသဘက် နာနာဘာဝများ မဟုတ် ဆိုသည်ကို ဤသုတ်တော်က သက်သေတစ်ရပ်ပင်။ (၂း၁၄ ကိုကြည့်ပါ)။

| | |
|---|---|
| | ထားခြင်းမှာ မကောင်းမှု ဆင့်ပွားစေရန် ဖြစ်၏၊ သူတို့အတွက် မသတီဘွယ် ဝင့်ကြွေးသည် ရှိနေပြီ။ |
| ၁၇၉။<br>☆၂း၇၀ | **مَّا كَانَ اللّهُ لِيَذَرَ الْمُؤْمِنِينَ عَلَى مَآ أَنتُمْ عَلَيْهِ حَتَّى يَمِيزَ الْخَبِيثَ مِنَ الطَّيِّبِ وَمَا كَانَ اللّهُ لِيُطْلِعَكُمْ عَلَى الْغَيْبِ وَلَكِنَّ اللّهَ يَجْتَبِي مِن رُّسُلِهِ مَن يَشَاء فَآمِنُواْ بِاللّهِ وَرُسُلِهِ وَإِن تُؤْمِنُواْ وَتَتَّقُواْ فَلَكُمْ أَجْرٌ عَظِيمٌ۞**<br>မသန့်သူများကို သန့်စင်သူများမှ သီးခြား ဖြစ်စေသည့်တိုင် ပရမတ်ဘုရားရှင်က သင်တို့အား ဤအတိုင်း ထားမည် မဟုတ်ချေ၊ အလားတူပင် စကြ္ဝာလွှန်များကို သင်တို့သိရစေမည်ဟု မသတ်မှတ်ပေ၊ သို့သော် ပရမတ်ဘုရားရှင်သည် ဉာဏ်စဉ်ဆောင်များမှ စံချိန်ပြည့်သူအား☆ ရွေးချယ်တော်မူ၏၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်တို့အား ယုံကြည်ကြလော့၊ အကယ်၍ ယုံကြည်ကြလျှင် စည်းစောင့်ကြလျှင် သင်တို့အတွက် ကြီးမားသော အကျိုးဆုလဒ်သည် ရှိနေ၏။ |
| ၁၈၀။ | **وَلاَ يَحْسَبَنَّ الَّذِينَ يَبْخَلُونَ بِمَا آتَاهُمُ اللّهُ مِن فَضْلِهِ هُوَ خَيْرًا لَّهُمْ بَلْ هُوَ شَرٌّ لَّهُمْ سَيُطَوَّقُونَ مَا بَخِلُواْ بِهِ يَوْمَ الْقِيَامَةِ وَلِلّهِ مِيرَاثُ السَّمَاوَاتِ وَالأَرْضِ وَاللّهُ بِمَا تَعْمَلُونَ خَبِيرٌ۞**<br>ပရမတ်ဘုရားရှင်က အရှင်၏ သိက္ခာ ချီးမြှင့်ခြင်းကို စီးကပ်သူတို့အား ၎င်းသည် သူတို့အတွက် ကောင်းမြတ်သည် ဟု မထင်မှတ်စေလင့်၊[၂၄၈] အမှန်မှာ ၎င်းသည် အဆိုးသက်သက် ဖြစ်၏၊ ရပ်တည်မြဲမြံသောနေ့၌ သူတို့၏ ကပ်စီးနဲမှုသည် လည်ပင်းထိပ်တုံး ဖြစ်လတ္တံ့၊ မိုးမြေအပေါင်း၏ အမွေအားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှအား သတင်းရနေတော်မူ၏။ |
| ၁၈၁။ | **لَّقَدْ سَمِعَ اللّهُ قَوْلَ الَّذِينَ قَالُواْ إِنَّ اللّهَ فَقِيرٌ وَنَحْنُ أَغْنِيَاء سَنَكْتُبُ مَا قَالُواْ وَقَتْلَهُمُ الأَنبِيَاء بِغَيْرِ حَقٍّ وَنَقُولُ ذُوقُواْ عَذَابَ الْحَرِيقِ۞**<br>"ကေန်ပင် ပရမတ်ဘုရားရှင်သည် ဆင်းရဲ၏ ကျွန်ုပ်တို့သာ ပြည့်စုံကြွယ်ဝပေ၏၊"ဟု ဆိုသူတို့က ဆိုကြသည်ကို ပရမတ်ဘုရားရှင်သည် ကြားနေတော်မူ၏၊ ငါအရှင်သည် သူတို့၏ ပြောဆိုမှုများ၊ သတင်းတော်ဆောင်များအား သစ္စာမဲ့စွာ သတ်ဖြတ်မှုများကို မှတ်တမ်းတင်လျက် "လောင်ကျွမ်းစေသည့် ဝင့်ကြွေးကို မြည်းစမ်းကြလော့၊"ဟု မိန့်တော်မူမည်ပင်။[၂၄၉] |
| ၁၈၂။<br>ဝင့်ကြွေး<br>သည် | **ذَلِكَ بِمَا قَدَّمَتْ أَيْدِيكُمْ وَأَنَّ اللّهَ لَيْسَ بِظَلاَّمٍ لِّلْعَبِيدِ۞**<br>**ဤသည်** ကြိုပို့ထားသော သင်တို့၏ လက်ရာများ ဖြစ်၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် အမှုတော်ဆောင်များအား အဝိဇ္ဇာမစီးစေချေ။ |
| ၁၈၃။ | **الَّذِينَ قَالُواْ إِنَّ اللّهَ عَهِدَ إِلَيْنَا أَلاَّ نُؤْمِنَ لِرَسُولٍ حَتَّى يَأْتِيَنَا بِقُرْبَانٍ تَأْكُلُهُ النَّارُ قُلْ قَدْ جَاءكُمْ رُسُلٌ مِّن** |

---

(၂၄၈) ဤသုတ်တော်သည် ပေးကမ်းလှူဒါန်းခြင်း မရှိသော လူကုံတန်လူများအား သွန်သင်ထားသော သုတ်တော်ပေါင်း များစွာ အနက်မှ သုတ်တော် တစ်ပါး ဖြစ်ပေသည်။ ထိုသူဌေးဆိုသူများသည် "ငါတို့က ဘုရားပေးလို့ ချမ်းသာတာ၊"ဟု ဂုဏ်ယူလေ့ရှိသော်လည်း ဘုရားဟော နည်းနာအတိုင်း နွမ်းပါးသူများအား ဘဝထူထောင်ပေးရမည်ကို အမြဲမေ့လျော့နေကြသည်ပင်။

(၂၄၉) အများအကျိုးကို ဆောင်ရွက်ရန် အမှန်တရားလမ်းစဉ် ငွေကြေးလိုအပ်မှုများ၌ အလှူခံသောအခါ မပါဝင်လို၊ မပံ့ပိုးလိုသူများက သရော်လှောင်ပြောင်မှုကို ပုံဆောင်တင်ပြခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့ အကြောင်းအရာများသည် ခေတ်တိုင်း ကာလတိုင်းတွင် ရှိနေမည် ဖြစ်သည်။

| | |
|---|---|
| | **قَبْلِي بِالْبَيِّنَاتِ وَبِالَّذِي قُلْتُمْ فَلِمَ قَتَلْتُمُوهُمْ إِن كُنتُمْ صَادِقِينَ۞**<br>"မီးပူဇော်မှုကို ကျွန်ုပ်တို့အတွက် မပေးဆောင်သော မည်သည့် ဉာဏ်စဉ်ဆောင်ကိုမျှ မယုံကြည်ရ ဟု ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား ကတိတော်ထားပြီ၊"ဟု[၂၅၀] ဆိုသူတို့အား၊ "အသင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ကျွန်ုပ်၏ အလျှင်က သင်တို့ တောင်းဆိုမှုကို ထင်ရှားစွာ ယူဆောင်လာသည့် ဉာဏ်စဉ်ဆောင်များအား အဘယ်ကြောင့် သတ်ခဲ့ကြသနည်း၊"ဟု မေးမြန်းလော့။ |
| ၁၈၄။<br>☆၁၇း၅၅ | **فَإِن كَذَّبُوكَ فَقَدْ كُذِّبَ رُسُلٌ مِّن قَبْلِكَ جَآؤُوا بِالْبَيِّنَاتِ وَالزُّبُرِ وَالْكِتَابِ الْمُنِيرِ۞**<br>သင့်အား ငြင်းပယ်ကြလျှင်–သင့်အလျှင် ရှင်းလင်းချက်များ၊ ကျမ်းငယ်များ၊☆ ထင်ရှားသည့် ကျမ်းတော်ဖြင့် ရောက်ရှိခဲ့သော ဉာဏ်စဉ်ဆောင်များသည်လည်း ငြင်းပယ်ခံခဲ့ရပြီ။ |
| ၁၈၅။<br>☆၂း၁၇၄ | **كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ وَإِنَّمَا تُوَفَّوْنَ أُجُورَكُمْ يَوْمَ الْقِيَامَةِ فَمَن زُحْزِحَ عَنِ النَّارِ وَأُدْخِلَ الْجَنَّةَ فَقَدْ فَازَ وَما الْحَيَاةُ الدُّنْيَا إِلاَّ مَتَاعُ الْغُرُورِ۞**<br>ဉာဉ်စရိုက်တိုင်း နိဗ္ဗိတံခြင်းကို မြည်းစမ်း ရမည်ပင်၊ ရပ်တည်မြဲမြံသောနေ့၌☆ သင်တို့၏ အကျိုးများကို ဖြည့်ဆည်းခံရပေမည်၊ အပူမီးမှ ဖယ်ရှားခံရ၍ သုခဘုံသို့ ဝင်ရောက်ရသူသည် မုချ အောင်မြင်သူဖြစ်၏၊ ဤလောကီဘဝသည် ခေတ္တဖျော်ဖြေခြင်းမှ လွဲ၍ အခြား မဟုတ်ပြီ။ |
| ၁၈၆။ | **لَتُبْلَوُنَّ فِي أَمْوَالِكُمْ وَأَنفُسِكُمْ وَلَتَسْمَعُنَّ مِنَ الَّذِينَ أُوتُواْ الْكِتَابَ مِن قَبْلِكُمْ وَمِنَ الَّذِينَ أَشْرَكُواْ أَذًى كَثِيرًا وَإِن تَصْبِرُواْ وَتَتَّقُواْ فَإِنَّ ذَلِكَ مِنْ عَزْمِ الأُمُورِ۞**<br>သင်တို့၏ ဉစ္စာပစ္စည်းများ ဉာဉ်စရိုက်များ၌ စုံးစမ်းခြင်းကို ခံရပေမည်၊ သင်တို့အနက် ကျမ်းပေးခံရသူများနှင့် ရောပြွန်းကိုးကွယ်သူများ၏ ထံမှ စိတ်ပျက်စရာများစွာကို ကြားရပေမည်၊ သည်းခံကြလျှင်၊ စည်းစောင့်ကြလျှင် ယင်းသည်ပင် စိတ်ကြံ့ခိုင်စေသော အရေးအရာ ဖြစ်၏။ |
| ၁၈၇။<br>ပေးခဲ့သည့်ကတိ | **وَإِذْ أَخَذَ اللّهُ مِيثَاقَ الَّذِينَ أُوتُواْ الْكِتَابَ لَتُبَيِّنُنَّهُ لِلنَّاسِ وَلاَ تَكْتُمُونَهُ فَنَبَذُوهُ وَرَاء ظُهُورِهِمْ وَاشْتَرَوْاْ بِهِ ثَمَناً قَلِيلاً فَبِئْسَ مَا يَشْتَرُونَ۞**<br>ပရမတ်ဘုရားရှင်သည် ကျမ်းပေးခံရသူများထံမှ "သင်တို့သည် **၎င်း**ကို လူသားတို့အတွက် ရှင်းလင်းတင်ပြရမည်၊ **၎င်း**ကို ထိန်ဝှက်မထားရ၊"ဟု ပဋိညာဉ်ကို ယူခဲ့၏၊ သို့သော် သူတို့သည် ကျောနောက်သို့ စွန့်ပစ်ကြ၏၊ အလွန်သိမ်ဖျင်းသော ရောင်းစားမှု ဖြစ်သည့် မဖြစ်စလောက်ဖြင့် ရောင်းစားကြ၏။ |
| ၁၈၈။ | **لاَ تَحْسَبَنَّ الَّذِينَ يَفْرَحُونَ بِمَا أَتَواْ وَّيُحِبُّونَ أَن يُحْمَدُواْ بِمَا لَمْ يَفْعَلُواْ فَلاَ تَحْسَبَنَّهُمْ بِمَفَازَةٍ مِّنَ الْعَذَابِ وَلَهُمْ عَذَابٌ أَلِيمٌ۞**<br>မထင်မှတ်လင့်၊ လုပ်ဆောင်မှု၌ အသားယူတတ်သော၊ မကျင့်ဆောင်သည်ကို ချီးကျူးခံရန် နှစ်သက်သော ထိုသူတို့သည် ဝဋ်ကြွေးမှ လုံခြုံနေပြီဟု အလျှဉ်း မထင်မှတ်လင့်၊ သူတို့အတွက် စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၁၈၉။ | **وَلِلّهِ مُلْكُ السَّمَاوَاتِ وَالأَرْضِ وَاللّهُ عَلَىَ كُلِّ شَيْءٍ قَدِيرٌ۞** |

(၂၅၀) ကိုယ်တော်မုဟမ္မဒ်သည် ဂျူးလူမျိုးများအတွက် ကိုယ်တော်မူဆာ (၂း၅၁)ကဲ့သို့ဖြစ်သည်ဟု (၂း၁၂၉) ကြေငြာသောအခါ– ဂျူးလူမျိုးများက သူတို့၏ ဓလေ့ မီးယဇ်ပူဇော်မှု (တရားဟောရာကျမ်း–၃၃း၁၀)။ မောရှေကလည်း ထိုအမှုကို ခွင့်ပြုခဲ့သည့် (ဝတ်ပြုရာကျမ်း ၉း၄–၈)ကို စွဲကိုင်လျှက် ကိုယ်တော်မုဟမ္မဒ်သည် ကိုယ်တော်မူဆာကဲ့သို့ ဖြစ်လျှင် သူတို့အား မီးယဇ်ပူဇော်မှုကို ခွင့်ပြု အားပေးမည်၊ ယခုမူ သူတို့၏ မီးယဇ် ပူဇော်မှုအား အစ္စလာမ်သာသနာက တားမြစ်လိုက်ခြင်းကြောင့် ကိုယ်တော်မုဟမ္မဒ်အား အပြစ်ဆိုကြခြင်းကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ အစ္စလာမ် သာသနာသည် သတ္တဝါများအား သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းကို လုံးဝခွင့်မပြုပေ။ ကုရ်ဘာနီ ပြုလုပ်ခြင်းမှာ ယဇ်ပူဇော်ခြင်း မဟုတ်ပေ (၂၂း၃၇ တွင်ကြည့်ပါ။)

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ အချုပ်အခြာဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ပြဋ္ဌာန်းတော်မူ၏။ |
| ၁၉၀။ | إِنَّ فِي خَلْقِ السَّمَاوَاتِ وَالأَرْضِ وَاخْتِلاَفِ اللَّيْلِ وَالنَّهَارِ لآيَاتٍ لِّأُوْلِي الألْبَابِ۝<br>မိုးများနှင့် မြေကမ္ဘာအား ဖြစ်တည်စေမှု၊ နေ့နှင့်ညကို အလှည့်ကျ ပြောင်းလဲမှု၌ ပညာရှင်တို့ အတွက် နိမိတ်တော်များ ရှိနေ၏။ |
| ၁၉၁။<br>ပါရမီရှင် များသည် | الَّذِينَ يَذْكُرُونَ اللّهَ قِيَامًا وَقُعُودًا وَعَلَىَ جُنُوبِهِمْ وَيَتَفَكَّرُونَ فِي خَلْقِ السَّمَاوَاتِ وَالأَرْضِ رَبَّنَا مَا خَلَقْتَ هَذا بَاطِلاً سُبْحَانَكَ فَقِنَا عَذَابَ النَّارِ۝<br>**သူတို့သည်** ပရမတ်ဘုရားရှင်အား ရပ်လျှက်၊ ထိုင်လျှက် နံချလှည်းလျောင်းလျှက် ရှုမှတ်ကြကုန်၏၊ မိုးများနှင့် မြေကမ္ဘာအား ဖြစ်တည်စေမှု၌ သုံးသပ်ကြလျှက် “အို ကံကြမ္မာရှင် အရှင်သည် ဤအရာအား အကြောင်းမဲ့ ဖြစ်တည်စေသည် မဟုတ်ပေ၊ အရှင်သည် အတုမဲ့ ဖြစ်ပါ၏၊ တပည့်တော်တို့အား အပူဝဋ်ကြွေးမှ ဘေးကင်းစေတော်မူပါ။– |
| ၁၉၂။ | رَبَّنَا إِنَّكَ مَن تُدْخِلِ النَّارَ فَقَدْ أَخْزَيْتَهُ وَمَا لِلظَّالِمِينَ مِنْ أَنصَارٍ۝<br>အို ကံကြမ္မာရှင် အရှင်က အပူမီးထဲသို့ ဝင်စေသောသူသည် အရှင်က ဂုဏ်ပျက်စေသူ ဖြစ်၏၊ အမိုက်ကောင်များ အတွက် ကူညီမည့်သူ မရှိချေ။– |
| ၁၉၃။ | رَّبَّنَا إِنَّنَا سَمِعْنَا مُنَادِيًا يُنَادِي لِلإِيمَانِ أَنْ آمِنُواْ بِرَبِّكُمْ فَآمَنَّا رَبَّنَا فَاغْفِرْ لَنَا ذُنُوبَنَا وَكَفِّرْ عَنَّا سَيِّئَاتِنَا وَتَوَفَّنَا مَعَ الأبْرَارِ۝<br>အို ကံကြမ္မာရှင် တပည့်တော်တို့သည် “သင်တို့၏ ကံကြမ္မာရှင်အား ယုံကြည်ကြလော့၊”ဟု ယုံကြည်မှုဆီသို့ ဖိတ်ခေါ်သော ဖိတ်ခေါ်သူအား ကြားနာလျှက်၊ ယုံကြည်ခဲ့ပါပြီ၊ “အို ကံကြမ္မာရှင် တပည့်တော်တို့၏ မေ့မှားပြစ်များကို လွတ်ငြိမ်းစေတော်မူပါ၊ အကုသိုလ်များကို ဖုံးကွယ်ပေးတော်မူပါ၊ သူတော်စင်များနှင့်အတူ ခန္ဓာဝန်ချခွင့် ပြုတော်မူပါ၊ |
| ၁၉၄။ | رَبَّنَا وَآتِنَا مَا وَعَدتَّنَا عَلَى رُسُلِكَ وَلاَ تُخْزِنَا يَوْمَ الْقِيَامَةِ إِنَّكَ لاَ تُخْلِفُ الْمِيعَادَ۝<br>အို ကံကြမ္မာရှင်–အရှင်၏ ဉာဏ်စဉ်ဆောင်များမှ တဆင့် အာမဘာန္တေ ပြုထားသည်ကို တပည့်တော်တို့အား ပေးတော်မူပါ၊ ရပ်တည်မြဲမြံသောနေ့၌ တပည့်တော်တို့အား ဂုဏ်မပျက်စေပါနှင့်၊ ကေနပ်ပင် အရှင်သည် ပဋိညာဉ်အား ပျက်ကွက်စေခြင်း မရှိချေ၊”ဟူသော– |
| ၁၉၅။ | فَاسْتَجَابَ لَهُمْ رَبُّهُمْ أَنِّي لاَ أُضِيعُ عَمَلَ عَامِلٍ مِّنكُم مِّن ذَكَرٍ أَوْ أُنثَى بَعْضُكُم مِّن بَعْضٍ فَالَّذِينَ هَاجَرُواْ وَأُخْرِجُواْ مِن دِيَارِهِمْ وَأُوذُواْ فِي سَبِيلِي وَقَاتَلُواْ وَقُتِلُواْ لأُكَفِّرَنَّ عَنْهُمْ سَيِّئَاتِهِمْ وَلأُدْخِلَنَّهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ ثَوَابًا مِّن عِندِ اللّهِ وَاللّهُ عِندَهُ حُسْنُ الثَّوَابِ۝<br>သူတို့၏ ရင့်ကျူးမှုကို ကံကြမ္မာရှင်သည် လက်ခံအတည်ပြုတော်မူ၏၊ ငါအရှင်သည် သင်တို့အနက် ကျင့်ကြံသူ၏ ကျင့်ကြံမှုကို အလဟဿ မဖြစ်စေပေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အချင်းချင်း မှီတည်နေ၏၊ သူတို့သည် ပြောင်းရွှေ့ခဲ့ရ၏၊ အိမ်များမှ နှင်ထုတ်ခံရ၏၊ ငါ၏ လမ်းစဉ်တော်၌ ညှင်းပန်းနှိပ်စက်ခံရ၏၊ တော်လှန်ခဲ့ရ၏၊ ကျဆုံးခဲ့ရ၏၊ သူတို့၏ အကုသိုလ်မှုများကို ဖုံးကွယ်ပစ်တော်မူလတ္တံ့၊ အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော သုခဘုံသို့ ဝင်ရောက်စေတော်မူလတ္တံ့၊ ပရမတ်ဘုရားရှင်၏ထံမှ အကျိုးထူးပင် ဖြစ်၏၊ ပရမတ်ဘုရားရှင် အရှင်၏ ထံတော်၌ အကောင်းမွန်ဆုံးသော အကျိုးထူးသည် ရှိနေ၏။ |
| ၁၉၆။ | لاَ يَغُرَّنَّكَ تَقَلُّبُ الَّذِينَ كَفَرُواْ فِي الْبِلاَدِ۝ |

| | |
|---|---|
| | မြို့ပြများ၌ ဖုံးကွယ်သူတို့၏ သွားလာသရုပ်ဆောင်မှုက သင့်အား မဆွဲဆောင်စေနှင့်၊ (ယင်းသည်) |
| ၁၉၇။ | مَتَاعٌ قَلِيلٌ ثُمَّ مَأْوَاهُمْ جَهَنَّمُ وَبِئْسَ الْمِهَادُ۞<br>မပြောစလောက် ခဏတာမျှပင်၊ ထို့နောက် သူတို့၏ ဘုံဌာနမှာ ယုတ်ညံ့လှသော နားခိုရာ ငရဲပြည်ပင် ဖြစ်၏၊ |
| ၁၉၈။ | لَكِنِ الَّذِينَ اتَّقَوْاْ رَبَّهُمْ لَهُمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا نُزُلاً مِّنْ عِندِ اللّهِ وَمَا عِندَ اللّهِ خَيْرٌ لِّلأَبْرَارِ۞<br>သို့ရာတွင် ကံကြမ္မာရှင်၌ စည်းစောင့်သောသူ၊ ထိုသူတို့အတွက် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော သုခဘုံသည် ရှိ၏၊ ထို၌ ကာလမဲ့စံစားစေခြင်းမှာ ပရမတ်ဘုရားရှင်၏ထံမှ ဧည့်ခံခြင်းဖြစ်၍၊ ပရမတ်ဘုရားရှင်၏ ထံ၌ ရှိသည်တို့သည် သူတော်စင်များအတို့ အကောင်းဆုံးပင် ဖြစ်၏။ |
| ၁၉၉။ | وَإِنَّ مِنْ أَهْلِ الْكِتَابِ لَمَن يُؤْمِنُ بِاللّهِ وَمَا أُنزِلَ إِلَيْكُمْ وَمَآ أُنزِلَ إِلَيْهِمْ خَاشِعِينَ لِلّهِ لاَ يَشْتَرُونَ بِآيَاتِ اللّهِ ثَمَنًا قَلِيلاً أُوْلَئِكَ لَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ إِنَّ اللّهَ سَرِيعُ الْحِسَابِ۞<br>ကေန်ပင် ကျမ်းစာဝိုင်းများ၌ ပရမတ်ဘုရားရှင်အား လည်းကောင်း၊ သင်တို့ထံ၌ ချမှတ်ပေးရာ၊ သူတို့ထံ၌ ချမှတ်ပေးရာများကို ယုံကြည်ကြလျက် ပရမတ်ဘုရားရှင်အား ကြောက်ရွံ့ရိုကျိုးကြ၍၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို မဖြစ်စလောက်ဖြင့် ရောင်းချခြင်းလည်း မရှိ– သူတို့အတွက် ဆုလဒ်မှာ သူတို့၏ ကံကြမ္မာရှင် ထံ၌ ရှိ၍၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ချက်ချင်းလက်ငင်း စာရင်းရှင်းတော်မူသော အရှင် ဖြစ်၏၊ |
| ၂၀၀။ | يَا أَيُّهَا الَّذِينَ آمَنُواْ اصْبِرُواْ وَصَابِرُواْ وَرَابِطُواْ وَاتَّقُواْ اللّهَ لَعَلَّكُمْ تُفْلِحُونَ۞<br>အို ယုံကြည်သူတို့ သည်းခံကြလော့၊ ခံနိုင်ရည်ရှိကြလော့၊ သတိရှိကြလော့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့ သို့မှသာ အောင်မြင်ပေါက်မြောက် နိုင်ရာ၏။ |